# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက် | ၂၀၁၇ ခုနှစ်၊ မတ် ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ်(၁၅၉)


**ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်**

စိတ်သည် လျင်မြန်၏။ အလိုရှိရာ အာရုံတို့၌ ကျလေ့ရှိ၏။ ထိုစိတ်ကို နှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့ သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်၏။

**စိတ္တဝဂ်(ဓမ္မပဒ - ၃၅)**

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မလေးရှားနိုင်ငံနှင့် လာအိုဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးများအဖြစ် သွားရောက်တာဝန်ထမ်းဆောင်မည့်ပုဂ္ဂိုလ်များမှ ဩဝါဒလမ်းညွှန်မှုခံယူ

**နေပြည်တော် မတ် ၇**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ မလေးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ပြီးဖြစ်သော ဦးစိန်ဦးနှင့် လာအိုဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ပြီးဖြစ်သော ဦးကိုကိုနိုင်တို့သည် ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ သမ္မတရုံးခန်း၌ လာရောက်တွေ့ဆုံပြီး နိုင်ငံတော်သမ္မတ၏ ဩဝါဒနှင့် လမ်းညွှန်မှုခံယူခဲ့ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ သံအမတ်ကြီးဦးစိန်ဦးနှင့် ဦးကိုကိုနိုင်တို့ ဩဝါဒနှင့် လမ်းညွှန်မှုခံယူစဉ်**
(သတင်းစဉ်)



## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အီရန်အစ္စလာမ့်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

သတင်း၊ စာမျက်နှာ ➢ ၃

## မြန်မာနိုင်ငံဆေးပညာဖွံ့ဖြိုးဖို့ အားလုံးပူးပေါင်းပြီး Team ပုံစံနဲ့ အလုပ်လုပ်ကြဖို့ အချင်းချင်းတိုင်ပင်ကြ၊ ပညာချင်းဖလှယ်ကြ၊ အဲဒီလိုလုပ်ဖို့က အရေးကြီးပါတယ်

နှလုံးသွေးကြောခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခအောင်ရဲဦး

စာမျက်နှာ ➢ ၅

## ပြောင်းလဲမှုများနှင့် ဝန်ဆောင်မှုပေးနေသော ပြည်သူ့သတင်းစာများ

စာမျက်နှာ ➢ ၈-၉






# ပြည်သူ့အတွက်တစ်နှစ်တာ နိုင်ငံပိုင်သတင်းစာ

ကမ္ဘာအရပ်ရပ်တွင် နေ့စဉ်နှင့်အမျှသတင်းစာအမျိုးအမည် ထောင်ပေါင်းများစွာ၊ သတင်းစာစောင်ရေ သန်းပေါင်းများစွာ ထုတ်ဝေဖြန့်ချိလျက်ရှိကြရာတွင် အဓိကရည်ရွယ်သည့် အကျိုးစီးပွားမှာ နှစ်ရပ်သာလျှင်ရှိသည်။ ယင်းနှစ်ရပ်မှာ စီးပွားရေးအကျိုးစီးပွားနှင့် နိုင်ငံရေးအကျိုးစီးပွားတို့ ဖြစ်သည်ဟုဆိုကြသည်။

သတင်းစာ(သို့မဟုတ်)သတင်းမီဒီယာတစ်ခုတွင် ပါရှိသည့် သတင်း၊ မှတ်ချက်၊ ဝေဖန်သုံးသပ်ချက်၊ အာဘော်အစရှိသည့် ဖော်ပြချက်များသည်လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းတို့၏ အတွေးအခေါ်၊ အလေးထားမှုများ ၊စံပြုမှုများ၊အပြုအမူများ၏အပေါ်တွင် အကျိုးသက်ရောက်မှုရှိသည်။သတင်းစာ၏ အရှိန်အဝါ ဩဇာကြီးမားသည်နှင့်အမျှ အဆိုပါအကျိုးသက်ရောက်မှုကလည်း ပို၍ ကြီးမားသည်။

သတင်းမီဒီယာလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသူများမှာ မည်သည့်အကျိုးစီးပွားကိုရည်ရွယ်သည်ဖြစ်စေ၊ ပြည်သူ့ဝန်ဆောင်မှု ကျယ်ကျယ်ပြန့်ပြန့်ရှိရေး၊ ဟန်ချက်ညီရေး၊ဘက်မလိုက်ဘဲ မျှတမှုရှိရေး၊ ကျင့်ဝတ်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရေးတို့ကိုမူ အလေးအနက်နှလုံးသွင်းကြရသည်။

မိမိတို့နိုင်ငံတွင် ၁၉၈၈ ခုနှစ်မတိုင်မီက တစ်ပါတီခေတ်စနစ်အောက်တွင် နိုင်ငံပိုင်သတင်းစာ ခြောက်စောင်ရှိခဲ့ပြီး ၁၉၈၈ ခုနှစ်လွန်ကာလများအတွင်း နိုင်ငံပိုင်သတင်းစာသုံးစောင် ဆက်လက်ထုတ်ဝေခဲ့သည်။ လက်ရှိအခြေအနေတွင် မြန်မာဘာသာဖြင့် ထုတ်ဝေနေသော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့ကို နိုင်ငံပိုင်အဖြစ်နှင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေနေသော **The Global New light of Myanmar** သတင်းစာကို အကျိုးတူပူးပေါင်းမှု **(Joint Venture)** စနစ်ဖြင့်လည်းကောင်း ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပြည်သူ့အကျိုးစီးပွားကို ဦးတည်ကာ တစ်ဖက်တွင်လည်း နိုင်ငံ့တာဝန်များကိုပါ ထမ်းဆောင်လျက်ရှိကြခြင်းဖြစ်သည်။

လက်ရှိနိုင်ငံတော် အစိုးရသစ်လက်ထက် ပထမရက် ၁၀၀ ကာလအတွင်း သတင်းစာများ၏ အပြောင်းအလဲများကို ထင်သာမြင်သာရှိသော ပြောင်းလဲမှုများအဖြစ် သတင်းစာအမည်၊ လိုဂိုဒီဇိုင်းများကို မူလဒီဇိုင်းများပေါ်အခြေခံကာ အဆင့်ဆင့်ပြောင်းလဲခြင်း၊ သတင်းစာတွင် ဖော်ပြပါရှိမှု **(contents)** အပိုင်းအနေဖြင့် ယခင်နှင့် လုံးဝကွဲပြားခြားနားကာ ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာအောင် ဆောင်ရွက်ခြင်း၊ သတင်းရေးသားမှုပုံစံများကိုလည်း ပုံစံဟောင်းမှခွဲထွက်ကာ တင်ဆက်လာခြင်းအားဖြင့် သတင်းစာဖတ်ပရိသတ်များ၏အားပေးမှုကို ပိုမို၍ ခံယူရရှိခဲ့သည်။

တစ်နှစ်တာကာလအတွင်း စာဖတ်ပရိသတ်တို့ မြင်တွေ့နိုင်ခြင်းမရှိသည့် ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆောင်ရွက်ခဲ့ရပြီး ရည်ရွယ်ချက်အားဖြင့် ပြည်သူ့အကျိုးသယ်ပိုးရာတွင် ပိုမိုစွမ်းဆောင်နိုင်ရန်ဖြစ်သည်။ သတင်းစာတိုက်များ၏ သတင်းခန်းများ ပြင်ဆင်ဖွဲ့စည်းမှု၊ သတင်းထောက်များ၊ စာတည်းများ၏ စွမ်းဆောင်ရည်များ မြှင့်တင်နိုင်ရန် သင်တန်းများဖွင့်လှစ်ပို့ချမှုတို့ကို ပြုလုပ်ခဲ့ရခြင်းဖြစ်သည်။ ပြည်သူများအတွင်းမှ ကွဲပြားခြားနားသော သဘောထားများကိုလည်း ထင်ဟပ်နိုင်စေရန်အတွက် “ပြည်သူ့သဘောထားစင်မြင့်”ဟူသော အခန်းကဏ္ဍတစ်ရပ်ကိုဖွင့်လှစ်ကာ အမြင်မတူသော ရှုထောင့်များမှ ဝေဖန်သုံးသပ်မှုများကို ဖော်ပြပေးခဲ့သည့်အပြင် လူငယ်စာရေးသူများကို မြေတောင်မြှောက်ပေးသည့် ကလောင်သွေးရာ “မျိုးဆက်သစ်ရင်ပြင်”ကဏ္ဍ၊ ကလေးငယ်များကို သတင်းစာများနှင့် ဆက်စပ်ပေးနိုင်ရန်အတွက် “ဆန်းဒေးကာတွန်း” စသည့်ကဏ္ဍများလည်း သတင်းစာမျက်နှာများပေါ်တွင် ပေါ်ထွက်လာခဲ့သည်။

နိုင်ငံပိုင်သတင်းစာများအနေနှင့် နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများဖြစ်သည့်အလျောက် နိုင်ငံတော်ကသတ်မှတ်ပေးသည့် လျာထားချက်များနှင့်အညီ ထိုက်သင့်သည့် အမြတ်ငွေများရရှိအောင် ကြိုးပမ်းရှာဖွေကြရပြီး ကုန်သွယ်ခွန်၊ အမြတ်ငွေ၏ ၂၅ ရာခိုင်နှုန်းကို ဝင်ငွေခွန်၊ ၂၀ ရာခိုင်နှုန်းကို နိုင်ငံတော်ထည့်ဝင်ငွေ စသည်ဖြင့် ပေးဆောင်ကြရသည်။ ထို့အပြင် နှစ်စဉ်အမြတ်ငွေမှ ၅၅ ရာခိုင်နှုန်းကိုလည်း လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် စုဆောင်းရသည်။ လက်ရှိအခြေအနေတွင် လုပ်ငန်းသုံးရင်းနှီးငွေပမာဏ အထိုက်အလျောက်ရှိလာပြီဖြစ်ရာ ပြည်ထောင်စုရန်ပုံငွေစာရင်းခေါင်းစဉ်မှ သုံးစွဲခြင်းမပြုတော့ဘဲ လုပ်ငန်းသုံးရင်းနှီးငွေမှသာ သုံးစွဲသည့်အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်သည်။ သတင်းစာလုပ်ငန်း၏ ကုန်ကြမ်းဝယ်ယူမှု၊ စွမ်းအင်သုံးစွဲမှု၊ စက်သုံးဆီ၊ သယ်ယူပို့ဆောင်မှု စသည်တို့တွင်လည်း အများနည်းတူ ငွေကြေးတန်ဖိုး ပေးချေသုံးစွဲနေရခြင်းသာဖြစ်ပြီး အခွင့်ထူးခံ အခွင့်အရေးရယူမှု တစ်စုံတစ်ရာမရှိဘဲ နိုင်ငံတော်နှင့် ပြည်သူကြားက ပေါင်းကူးတံတားတစ်စင်းအဖြစ် ထမ်းဆောင်နေခြင်း ဖြစ်ပါသည်ဟု တင်ပြအပ်ပါကြောင်း။ ။




## ရေဝတီတိုင်းဒေသကြီး၌ တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာန ၂၂၂ ခုဖြင့် ကျင်းပမည်

**ရေဝတီ မတ် ၇**

မတ် ၈ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ရေဝတီတိုင်းဒေသကြီး တစ်တိုင်းလုံးတွင် စာစစ်ဌာန ၂၂၂ ခုဖြင့် ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၅၅၇ ဦး ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်းနှင့် စာမေးပွဲဖြေဆိုရာတွင် လုံခြုံမှုရှိစေရေး၊ အေးချမ်းစွာကျင်းပနိုင်ရေးတို့ကို စီမံချက်များ ရေးဆွဲဆောင်ရွက်ထားရှိပြီး စာမေးပွဲစည်းကမ်းများနှင့်အညီ မသမာမှုများ ကင်းရှင်းစွာကြီးကြပ်စစ်ဆေးနိုင်ရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။ **တင်လှိုင်(ဟိုတယ်/ခရီး)**

## ကျောက်တံခါးမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များရှင်းလင်း

**ကျောက်တံခါး မတ် ၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သင်တန်းတက်ရောက်နေသော ပညာရေးဌာနမှ တာဝန်ယူထားသည့် ဆရာ ဆရာမများအား မဲရုံမှူး၊ ဒုမဲရုံမှူးအတွက် မဲရုံဆိုင်ရာလုပ်ငန်းစဉ်သင်တန်းပို့ချရာသို့ မတ် ၇ ရက် နံနက် ၁၁ နာရီက ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝင်းမောင်က ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းပြောကြားခဲ့သည်။ **ခင်ကို(ကျောက်တံခါး)**



## ရန်ကုန်ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၇**

သွေးလိုအပ်နေသည့် လူနာများအား ဇီဝိတဒါန အသက်ကယ်နိုင်ရန်ရည်မှန်း၍ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ၏ နှစ်သစ်အကြို စုပေါင်းသွေးလှူဒါန်းပွဲကို ဧပြီ ၈ ရက် နံနက်ပိုင်းတွင် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ (၁၇)ကြိမ်မြောက် နှစ်သစ်အကြို စုပေါင်းသွေးလှူဒါန်းပွဲကို ဧပြီလ ၈ ရက် (စနေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)ရှိ အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့်အဖွဲ့က လက်ခံယူကြမည်ဖြစ်ပြီး ပါဝင်လှူဒါန်းလိုသူများသည် အဆိုပါဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန၊ သီလရှင်များ ပြင်ပလူနာဌာန၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန၊ ဆေးရုံအုပ်ကြီးရုံးနှင့် လူမှုဆက်ဆံရေးဌာနစု အသီးသီးတို့တွင် လူကိုယ်တိုင်လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း၊ တယ်လီဖုန်းဖြင့် ဆက်သွယ်စာရင်းပေးသွင်းလိုက သံဃာတော်များ ပြင်ပလူနာဌာန ဖုန်း-၅၅၂၉၇၅၊ သီလရှင်များ ပြင်ပလူနာဌာန ဖုန်း-၅၄၂၇၀၆၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန ဖုန်း-၅၅၂၅၄၂ ၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း-၅၅၈၄၃၄၊ လူမှုဆက်ဆံရေးဌာနစု ဖုန်း-၅၄၁၇၉၅ တို့သို့ ဧပြီလ ၇ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၇-၃-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၂၀/၇၂၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၃၀/၇၃၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၆၀/၇၇၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၄၀/၇၄၅ ကျပ် | (လက်ကားဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၇ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၁ ・ ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၂ ・ ၄၅ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၇၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၃၂ |
| တရုတ် | တစ်ယွမ် | ၁၉၆ ・ ၇၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄ ・ ၆၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဇန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ္မစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Mohsen Mohammadi အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ အီရန် အစ္စလာမ္မစ် သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

# မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၇**

မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အဓိကကျသည့် အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများ ပိုမိုထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် ရွေးကောက်ပွဲကော်မရှင်နှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးပါကြောင်း၊ ဖေဖော်ဝါရီလအတွင်း မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ်က မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းများ သွားရောက်ကြည့်ရှုရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် အရပ်ဘက်အဖွဲ့အစည်းများကို ကျေးဇူးတင်ရှိပါကြောင်း၊

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အရပ်ဘက်အဖွဲ့အစည်းများအကြား မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ပြောကြားသည်။




ဆက်လက်၍ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်အသီးသီးတွင် မဲဆန္ဒရှင်အသိပညာပေးလက်ကမ်းစာစောင် စုစုပေါင်း ၄၄၅၀၀၀ နှင့် နံရံကပ်စာစောင် စုစုပေါင်း ၆၉၅၀၀ တို့အား မဲဆန္ဒရှင်ပြည်သူများအကြား ပျံ့နှံ့ရောက်ရှိစေရန် ဖြန့်ဝေသွားမည်ဖြစ်ကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များအနေဖြင့် တက်ကြွစွာ ပါဝင်မဲပေးနိုင်ရေးနှင့် ထိုသို့မဲပေးခြင်းသည် နိုင်ငံသားတို့၏ တာဝန်နှင့်ရပိုင်ခွင့်ဖြစ်ကြောင်း သိရှိလာစေရန် စာတိုပို့စနစ် (SMS ပေးပို့ခြင်း)ကို အသုံးပြုခြင်း၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် အရှိန်မြှင့်တင်လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊

ရွေးကောက်ပွဲတွင် အားလုံးပါဝင်နိုင်ရေးသည် အထူးပင်အရေးကြီး၍ အရပ်ဘက်အဖွဲ့အစည်းများ အနေဖြင့် မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများ၊ လူနည်းစုတိုင်းရင်းသားများ၊ မသန်စွမ်း မဲဆန္ဒရှင်များနှင့် အသက် ၁၈ နှစ် ပြည့်ပြီးသည့် လူငယ်များအားလုံး ပါဝင်နိုင်ရေး အလေးထားနိုးဆော်တိုက်တွန်းပေးစေလိုကြောင်း၊ အထူးသဖြင့် လာမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ပထမဆုံးအကြိမ်မဲပေးမည့် အသက် ၁၈ နှစ် ပြည့်ပြီးသည့် မဲဆန္ဒရှင်လူငယ်များ မဲပေးနိုင်ရေးအတွက် အားပေးလှုံ့ဆော်ပေးစေလိုကြောင်း၊ မတ်လ ၁၇ ရက်နေ့ မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာရာတွင်လည်း ထိုလူငယ်များ၏ အမည်စာရင်းများ မဲဆန္ဒရှင်စာရင်းတွင် ပါ/မပါ သွားရောက် ကြည့်ရှုနိုင်စေရန်နှင့် အမည်စာရင်း မပါဝင်ပါကလည်း တောင်းဆိုလွှာများဖြင့် ဖြည့်စွက်တောင်းဆိုနိုင်ကြောင်းကို တိုက်တွန်းနိုးဆော်ပေးစေလိုကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲများသည် သက်ဆိုင်ရာ မဲဆန္ဒနယ်များအတွင်း လစ်လပ်နေသော ကိုယ်စားလှယ်နေရာများကို ရွေးချယ်နိုင်ရန်အတွက်သာ ကျင်းပခြင်းဖြစ်၍ မဲဆန္ဒရှင်များအနေဖြင့် စိတ်ဝင်စားမှုနည်းပါးလေ့ရှိသော်လည်း မဲဆန္ဒရှင်များ ပိုမိုပါဝင်လာနိုင်ရန် အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကော်မရှင်ဥက္ကဋ္ဌမှ ဆက်လက်ပြောကြားခဲ့သည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အတွေ့အကြုံများနှင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများက ရွေးကောက်ပွဲနေ့ မဲပေးခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ခိုင်လုံမဲ၊ ပယ်မဲ သတ်မှတ်ချက်များအား လည်းကောင်း၊ အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက မဲဆန္ဒရှင်အသိပညာပေး ပိုစတာများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းအစီအစဉ်၊ မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများတွင် တိုင်းရင်းသားဘာသာစကားများဖြင့် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ မဲဆန္ဒရှင်များအား အသိပညာပေးနိုင်မည့် နည်းလမ်းများ၊ ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသမီးများပါဝင်မှုအခန်းကဏ္ဍ၊ မသန်စွမ်း မဲဆန္ဒရှင်များအတွက် ပြင်ဆင်ထားရှိမှုနှင့် တိုးတက်မှုအခြေအနေတို့အား ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**(သတင်းစဉ်)**

# ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပြင်ဆင်သုံးသပ်နိုင်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၇**

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပြင်ဆင်သုံးသပ်နိုင်ရေးနှင့် နည်းဥပဒေ ရေးဆွဲနိုင်ရေးအတွက် "ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီ" တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) အမြန်ဆုံး ထွက်ရှိလာရေးအတွက် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဆိုင်ရာဥပဒေအား ပြင်ဆင်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ် လွှင့်သူများအသင်းတို့မှ တာဝန်ရှိသူများက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဆိုင်ရာဥပဒေနှင့်ပတ်သက်၍ ပြင်ဆင်၊ ဖြည့်စွက်၊ အစားထိုးသင့်သည့် စကားရပ်၊ အသုံးနှုန်းများကို ဆွေးနွေးညှိနှိုင်းသုံးသပ်ကာ အတည်ပြုခဲ့ကြပြီး ယင်းဥပဒေ(မူကြမ်း) ပြင်ဆင်ဖြည့်စွက်ချက်များကို အချောသပ်ပြုစု၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



# ဆလိုဗက်သမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးမျိုးအေး ၎င်း၏ ခန့်အပ်လွှာ ပေးအပ်

**နေပြည်တော် မတ် ၈**

ဆလိုဗက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးအေးသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ဘရာတစ်ဆလာဗာမြို့၌ ဆလိုဗက်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အန်းဒရစ် ကစ္စကာ ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တက္ကသိုလ်ဝင်စာမေးပွဲတွင် မုဒုံမြို့နယ်မှ ကျောင်းသား ကျောင်းသူ ၂၄၂၇ ဦး ဖြေဆိုရန် စာရင်းသွင်းထား

**မုဒုံ မတ် ၇**

မတ် ၈ ရက်မှ စတင်ဖြေဆိုကြမည့် တက္ကသိုလ်ဝင် စာမေးပွဲတွင် မွန်ပြည်နယ် မုဒုံမြို့နယ် စာစစ်ဌာနလေးခုတို့၌ ကျောင်းသား ကျောင်းသူ ၂၄၂၇ ဦး ဖြေဆိုရန် စာရင်းပေးသွင်းထားကြောင်း သိရသည်။

**ကိုချစ်(မုဒုံ)**

# သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဥ္စမအစည်းအဝေး ဒုတိယနေ့ကျင်းပ

**ရန်ကုန် မတ် ၇**

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဥ္စမ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန် တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်း မြေရှိ ဆင္ဃသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသာဘိဝံသ က သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော် ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရဘဒ္ဒန္တ အဂ္ဂဓမ္မ က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များက တင်ပြလာသော အကြံဉာဏ်များကို တွဲဖက် အကျိုးတော်ဆောင် ဆရာတော်များဖြစ်ကြသည့် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဂုဏိကာဘိဝံသနှင့် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မာစာရတို့က ရှင်းလင်းပြန်ကြား လျှောက်ထားသည်။

မွန်းလွဲပိုင်းအစီအစဉ်တွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော ကဏ္ဍ အလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များက ဝေဖန်ဆွေးနွေးတော် မူကြပြီး ဒုတိယနေ့အစည်းအဝေး ရပ်နားလိုက်သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများအား မိခင်ကြီး ဒေါ်တင်ဝင်းရီအား အမှူးထား ၍ ဗိုလ်မှူးကြီး သိန်းဌေး(ငြိမ်း)-ဒေါက်တာ ဒေါ်မြသီတာ (သီဟ သုဓမ္မသင်္ဂီ)သမီး အမရာနှင့် အိန္ဒြေမဒီဆွေတင်၊ သား လင်းမောင် မောင်နှင့် လင်းညီညီဆွေတင် မိသားစု S I ကုမ္ပဏီက တစ်နေ့ တာ ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗီယက်နမ်တပ်မတော်သုံး လေယာဉ်၊ ရဟတ်ယာဉ်များအား ကြည့်ရှုလေ့လာ

**နေပြည်တော် မတ် ၇**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အား ဗီယက်နမ် လေကြောင်းရန် ကာကွယ်ရေးနှင့် လေတပ်ဦးစီးချုပ်မှ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် ဗီယက်နမ်လေကြောင်းရန်ကာကွယ်ရေးနှင့် လေတပ်ဌာနချုပ်သို့ရောက်ရှိ ကြရာ လေကြောင်းရန်ကာကွယ်ရေးနှင့် လေတပ်ဦးစီးချုပ် Lt. Gen. Le Huy Vinh နှင့် အရာရှိကြီးများက ကြိုဆိုကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗီယက်နမ်လေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဗီယက်နမ်လေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ် (သတင်းစဉ်)

ဆက်လက်၍ လေတပ်ဌာနချုပ် ဧည့်ခန်းမတွင် တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်နှင့် ဗီယက်နမ်လေကြောင်းရန်ကာကွယ်ရေးနှင့် လေတပ်ဦးစီးချုပ်တို့ တွေ့ဆုံ ဆွေးနွေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Airdefence and Airforce Museum သို့ရောက်ရှိကြပြီး ပြတိုက်အတွင်း ခင်းကျင်းပြသ ထားသည့် ဗီယက်နမ်တပ်မတော်သုံး လေယာဉ်၊ ရဟတ်ယာဉ်များ၊ လေကြောင်းရန် ကာကွယ်ရေးလက်နက်များအား ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗီယက်နမ် စစ်ဘက်ဆိုင်ရာ ဆေးတက္ကသိုလ်သို့ရောက်ရှိကြရာ ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး နှင့် တာဝန်ရှိသူများက ဗီယက်နမ်စစ်ဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ဖြစ်ပေါ်လာသည့် သမိုင်းကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်း၍ မြန်မာ့တပ်မတော်မှ ပညာတော်သင်များ စေလွှတ်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေး တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့်အတူ Vietnam National Institute of Burn သို့ သွားရောက်လေ့လာကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် Viettel သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ သွားရောက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် အစည်းအဝေးခန်းမ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ ဝင်များအား Viettel Group ဒုတိယဥက္ကဋ္ဌနှင့် ဥက္ကဋ္ဌတို့က ကုမ္ပဏီ၏ လုပ်ငန်းဆောင် ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား Viettel Group ဌာနချုပ်တွင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

# လူမှုကွန်ရက်စာမျက်နှာများတွင် ဝေဖန်ရေးသားနေသော အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာလေ့လာရေးအဖွဲ့မှ ရေးသားထားသည့် ပြည်သူ့နီတိစာအုပ်များသည် အစိုးရအဖွဲ့အစည်းများနှင့် လုံးဝသက်ဆိုင်မှုမရှိ

**နေပြည်တော် မတ် ၇**

လူမှုကွန်ရက် စာမျက်နှာများတွင် ဝေဖန်ရေးသားနေသော ပြည်သူ့နီတိစာအုပ်နှင့် ပတ်သက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လက်ခံနိုင်ဖွယ်မရှိကြောင်း သဘောထားထုတ်ပြန်မှုအပေါ် ယင်းစာအုပ်များသည် အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီက အတည်ပြုထားသော ပြဋ္ဌာန်းစာအုပ်များမဟုတ်ကြောင်း ပညာရေး ဝန်ကြီးဌာနက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ရှင်းလင်းထားသည်။

အဆိုပါ ပြည်သူ့နီတိစာအုပ်များနှင့် ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာများ တွင် ဝေဖန်ရေးသားနေမှုများအပေါ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လက်ခံနိုင်ဖွယ်မရှိကြောင်းနှင့် အမျိုးသားအကျိုးစီးပွားအတွက် လိုအပ်သလို တုံ့ပြန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သဘောထားထုတ်ပြန်ချက်ကို မတ် ၇ ရက်ထုတ် ပြည်ထောင်စုနေ့စဉ်သတင်းစာတွင် ဖော်ပြထားကြောင်း တွေ့ရှိရသည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနက မတ်လ ၇ ရက်နေ့ နေ့စွဲဖြင့် သတင်းထုတ်ပြန်ခဲ့ရာတွင် ကွဲပြားခြားနားမှုနှင့် အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့မှ ရေးသားထားသည့် ပြည်သူ့နီတိစာအုပ်များသည် အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီက အတည်ပြုထားသော ပြဋ္ဌာန်းစာအုပ်များ မဟုတ် ကြောင်း ရှင်းလင်းဖော်ပြထားသည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကျောင်းများအတွက် စာရိတ္တ နှင့် ပြည်သူ့နီတိပြဋ္ဌာန်းစာအုပ်များကို အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်၊ ဘာသာရပ်သင်ရိုးညွှန်းတမ်း အညွှန်းဘောင်တို့နှင့်အညီ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်းကော်မတီက ရေးသားပြုစု၍ အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီသို့ အမျိုးသားပညာရေး မူဝါဒကော်မရှင်မှတစ်ဆင့်တင်ပြပြီး ထိုကော်မတီ ၏ ပြင်ဆင်တည်းဖြတ် အတည်ပြုသော ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကိုသာ အသုံးပြုကြောင်း အသိပေးကြေညာထားရှိသည်။

ယင်းဝေဖန်ပြောဆိုမှုများနှင့်ပတ်သက်ပြီး ကွဲပြားခြားနားမှုနှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (Center for Diversity and National Harmony –CDNH)ကလည်း ၎င်းတို့ထုတ်ဝေထားသည့် ပြည်သူ့နီတိ စာအုပ်များသည် အစိုးရအဖွဲ့အစည်းများနှင့် လုံးဝသက်ဆိုင်မှုမရှိကြောင်း၊ သတင်း ထုတ်ပြန်ချက်တစ်စောင်ကို မတ်လ ၅ ရက်နေ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ယင်းထုတ်ပြန်ချက်တွင် CDNH မှ ပြည်သူ့နီတိစာအုပ်များကို မူလတန်းမှ အထက်တန်းအထိ (သူငယ်တန်းမှ ဒသမတန်းအထိ) ကျောင်းသားကိုင် ၁၁ အုပ်၊ သူငယ်တန်းဆရာလမ်းညွှန် ၁ အုပ်၊ မူလတန်းဆရာလမ်းညွှန် ၁ အုပ်၊ မူလတန်းဆရာ လက်စွဲ ၁ အုပ်၊ အလယ်တန်းဆရာလမ်းညွှန် ၁ အုပ်၊ အထက်တန်းဆရာလမ်းညွှန် ၁ အုပ်နှင့် ပြည်သူ့နီတိဘာသာရပ်သင်ကြားမှုကို လေ့လာသုံးသပ်ခြင်း စာအုပ် ၁ အုပ် စုစုပေါင်း ၁၇ အုပ်တို့ကို ထုတ်ဝေထားကြောင်း။

CDNH အနေဖြင့် မိမိတို့ထုတ်ဝေခဲ့သည့် ပြည်သူ့နီတိစာအုပ်များကို သက်ဆိုင် ရာ ပညာရေးဝန်ကြီးဌာနနှင့် ပညာရှင်များအား ပြည်သူ့နီတိသင်ကြားရေးတွင် ကိုးကားနိုင်သည့် စာအုပ်များအဖြစ်ဖြင့် လိုအပ်သလို အသုံးပြုနိုင်စေရန် တင်ပြဝေငှ ခဲ့ကြောင်း၊ CDNH မှ ထုတ်ဝေသော ပြည်သူ့နီတိစာအုပ်များကို မဖြစ်မနေအသုံးပြု ရန် မည်သည့်ကျောင်း (သို့မဟုတ်)အဖွဲ့အစည်းကိုမျှ တိုက်တွန်းခြင်း မရှိခဲ့ကြောင်း။

ပြည်သူ့နီတိသင်ကြားရေးနှင့်ပတ်သက်၍ သင်တန်းရယူလိုသော အဖွဲ့အစည်း များကိုသာ သင်ကြားရေးနှင့်ပတ်သက်သည့် သင်တန်းများကိုပေးခဲ့ကြောင်း၊ ထိုသို့ သင်တန်းများပေးရာတွင် သင်တန်းတက်ရောက်လာကြသူများအား မိမိတို့ဒေသရှိ လူငယ်များသို့ ပြန်လည်သင်ကြားသည့်အခါ မိမိတို့ဒေသနှင့်သင့်လျော်မည့် အပိုင်း များကိုသာ သင်ကြားပို့ချပြီး မသင့်လျော်သည့် အပိုင်းများကို ချန်လှပ်ထားနိုင် ကြောင်း၊ စာအုပ်များတွင် ပါရှိသည့်အကြောင်းအရာများအတိုင်းသာ သင်ကြား ရမည် မဟုတ်ဘဲ မိမိတို့ဒေသနှင့်ကိုက်ညီမည့် ပုံဝတ္ထုများ၊ အကြောင်းအရာများ ရှိပါကလည်း အစားထိုးသင်ကြားပေးနိုင်ကြောင်းကို ရှင်းလင်းထုတ်ပြန်ထား သည်။

ထို့ပြင် CDNH အဖွဲ့သည် ဘာသာရေးခေါင်းဆောင်များနှင့် ဖွဲ့စည်းထား သည့် အဖွဲ့အစည်းတစ်ခုမဟုတ်ဘဲ လူမှုရေးသိပ္ပံ၊ သမိုင်းနှင့် ဥပဒေပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် ပြည်တွင်း NGO တစ်ခုဖြစ်ကြောင်း၊ မည်သည့်ဘာသာရေး ခေါင်းဆောင်တစ်ဦးတစ်ယောက်မျှ အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းမရှိကြောင်း၊ CDNH သည် တိုင်းပြည်အတွင်း နိုင်ငံရေးပြောင်းလဲမှုနှင့် သဟဇာတဖြစ်မှု အခြေအနေများ၊ ပဋိပက္ခကာကွယ် တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ သုတေသနများ ပြုလုပ်ခြင်းနှင့် သင်တန်းများပေးခြင်း လုပ်ငန်းများကို အဓိကထားလုပ်ဆောင်နေ သော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းဖော်ပြထားသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံဆေးပညာဖွံ့ဖြိုးဖို့ အားလုံးပူးပေါင်းပြီး Team ပုံစံနဲ့ အလုပ်လုပ်ကြဖို့ အချင်းချင်းတိုင်ပင်ကြ၊ ပညာချင်းဖလှယ်ကြ၊ အဲဒီလိုလုပ်ဖို့က အရေးကြီးပါတယ်

## နှလုံးသွေးကြောခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခအောင်ရဲဦး

**တွေ့ဆုံမေးမြန်း-မျိုးမြင့်၊ မင်းသစ်(သတင်းစဉ်)၊ ဓာတ်ပုံ-နေလင်း**

တစ်ချိန်က နှလုံးရောဂါဝေဒနာရှင်များအနေဖြင့် ပြည်ပနိုင်ငံများအထိ သွားရောက်ပြီး ခွဲစိတ်ကုသမှုခံယူခဲ့ရာမှ ယခုအခါ ပြည်တွင်းမှာပင် ခွဲစိတ်ကုသမှုခံယူနိုင်ပြီဖြစ်သည်။ ရန်ကုန်မြို့ ရန်ကင်းကလေးဆေးရုံကြီးတွင် နှလုံးခွဲစိတ်ကုသမှုခံယူမည့် လူနာများကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစတင်ပြီး ခွဲစိတ်မှုများဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိ လူနာပေါင်း ၁၈၀၀ ခန့်ကို အောင်မြင်စွာခွဲစိတ်ကုသမှုပေးနိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ နှလုံးခွဲစိတ်ကုသမှုများအနက် မတ် ၅ ရက်က ရန်ကင်းကလေးဆေးရုံကြီး၌ မွေးရာပါနှလုံးအဆို့ရှင်မလုံခြင်းနှင့်ဆိုင်သော သွေးကြောမကြီး ကြီးနေသည့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းအား အင်္ဂလန်နိုင်ငံတွင်ရောက်ရှိနေသည့် နှလုံးသွေးကြောခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခအောင်ရဲဦးနှင့် မြန်မာနိုင်ငံမှ ပါမောက္ခဆရာဝန်ကြီးများ ပါဝင်သည့်အဖွဲ့က အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ခြင်းဖြင့် နှလုံးခွဲစိတ်ကုသခြင်းသမိုင်းမှတ်တိုင်တစ်ခုကို အောင်မြင်စွာ စိုက်ထူနိုင်ခဲ့ကြသည်။

ထိုကဲ့သို့ အောင်မြင်စွာခွဲစိတ်ကုသနိုင်ရန် စီမံဆောင်ရွက်ပေးခဲ့သည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် နှလုံးသွေးကြောခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခအောင်ရဲဦးတို့အား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး**

**မေး။ ။ မြန်မာဆရာဝန်တွေ စုပေါင်းပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းရဲ့ နှလုံးခွဲစိတ်မှုကို အောင်မြင်စွာ ခွဲစိတ်နိုင်တဲ့အပေါ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဘယ်လို ပံ့ပိုးကူညီပေးခဲ့သလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ ကျွန်တော့်အနေနဲ့ ခွဲစိတ်ပေးတဲ့ နှလုံးခွဲစိတ်ဆရာဝန်ကြီးများကို ဂုဏ်လည်းယူပါတယ်။ သူတို့ကို ဂုဏ်လည်းပြုပါတယ်။ ဒီလို အောင်မြင်မှုအတွက်ကို မခွဲခင်ကစပြီး အများကြီးစီစဉ်ရပါတယ်။ စီစဉ်တဲ့အခါမှာ အထူးသဖြင့် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဦးတင်မျိုးဝင်းနဲ့ အသေးစိတ်စီမံခန့်ခွဲပါတယ်။ ဘယ်သူတွေနဲ့ ခွဲရမလဲ၊ ဘယ်နေရာမှာ ခွဲရမလဲ၊ ဘာတွေလုပ်ရမလဲ၊ ခွဲပြီးရင်လည်း ဘယ်လိုလုပ်ရမလဲဆိုတာကို အသေးစိတ်စီစဉ်ပါတယ်။ ဆရာဒေါက်တာဦးတင်မျိုးဝင်း အနေနဲ့ကတော့ ခွဲစိတ်ဆရာဝန်ကြီးလည်းဖြစ်တဲ့အတွက် သူ့ဆီက အလွန်ကောင်းတဲ့ အကြံဉာဏ်တွေရတဲ့အတွက် သူ့ကိုလည်း ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ပါတယ်။

နောက်တစ်ချက်က ကျွန်တော့်အနေနဲ့ နှလုံးခွဲစိတ်တာ တင်မကပါဘူး။ အသည်းအစားထိုး၊ အသည်းခွဲစိတ်၊ ကျောက်ကပ်အစားထိုး၊ ကျောက်ကပ်ခွဲစိတ်တဲ့ကိစ္စတွေမှာလည်း အမေရိကန်နိုင်ငံ၊ အင်္ဂလန်၊ စင်ကာပူ၊ ကိုရီးယား၊ ဂျာမနီ စတဲ့နိုင်ငံတွေက ခွဲစိတ်ပါရဂူတွေနဲ့ လာပြီးတော့ မြန်မာပြည်မှာ တော်တော်လေး ခွဲနေပါတယ်။ ဒီကိစ္စကိုလည်း ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး အခုထက်ပိုမို အရှိန်မြှင့်ပြီးတော့ ဆောင်ရွက်ပေးမယ်လို့ ဆုံးဖြတ်ထားပါတယ်။

ထို့အပြင် ဒီနေရာမှာလာရောက်ပြီးတော့ခွဲစိတ်ပေးတဲ့ မြန်မာဆရာဝန်တစ်ဦးဖြစ်တဲ့ ဒေါက်တာအောင်ရဲဦးဟာဆိုရင် မြန်မာစိတ်ဓာတ်ပီပီ မြန်မာပြည်ကို အခေါက်ခေါက်အခါခါ လာပြီးတော့ သူ့ပိုက်ဆံနဲ့သူ အကုန်လာခွဲပေးပါတယ်။ အားလုံးနဲ့ ပူးပေါင်းပြီးတော့ ခွဲစိတ်မှုတွေလုပ်ပါတယ်။ ဒီကိစ္စက အထူးကောင်းမွန်တဲ့ကိစ္စဖြစ်ပါတယ်။

ဆိုလိုတာကတော့ မြန်မာဆရာဝန်တစ်ဦးဟာ ဘယ်နိုင်ငံမှာနေနေ မြန်မာစိတ်ဓာတ်ရှိတယ်၊ မြန်မာပြည်ကိုချစ်တယ်။ ဒါတွေကိုကျွန်တော်တို့ကလေးစားရမယ်။ ပံ့ပိုးရမယ်။ ဒါကို ဆက်လက်ပြီး ဖြစ်အောင်လုပ်မှာပါ။ ဒါကိုလည်း အရှိန်အဟုန်မြှင့်ပြီးတော့ လုပ်ဖို့ ရည်ရွယ်ထားပါတယ်။ လုပ်တဲ့အခါမှာလည်း စနစ်တကျလုပ်မယ်။ ခွဲစိတ်ဌာနမှာတင်မဟုတ်ဘူး၊ ဆေးကုသရေးဌာနတွေ၊ ပြည်သူ့ကျန်းမာရေးဌာနတွေမှလည်း အကုန်တွဲလုပ်မှာပါ။ ဒါမှသာ ကျွန်တော်တို့ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနရဲ့ ရည်မှန်းချက်ပန်းတိုင်တွေကို ပြည့်မီမယ်လို့ ကျွန်တော်မြင်ပါတယ်။

**နှလုံးသွေးကြောခွဲစိတ်အထူးကုဆရာဝန်ကြီး**
**ပါမောက္ခအောင်ရဲဦး**

**မေး။ ။ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း နှလုံးခွဲစိတ်မှုအတွက် ဘယ်လို ပြင်ဆင်ခဲ့ပါသလဲ။**

ဖြေ။ ။ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဦးတင်မျိုးဝင်း၊ ဒေါက်တာသန်းထိုက်အောင်၊ ပါမောက္ခဒေါ်ဝင်းဝင်းကျော်တို့နဲ့ တိုင်ပင်ပြီးတော့ ဝန်ကြီးချုပ် နှလုံးခွဲစိတ်ဖို့ ကျွန်တော့်ကို ဆက်သွယ်ပါတယ်။ ဝန်ကြီးချုပ်ရဲ့ကျန်းမာရေးနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ကျွန်တော့်ဆီပို့ပေးပါတယ်။ ကျန်းမာရေးအချက်အလက်တွေကို ကြည့်ပြီးတော့



ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး

ဘယ်လိုခွဲဖို့လိုမလဲ အကြံဉာဏ်ပေးခဲ့တယ်။ ခွဲဖို့ အဆင်ပြေပြီဆိုတော့ ခွဲဖို့စိတ်ဖို့ကို မြန်မာပြည်မှာပဲခွဲချင်လား၊ ကျွန်တော်လာခွဲလို့ရတယ်။ ဒါမှမဟုတ် ထိုင်းမှာခွဲမလား၊ တခြားမှာခွဲမလား၊ အင်္ဂလန်ကိုလာခွဲမလားပေါ့။ တိုင်ပင်ကြပြီးတော့ ဝန်ကြီးချုပ်ကလည်း မြန်မာပြည်မှာခွဲချင်တာပေါ့။ ဒါနဲ့မြန်မာပြည်မှာ ပါမောက္ခဒေါ်ဝင်းဝင်းကျော်၊ ဒေါက်တာတင်မျိုးဝင်းတို့နဲ့ တိုင်ပင်ပြီး အဆင်ပြေတယ်ဆိုတော့ ဒီမှာခွဲဖို့လုပ်လိုက်တာပေါ့၊ သုံးပတ်လောက်ကတည်းက စီစဉ်ခဲ့တာပါ။

**မေး။ ။ ဝန်ကြီးချုပ်ရဲ့နှလုံးခွဲစိတ်အောင်မြင်ဖို့အတွက် ဆရာတို့ဘယ်လိုပေါင်းစပ်ပြီးဆောင်ရွက်ခဲ့တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ကြီးကြီးမားမားခွဲစိတ်တာ အောင်မြင်ဖို့ဆိုတာက Team ပုံစံ လူအများနဲ့ ပေါင်းပြီးလုပ်ကြတာ၊ Planning ကလည်း အရေးကြီးပါတယ်။ Planning ကလည်း တစ်ခါတည်းလုပ်ပြီးသား ဆိုတော့ ဘာတွေလိုမလဲဆိုတာ ကြိုပြီးစဉ်းစားရတာပေါ့။ စဉ်းစားပြီး ဒီမှာရှိတဲ့ ကျန်းမာရေးဌာနရယ်၊ ရန်ကင်းဆေးရုံမှာရှိတဲ့ ဆရာ ဆရာမတွေ၊ သူနာပြုတွေပေါင်းပြီး သွေးကအစ ပြင်ဆင်ပြီးတော့ လုပ်ထားတာပေါ့။ လုပ်ထားပြီးခွဲတဲ့အခါကျတော့ အဆင်ပြေတာပေါ့။

**မေး။ ။ ဝန်ကြီးချုပ်ကို ခွဲစိတ်ပြီးပြီဆိုတော့ ဝန်ကြီးချုပ်ရဲ့ ကျန်းမာရေးအခြေအနေကိုလည်း သိပါရစေ။**

ဖြေ။ ။ ကျန်းမာရေးကောင်းပါတယ်။ ဒီနေ့ဆိုရင် တပ်ထားတဲ့ပိုက်တွေ ဖြုတ်လိုက်ပါပြီ၊ အပြင်မှာ ထွက်ထိုင်နေပါတယ်။ အသက်ရှူလေ့ကျင့်ခန်းတွေ လုပ်နေပါတယ်။ မတ်တတ်ရပ်ပြီး လမ်းတောင် လျှောက်နေပါတယ်။ တော်တော်အဆင်ပြေပါပြီ။ ဆေးရုံမှာ ၅ ရက် ၊ ၇ ရက်လောက်နေပြီး အိမ်ပြန်လို့ရပါပြီ။

**မေး။ ။ မြန်မာနိုင်ငံရဲ့ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေအပေါ် နိုင်ငံတကာ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေနဲ့ နှိုင်းယှဉ်ပြီး သဘောထားအမြင်ကိုလည်း သိပါရစေ။**

ဖြေ။ ။ ပြီးခဲ့တဲ့ ၄-၅-၆ နှစ်လောက်က ရန်ကင်းကလေးဆေးရုံမှာ လာကူညီတာဆိုတော့ ပိုပြီးသတိထားမိတာက ဒီမှာ ပစ္စည်းကပိုပြီး စုံလာပါတယ်။ အစိုးရက ဘတ်ဂျက်တွေချပေးတဲ့အခါကျတော့ ဆေးတွေလည်း ပိုစုံလာပါတယ်။ ဆေးရုံမှာရှိတဲ့ ဝန်ထမ်းတွေကလည်း ကြိုးစားပါတယ်။ အင်္ဂလန်တို့၊ အနောက်နိုင်ငံတို့ထက်စာရင် နောက်ကျနေတာက လူတွေကျွမ်းကျင်မှု လိုသေးတယ်။ တချို့ပစ္စည်းတွေကလည်း လိုသေးတာပေါ့၊ မြန်မာနိုင်ငံဆေးပညာဖွံ့ဖြိုးဖို့ အားလုံးပူးပေါင်းပြီး Team ပုံစံနဲ့ အလုပ်လုပ်ကြဖို့ အချင်းချင်းတိုင်ပင်ကြ၊ပညာချင်းဖလှယ်ကြ၊ အဲဒီလိုလုပ်ဖို့က အရေးကြီးပါတယ်။ နိုင်ငံတကာမှာ ဆေးပညာရှင်တွေ တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်သလို ဒီမှာလည်း တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်တာတွေ လုပ်မယ်ဆိုရင် နောက်တော့လည်း ဆေးပညာအများကြီးဖွံ့ဖြိုးလာမှာပါ။ အခုတော့ နည်းနည်းတော့ကြာတာပေါ့။ ၄-၅-၁၀ နှစ်လောက်တော့ကြာဦးမှာပေ့ါ။ အရင်ကထက်စာရင်တော့ ကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာအဆင့်အတန်းက အများကြီးကောင်းလာပါတယ်။

**မေး။ ။ ဆရာ မြန်မာပြည်ကိုလာတဲ့ခရီးစဉ်တွေမှာ တတ်ကျွမ်းတဲ့ ဆေးပညာနဲ့ပတ်သက်ပြီး အသိပညာပေးတာတွေ၊ ပညာမျှဝေတာတွေ လုပ်တာတွေရှိရင်လည်း ပြောပြပေးပါဦး။**

ဖြေ။ ။ ကျွန်တော်က ဆေး-၁ ကနေ ၁၉၈၈ ခုနှစ်က အောင်ခဲ့တာပါ၊ အောင်ပြီးတော့ အင်္ဂလန်ကိုထွက်သွားတယ်။ အင်္ဂလန်ထွက်သွားပြီး အဖေက ခွဲစိတ်ကုဆရာဝန်ကြီး (အငြိမ်းစား) ဒေါက်တာဦးရဲမြင့်ပါ။ အဖေတို့ဆီကို လာလည်ရင်း အရင်ကတည်းကလည်း မြန်မာပြည်ကို ကူညီချင်တဲ့စိတ်ရှိခဲ့တယ်။ ဒီမှာ ပါမောက္ခ ဒေါ်ဝင်းဝင်းကျော်က ရန်ကင်း ကလေးဆေးရုံမှာ နှလုံးခွဲစိတ်မှုစထောင်တော့ လာပြီးကူညီခဲ့တယ်။ တစ်နှစ်တစ်ခါကနေ တစ်နှစ်နှစ်ခါ၊ သုံးခါ၊ လာလာပြီးတော့ သင်ပေးတယ်။ ပေါင်းပြီးတော့ နှလုံးရောဂါရယ်၊ သွေးကြောမကြီးရောဂါတွေကိုပါ ခွဲစိတ်မှုတွေလုပ်ပေးတယ်။ ဒီမှာရှိတဲ့ ဘွဲ့လွန်ကလေးတွေကိုလည်း စာသင်ပေးတယ်။ စာမေးပွဲတွေလုပ်ပေးတယ်။ ဒီမှာရှိတဲ့ ကွန်ဖရင့်တွေမှာလည်း စာတမ်းတွေဖတ်ပြီး ဟောပြောပါတယ်။ နောက်လည်း ဆက်လုပ်သွားမှာပါ။

**မေး။ ။ ဆရာ့အနေနဲ့ နှလုံးခွဲစိတ်တဲ့ဘာသာရပ်ကို ဘာ့ကြောင့်အဓိက ရွေးချယ်ခဲ့တာလဲ။**

ဖြေ။ ။ အဖေက ရန်ကုန်ဆေးရုံကြီးက နှလုံးခွဲစိတ်ဆရာဝန်ကြီးပါ။ အဖေက နှလုံးခွဲစိတ်တဲ့ အထူးကုဆရာဝန်ကြီးဆိုတော့ ငယ်ငယ်ကတည်းက နှလုံးခွဲစိတ်တာကို မြင်နေခဲ့တာ။ ကျွန်တော်ကလည်း စိတ်ပါဝင်စားတယ်။ အင်္ဂလန်ရောက်ပြီး ခွဲစိတ်တဲ့ သင်တန်းတွေတက်တော့ တခြားဘာသာရပ်တွေ စမ်းကြည့်တယ်၊ နောက် နှလုံးခွဲစိတ်တဲ့ဘာသာရပ်ကိုပဲ စိတ်ကပါနေတော့ အဲဒီဘက်ပဲ ပြန်ရောက်သွားတယ်။ အဲဒီအပေါ်မှာထပ်ပြီး အထူးပြုလေ့လာတာက နှလုံးသွေးကြောမကြီးခွဲတဲ့ နေရာပေါ့။

**မေး။ ။ ဆရာ့အနေနဲ့ အင်္ဂလန်နိုင်ငံမှာ နှလုံးသွေးကြောမကြီး ကျွမ်းကျင်ပညာရှင်များအဖွဲ့ ဥက္ကဋ္ဌနေရာကို ဘယ်အချိန်လောက်ကစပြီး တာဝန်ယူထားတာလဲ။**

ဖြေ။ ။ ဟိုမှာက နှလုံးရယ်၊ ရင်ခေါင်း၊ အဆုတ် ခွဲစိတ်တဲ့ပညာရှင် အဖွဲ့ဆိုတာ ရှိတယ်။ နှလုံးနဲ့သွေးကြောမကြီးရောဂါမှာ ခွဲစိတ်တာမှာ ကျွမ်းကျင်တဲ့ဆရာဝန်တွေက နည်းနေတယ်။ ကျွန်တော်က အဲဒီမှာဝါသနာပါတဲ့သူတွေနဲ့ အဲဒီအဖွဲ့ကို ထောင်လိုက်တယ်။ ကျွန်တော်က အဲဒီမှာဥက္ကဋ္ဌပေါ့၊ တာဝန်ယူတာ လေးနှစ်လောက်ရှိပါပြီ၊ အဲဒီလိုဖွဲ့လိုက်ပြီး တစ်ယောက်နဲ့တစ်ယောက် ပညာတွေ ဖလှယ်ကြတယ်။

**မေး။ ။ မြန်မာနိုင်ငံမှာနှလုံးရောဂါဖြစ်ပွားမှုနှုန်းနဲ့ နှလုံးရောဂါအထူးကုဆရာဝန်ဦးရေ မျှတမှုရှိလား၊ ဘာတွေလိုအပ်နေတယ်ဆိုတာ သိပါရစေ။**



ပါမောက္ခအောင်ရဲဦး
နှလုံးသွေးကြောခွဲစိတ်အထူးကုဆရာဝန်ကြီး

ဖြေ။ ။ အများကြီးလိုတာပေ့ါ၊ အင်္ဂလန်မှာ လူဦးရေ ၆၆ သန်းမှာ နှလုံးခွဲစိတ်တဲ့ ဆရာဝန်က ၃၅၀ ရှိပါတယ်။ ဌာနပေါင်းက ၃၆ ခုရှိပါတယ်။ မြန်မာနိုင်ငံမှာက လူဦးရေ သန်း ၅၀ ကျော်မှာ တကယ်ခွဲနိုင်တဲ့ နှလုံးခွဲစိတ်ဆရာဝန်က ၁၀ ယောက်တောင် မရှိပါဘူး။ ဌာနလည်းမများပါဘူး၊ ဒီမှာက အများကြီးလိုပါတယ်။ ဒါ့ကြောင့် ကျွန်တော်လည်း ဒီမှာ အကြံပြုချင်တာကတော့ နောက်ထပ် နှလုံးခွဲစိတ်ဆရာဝန်တွေ မွေးထုတ်ပေးဖို့ ခွဲစိတ်တဲ့ဆရာဝန်တွေတင်မကဘူး၊ နှလုံးအထူးခွဲဖို့ မေ့ဆေးဆရာဝန်တွေလည်းလိုပါတယ်။ နှလုံးနဲ့စက်မောင်းတဲ့ပညာရှင်တွေလည်း လိုပါတယ်။ ကျွမ်းကျင်တဲ့သူနာပြုတွေလည်း လိုပါတယ်။ ဒီမှာ အနှစ် ၂၀၊ အနှစ် ၃၀ စီမံကိန်းထောင်ပြီး ကျွမ်းကျင်ပညာရှင်တွေ မွေးထုတ်ပေးမယ်။ နိုင်ငံမှာလိုမယ့် လူဦးရေအတွက် ခွဲစိတ်ဆရာဝန်ပေါင်းလည်း ၁၅၀ လောက်နဲ့ ဌာနပေါင်း ၂၅ ခုလောက် လိုမယ်။ အဲဒီလို ဖွံ့ဖြိုးဖို့အတွက် ရေရှည်စီမံကိန်းလိုပါတယ်။ ကျွန်တော်ကတော့ တတ်နိုင်သလောက် ကူညီပါ့မယ်။ ဒါကို အစိုးရ အနေနဲ့စီစဉ် ရမှာပေါ့။

**မေး။ ။ နှလုံးရောဂါနဲ့ပတ်သက်ပြီး ဆောင်ရန်ရှောင်ရန်တွေကို ပြည်သူတွေကို ဘာများပြောချင်ပါသလဲ။**

ဖြေ။ ။ အဓိကကတော့ အသိနဲ့ဗဟုသုတပေါ့။ နှလုံးနဲ့ သွေးကြောမကြီး ရောဂါရှိလို့ရှိရင် နှလုံးအထူးကုဆရာဝန်ကြီးတွေနဲ့ပြသပြီး ခွဲစိတ်လို့ရပါတယ်။ ခွဲစိတ်မယ်ဆိုရင်လည်း အောင်မြင်ပါတယ်။ ခွဲစိတ်မှုအများစုက မြန်မာနိုင်ငံမှာလုပ်လို့ရပါတယ်၊ နိုင်ငံခြားသွားစရာမလိုပါဘူး၊ ဒီမှာခွဲစိတ်တာ အောင်မြင်ပါတယ်။ ဒီလို ခွဲစိတ်မှုတွေ အောင်မြင်ဖို့အတွက် လူထုရဲ့ထောက်ပံ့မှုတွေလည်း လိုပါတယ်။ အဲဒီကျမှ ဒီဌာနတွေလည်း တိုးတက်မယ်။

**မေး။ ။ ဆရာ့အနေနဲ့ ဘာများဖြည့်စွက်ပြီး ပြောကြားလိုပါသလဲ။**

ဖြေ။ ။ ဝန်ကြီးချုပ်ကို အခုလိုခွဲစိတ်ခွင့်ရတာ ဂုဏ်ယူပါတယ်။ အစစအရာရာလည်း ဒီမှာအောင်မြင်သွားတယ်ဆိုတော့ ပံ့ပိုးပေးတဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

---

◆ *ကျောဖုံးမှ*

"အင်းတော်ကြီးဘုရားပွဲတော် ရာသီရောက်ပြီဆိုရင် အင်းအလယ်မှာတည်ရှိနေတဲ့ ဘုရားရင်ပြင်တော်အရောက် လူသွားလမ်းရှိသလို နတ်လမ်းတွေလည်း ပေါ်ထွန်းလာလေ့ရှိပါတယ်၊ ရှားပါးငှက်မျိုးစိတ်တွေနဲ့ အလွန်လှပတဲ့ ရှုမျှော်ခင်းတွေက ဘုရားကြီးနဲ့အတူ အံ့သြစွာတွေ့ရှိရပါတယ်၊ ဘုရားပွဲတော်ပြီးတဲ့ တပေါင်းလပြည့်နေ့ဆိုရင် ရပ်နီးရပ်ဝေးက ကြွရောက်လာတဲ့ သံဃာတော်တွေကို ဆွမ်းဆန်စိမ်းလောင်းလှူပါတယ်၊ ပွဲပြီးနောက်နေ့ဆိုရင်တော့ လူတွေစည်းကမ်းမဲ့စွာ စွန့်ပစ်ခဲ့တဲ့အမှိုက်တွေကို နတ်တွေက လေကြီးမိုးကြီးချပြီး ရှင်းထုတ်လေ့ရှိတယ်"ဟု ဒေသခံများက ပြောသည်။

အင်းတော်ကြီး ရွှေမဉ္ဇူရေလယ်ဘုရားပွဲတော်သို့ လာရောက်ကြမည်ဆိုလျှင် မန္တလေး-မြစ်ကြီးနားရထားကိုစီးပြီး မိုးညှင်းဘူတာ(သို့) ဟိုပင်ဘူတာတွင် ဆင်းပြီး ကားစီးလာလျှင် နန့်မတဲရွာသို့ရောက်မည်ဖြစ်သည်။

ထိုမှစက်လှေဖြင့် ပွဲတော်သို့ သွားရောက်နိုင်သည်။ ဘုရားပွဲတော်သို့ လာရောက်ကြရာတွင် တောတောင်ရေမြေ သဘာဝဂေဟစနစ်နှင့်ရေနေ၊ လေနေသတ္တဝါများကို ကြည့်ရှုခံစားရင်း ဘုရားပွဲတော်၌ပျော်နိုင်ကြောင်း သိရသည်။

# မာန်အောင်မြို့နယ်ရှိ လေယာဉ်ကွင်းတိုးချဲ့ရာတွင် နစ်နာသူများနှင့်စပ်လျဉ်း၍ ပေးလျော်ရန် ကျန်ရှိငွေများကို ဘဏ်တွင်စာရင်းဖွင့်အပ်နှံ

**နေပြည်တော် မတ် ၇**

မာန်အောင်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်း တိုးချဲ့နိုင်ရေးအတွက် ယခင်ပို့ဆောင်ရေးဝန်ကြီးဌာနက သက်ဆိုင်ရာမြို့နယ်မြေယာစီမံခန့်ခွဲရေးကော်မတီ၏ သတ်မှတ်နှုန်းထားများအတိုင်း တွက်ချက်ထားသည့် သီးနှံလျော်ကြေး၊ မြေယာလျော်ကြေးနှင့် ဘုန်းတော်ကြီးကျောင်း နစ်ကျောင်းအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတောင်းခံ၍ ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပေးချေခဲ့ပြီးဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြောကြားသည်။

ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့တွင် မာန်အောင် မဲဆန္ဒနယ်မှ ဦးတင်နု(ခ) ဦးတင်နုအောင်၏ **“မာန်အောင်မြို့နယ်၌ လေယာဉ်ကွင်း တိုးချဲ့ရာတွင် အိမ်ခြံမြေပါဝင်နေသော နစ်နာသူ ငါးဦးအား ထိုက်သင့်သော လျော်ကြေးငွေ ပေးအပ်နိုင်ရေး မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း”** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။


ဒုတိယဝန်ကြီး
ဦးကျော်မျိုး

ဆက်လက်၍ ဒုတိယဝန်ကြီးက အဆိုပါ လျော်ကြေးငွေများကို မာန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မာန်အောင်လေယာဉ်ကွင်း တိုးချဲ့ရေိယာတွင် ပါဝင်သွားသည့် တောင်သူ ၃၅ ဦး၏ မြေယာ၊ အဆောက်အအုံနှင့် သီးနှံလျော်ကြေးများ ပေးအပ်ခဲ့ရာတွင် တောင်သူ ၃၁ ဦးမှာ လက်ခံရယူခဲ့ကြောင်း၊ ကျန်တောင်သူ လေးဦးမှာ လျော်ကြေးငွေနှုန်းထားကို တိုးမြှင့်တောင်းဆိုခဲ့ကြပြီး လက်ခံမှုမရှိသည့်အတွက် ၎င်းတို့ကို ပေးအပ်ရန် ကျန်ရှိသည့်ငွေများကို မာန်အောင်မြို့ မြန်မာ့စီးပွားရေးဘဏ်၌ မြို့နယ်စီမံခန့်ခွဲမှုကော်မတီက စာရင်းဖွင့်လှစ်အပ်နှံထားရှိပြီး ပေးအပ်နိုင်ရေးအတွက် အကြိမ်ကြိမ် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း။

ဆက်လက်၍ မာန်အောင်မြို့နယ်လေယာဉ်ကွင်းတိုးချဲ့ရာတွင် နစ်နာသူတောင်သူ ငါးဦးဖြစ်သော ဒေါ်ခင်မြလွင်၊ ဦးဖြူသီးခိုင်၊ ဦးတာနီ၊ ဦးတင်နု၊ ဦးချမ်းပုတို့နှင့် ပတ်သက်၍ ဒေါ်ခင်မြလွင်တွင် လယ်ယာမြေပါဝင်ပြီး အဆောက်အအုံပါဝင်မှုမရှိပါကြောင်း၊ ဦးဖြူသီးခိုင်၊ ဦးတင်နုနှင့် ဦးတာနီတို့ သုံးဦးမှာ လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံဆောက်လုပ်ထားသဖြင့် ၎င်းတို့သုံးဦးအား ဖယ်ရှားရန် အကြိမ်ကြိမ်အကြောင်းကြားခဲ့သော်လည်း လိုက်နာမှုမရှိသဖြင့် တရားဥပဒေအရ အရေးယူဆောင်ရွက်ရန် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက တရားစွဲဆိုထားခြင်း ဖြစ်ပါကြောင်း၊ ဦးချမ်းပုမှာ လျော်ကြေးပေးအပ်မည့် စာရင်းတွင် ပါဝင်မှုမရှိဘဲ လေယာဉ်ကွင်းဧရိယာအတွင်းရှိ ပြေးလမ်းမြောက်ဘက်ထိပ်၌ ယခင်က တည်ရှိသည့် အများပြည်သူ သွားလာအသုံးပြုနေသော လမ်းနယ်နိမိတ်ကို ကျူးကျော်ဝင်ရောက်၍ ခြံစည်းရိုးခတ်ကာရံထားမှုကြောင့် စမုံတဲရွာသူရွာသားများက မာန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ တိုင်ကြားလာပါကြောင်းနှင့် ဦးချမ်းပုသည် အပင်များ ကျူးကျော်စိုက်ပျိုးထားပြီး လျော်ကြေးရလိုမှု တောင်းဆိုသူသာဖြစ်သည်ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်အရ သိရှိရပါကြောင်း။


မာန်အောင် မဲဆန္ဒနယ်မှ
ဦးတင်နု(ခ) ဦးတင်နုအောင်

မာန်အောင်လေယာဉ်ကွင်း လျော်ကြေးပေးချေရာတွင် ဒေါ်ခင်မြလွင်မှာ သီးနှံ၊ သီးပင်စားပင်နှင့် မြေတန်ဖိုးအတွက် လျော်ကြေးငွေကို လက်ခံမည်ဆိုပြီးမှ လာရောက်ထုတ်ယူခြင်း မရှိသဖြင့် အဆိုပါလျော်ကြေးငွေကို ဘဏ်၌ ပြန်လည်အပ်နှံထားခဲ့ကြောင်း၊ လျော်ကြေးထုတ်ယူခြင်း မရှိသေးသည့် တောင်သူ လေးဦးအတွက် ပေးလျော်ရန် ကျန်ရှိငွေများကို လာရောက်ထုတ်ယူချိန်တွင် ပေးအပ်နိုင်ရန်အတွက် မာန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဘဏ်တွင် စာရင်းဖွင့်လှစ်အပ်နှံထားပါကြောင်း ဖြေကြားသည်။

ထို့အပြင် ဒုတိယဝန်ကြီး ဦးကျော်မျိုးက အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၏ **“အုတ်တွင်းမြို့နယ် မြက်နီကွင်းကျေးရွာအုပ်စု လှေဆွဲမြောင်း၊ ချောင်းကျိုး၊ မငြိမ်းစုကျေးရွာများနှင့် ရေအိုးစင်ကျေးရွာအုပ်စု သောင်ပုနှင့် သောင်တန်းကျေးရွာတို့တွင် ကာကွယ်မှုပြုလုပ်ပေးပါရန် အစီအစဉ် ရှိ/ မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ ဆက်လက်ရှင်းလင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **“ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း”** ကိုလက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲနှင့် အကြောင်းအရာများကို တိတိကျကျ ဖော်ပြ၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခဲ့ကြောင်း၊ အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကိုးဦးက အမည်စာရင်း တင်သွင်းခဲ့ကြောင်း၊ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီ ဦးကျော်စိုးလင်းက ရေအရင်းအမြစ်နှင့်

*စာမျက်နှာ ၇ သို့*

# မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများအားလုံး လျှပ်စစ်ဓာတ်အားရရှိရေး ငွေကျပ်သန်းပေါင်း ၅၁၈ ဒသမ ၇၅ သန်းသုံးစွဲမည်

နေပြည်တော် မတ် ၇

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် ငွေကျပ်သန်းပေါင်း ၅၁၈ ဒသမ ၇၅ သန်း ထည့်သွင်း လျာထားပြီး ရခိုင်ပြည်နယ် မြောက်ဦးမြို့၏ မဟာဓာတ်အားလိုင်းမှ မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများအားလုံး လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပြောကြားသည်။**

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ၁၅ ရက်မြောက်နေ့တွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးကျော်ကျော်၏ **“ရခိုင်ပြည်နယ် မြောက်ဦးမြို့၏ မဟာဓာတ်အားလိုင်းမှ မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း”** နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ထိုကဲ့သို့ ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက မြောက်ဦးမြို့နယ်ရှိ ရှောက်ပုံကျွန်း၊ ပန်းမော်၊ လောင်းကြက်၊ နန်းကျ၊ မောင်ညိုကျွန်း၊ မောင်ရှိကန်၊ အုတ်ဖိုကန်၊ ပေါက်တောပြင်၊ သိကြား၊ လေးမြို့စားစသည့် ကျေးရွာ ၁၀ ရွာအား ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် လိုအပ်သော ၁၁ ကေဗွီဓာတ်အားလိုင်း ၆ ဒသမ ၅၅ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီထရန်စဖော်မာ ၁၀ လုံးနှင့် ၄၀၀ဗို့ဓာတ်အားလိုင်း ၇ ဒသမ ၈၉ မိုင်တို့အား အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ဘတ်ဂျက်ရန်ပုံငွေကျပ်သန်းပေါင်း ၇၇၄ ဒသမ ၇၅ သန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် ထည့်သွင်းတင်ပြတောင်းခံခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောက်ရွက်လျက်ရှိပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများပြီးစီးပါက အဆိုပါကျေးရွာ ၁၀ ရွာအားလက်ရှိ တည်ဆောက်ပြီးဖြစ်သော မြောက်ဦးဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း။

ပိုးဖြူကျွန်း၊ ကျောက်တွင်းကုန်း၊ ဇင်လနိကုန်း၊ ရွာဟောင်းတော၊ မောင်သာကုန်း၊ ပီပင်ကုန်းစသည့် ကျေးရွာခြောက်ရွာအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ၅ ဒသမ ၉ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ငါးလုံးနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်း ၄ ဒသမ ၃ မိုင် စသည့်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများအတွက် လိုအပ်သော ဘတ်ဂျက်ရန်ပုံငွေကျပ်သန်း ပေါင်း ၅၁၈ ဒသမ ၇၅ သန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် ထည့်သွင်းလျာထားပေးပြီးဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေရရှိပါက တည်ဆောက်ရေး လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ မြောက်ဦးမြို့နယ်အတွင်းရှိ ဓာတ်အားစနစ်ဖြင့် မီးလင်းရန် ကျန်ရှိသည့် ကျေးရွာများအား တိုးချဲ့ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်မှာ ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်သွားမည့် ဝန်ကြီးဌာန၏ ငါးနှစ်စီမံချက်တွင် ထည့်သွင်းလျာထားသည့် ၆၆ ကေဗွီ မြောက်ဦးဓာတ်အားခွဲရုံမှ တိမ်ညိုကျေးရွာသို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၅ မိုင်နှင့် တိမ်ညိုကျေးရွာတွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံတစ်ရုံ၊ မင်းပြား ၆၆/၃၃ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ ကျွဲတဲ


ဒုတိယဝန်ကြီး
ဒေါက်တာထွန်းနိုင်

ကျေးရွာသို့ ၃၃ ကေဗွီဓာတ်အားလိုင်း ၁၃ မိုင်နှင့် ကျွဲတဲကျေးရွာတွင် ၃၃/၁၁ ကေဗွီ အမ်ဗွီအေခွဲရုံ တစ်ရုံ၊ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-မြောက်ဦး ဓာတ်အားလိုင်းမှ မောင်နုမကျေးရွာသို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၈ မိုင်နှင့် မောင်နုမကျေးရွာတွင် ၆၆ /၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ စသည့်လုပ်ငန်းများ တည်ဆောက်ပြီးစီးမှသာ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည် ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများအတွက် လိုအပ်သည့် ဘဏ္ဍာငွေများကို နောင်လာမည့်နှစ်များတွင် ဘဏ္ဍာငွေတင်ပြတောင်းခံပြီး၊ ခွင့်ပြုချက်ရရှိမှုအပေါ် မူတည်ကာ ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလင်းတင်ဌေး၏ **“မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းသို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းရာတွင် ပြည်သူများ၏ လယ်ယာမြေနှင့် သီးပင်စားပင်၊ နှစ်ရှည်ပင်များ ဆုံးရှုံးမှုအပေါ် လျော်ကြေးငွေနှင့် နစ်နာကြေးပေးချေနိုင်ရေးအတွက် မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း”** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက လျော်ကြေးငွေနှင့် နစ်နာကြေးပေးချေရေးကော်မတီမှ ၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်းသွယ်တန်းရာတွင် ပျက်စီးဆုံးရှုံးခဲ့ရသည့် မော်လမြိုင်မြို့နယ် အတွင်းရှိ လယ်ယာမြေ၊ သီးပင်စားပင်နှင့် နှစ်ရှည်ခြံပိုင်ရှင် ၁၇ ဦးနှင့် ချောင်းဆုံမြို့နယ်အတွင်းရှိ ခြံပိုင်ရှင် ၉၃ ဦးတို့အတွက် လျော်ကြေးငွေနှင့် နစ်နာကြေးငွေကျပ် ၄၅၂၃၀၇၀၀ ပေးချေရန် မွန်ပြည်နယ်အစိုးရအဖွဲ့သို့ တွက်ချက်တင်ပြခဲ့ရာ ၂၉-၄-၂၀၁၆ ရက်နေ့တွင် အတည်ပြုသတ်မှတ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

အဆိုပါ သီးနှံမြေယာလျော်ကြေးငွေနှင့် နစ်နာကြေးများပေးချေနိုင်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်တွင် ထည့်သွင်းလျာထားခဲ့သော်လည်း ဘဏ္ဍာငွေ ခွဲဝေရရှိမှုအရ လုံလောက်မှုမရှိသည့်အတွက် ဆောလျင်စွာ ပေးလျော်နိုင်ခဲ့ခြင်းမရှိခဲ့ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထပ်မံတင်ပြတောင်းခံထားရာ ခွင့်ပြုချက်ရရှိပြီး ဖြစ်ပါသဖြင့် ပေးလျော်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်သန်းသန်းအေး၏ **“မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ရှမ်းတပ်ကုန်းရွာ(အောက်ကျင်း)ပနီးချောင်း အရှေ့ဘက်ကမ်းပါးများ ရေတိုက်စားခြင်းအန္တရာယ်မှ ကြိုတင်ကာကွယ်ရန်အတွက် ရေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်း”**၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၏ **“ချင်းပြည်နယ် ဖလမ်းမြို့နယ် အနောက်ဘက်**


ရခိုင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၄)မှ ဦးကျော်ကျော်

**ခြမ်းတွင် Mobile ဆက်သွယ်ရေး လွှမ်းခြုံနိုင်ရေး စီစဉ်ထားရှိမှု အခြေအနေကို သိရှိလိုခြင်း မေးခွန်း**၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါ်မမလေး၏ **ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အတွင်းရှိ သိမ်ကုန်းကျေးရွာတွင် ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း”** နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဝင်းမောင်၏ **“မကွေးတိုင်းဒေသကြီး၊ စလင်း၊ ဆင်ဖြူကျွန်းမြို့နယ်ရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် စလင်းမြို့နှင့် ၂၃ မိုင်အကွာတွင် တည်ရှိသည့် တညောင် ၁၂၃ ကေဗွီ ဓာတ်အားခွဲရုံတွင် ၆၆/၃၃ ကေဗွီ ဓာတ်အားခွဲရုံတစ်ခု တည်ဆောက်လျက် ၃၃ ကေဗွီလိုင်းဖြင့် စလင်းမြို့သို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆက်သွယ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း”** တို့ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ရှင်းလင်းဖြေကြားသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်ကြည်ညွန့်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **“ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း”**နှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များပါဝင်သော ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ရှိသော အပိုဒ်များကို တစ်ပိုဒ်ချင်းစီ လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ပြုသည်။

**“ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ဥပဒေကြမ်း”**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း ထောက်ခံအဆိုပြုသည့်အတွက် ယင်းဥပဒေကြမ်းအား အတည်ပြုပြဋ္ဌာန်းရန် မသင့်ကြောင်း လွှတ်တော်က ဆုံးဖြတ်သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက **“မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”**အား အတည်ပြုရန် အဆိုတင်သွင်းရာ ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား လွှတ်တော်၏အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ဆက်လက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက **“ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေကြမ်း”**ကို အတည်ပြုရန် အဆိုတင်သွင်းရာ ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူ၍ အတည်ပြုခဲ့သည်။

**မော်စီ၊ အေးဖြိုးသက်(သတင်းစဉ်)**

# ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးစတင်

**မုံရွာ မတ် ၇**

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို မတ် ၇ ရက်က စတင်ကျင်းပရာ ကတိသစ္စာမပြုရသေးသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းရွှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့သို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် အပါအဝင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးမှူး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ အပါအဝင် ဝန်ကြီးရှစ်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ် ၉၈ ဦး တက်ရောက်သည်။ ပထမနေ့ အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း ခုနစ်ခုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦးက မေးမြန်းရာ သက်ဆိုင်ရာဝန်ကြီးများက ဖြေကြားရှင်းလင်းသည်။

ဆက်လက်၍ ယင်းအဆိုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၉၈ ဦး၏ သဘောထားဖြင့် လက်ခံဆွေးနွေးကြောင်း တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက ကြေညာ၍ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကို တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက ထပ်မံအသိပေးကြေညာသည်။


ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥပဒေပြုရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌက တိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ် စနစ်တကျပြေးဆွဲရေးဥပဒေ (မူကြမ်း)ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းပြီး မူကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း တင်သွင်းကြရန် လွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့သည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# တိုင်းဒေသကြီးလွှတ်တော်မှတစ်ဆင့် ဆောင်ရွက်ပေးရန် တိုက်တွန်းသည့် ဇလုံတောင်ကိစ္စအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်

**မုံရွာ မတ် ၇**

ဗန်းမောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရကို မတ် ၇ ရက်က တိုင်းဒေသကြီး လွှတ်တော်မှတစ်ဆင့် တိုက်တွန်းသည့် ဇလုံတောင်ကိစ္စအဆိုကို လွှတ်တော်သို့ တင်သွင်းရာ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ် ၉၈ ဦး၏ သဘောတူညီချက်ဖြင့် လက်ခံဆွေးနွေးရန် လွှတ်တော်က ဆုံးဖြတ်သည်။ ဗန်းမောက်မြို့နယ် ဇလုံတောင်ဂေါပကအဖွဲ့ စနစ်တကျဖွဲ့စည်းဆောင်ရွက်မှု မရှိခြင်းနှင့် ဇလုံတောင်ခြေ တယ်ပင်ပြန့်စခန်းတွင် ဘုရားဖူးခရီးသည်များထံမှ မောင်းတံဂိတ်ထားကာ ငွေကြေးကောက်ခံနေခြင်းများကြောင့် ဇလုံတောင် ဂေါပကအဖွဲ့ကို စည်းကမ်းတကျ ဖွဲ့စည်းပေးပါရန်နှင့် မောင်းတံဂိတ်တား ငွေကြေးကောက်ခံသူများအား ဖြေရှင်းဆောင်ရွက်ပေးပါရန် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆိုကို ဦးဝင်းရွှေက တင်သွင်းခဲ့ခြင်းဖြစ်သည်။



"ဇလုံတောင်ဝန်းကျင်မှာ ဇီဝမျိုးကွဲတွေ စုံလင်ပြီး အလွန်ထူထပ်တဲ့ သစ်တောကြီးအလယ်မှာ ဇလုံတောင်က တည်ရှိတော့ နှစ်စဉ်ဘုရားဖူးတွေ တစ်နှစ်ထက်တစ်နှစ် ပိုပိုများလာတာ တွေ့ရပါတယ်။ ပြီးခဲ့နှစ် ခရီးသွားဘုရားဖူးဝင်ရောက်တဲ့ စာရင်းအရ ရှစ်သောင်းနီးပါးလောက် လာရောက်ကြပြီး ဒီနှစ်မှာ ပိုများမှာ ဖြစ်ပါတယ်။ ဇလုံတောင်ဒေသကိုလည်း လူထုအခြေပြု ခရီးသွားလုပ်ငန်းအဖြစ် အခုနှစ်မှာ အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ ဘုရားဖူးခရီးသည်တွေ အန္တရာယ်ကင်းကင်းနဲ့ သွားလာနိုင်ဖို့ ဇလုံတောင်တက်မော်တော်ယာဉ် အသင်းကိုလည်း စနစ်တကျဖွဲ့စည်းမှတ်ပုံတင် ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ဒါပေမယ့် အားနည်းချက်က အလှူရှင်တွေလှူဒါန်းတဲ့ အလှူငွေကို စနစ်တကျထိန်းသိမ်းတဲ့ ဂေါပကအဖွဲ့ကို စနစ်တကျဖွဲ့ထားတာ မရှိသေးတာပါ။ ဖွဲ့ထားတဲ့ ဂေါပကအဖွဲ့ကလည်း အမည်ခံသက်သက်ပါ။ နှစ်စဉ်အလှူငွေ ဘယ်လောက်ရတယ်၊ ဘယ်နေရာမှာသုံးတယ်ဆိုတာ လုံးဝမသိရပါဘူး။ ဇလုံတောင်ခြေ တယ်ပင်ပြန့်စခန်းမှာလည်း ဘုရားဖူးခရီးသည်တွေဆီက ဆိုင်ကယ်တစ်စီး ငွေကျပ် ၁၀၀၀၊ ကားတစ်စီး ငွေကျပ် ၁၅၀၀ကို မောင်းတံဂိတ်တားပြီး ကောက်နေတာဟာ စိတ်အနှောင့်အယှက် ဖြစ်ရတယ်လို့ ခရီးသည်တွေဆီက တစ်ဆင့် သိရသလို ကိုယ်တိုင်လည်း မြင်တွေ့နေရတာပါ။ အဲဒီလို လုပ်နေတာတွေကို မြို့နယ်အဆင့်တာဝန်ရှိသူတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ ပူးပေါင်းပြီး ဖြေရှင်းတာ မရဘူးဖြစ်နေပါတယ်။ အဲဒါကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ဖြေရှင်းပေးဖို့ လွှတ်တော်ကတစ်ဆင့် အဆိုပြုတိုက်တွန်းတာပါ"ဟု ဗန်းမောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေက ပြောသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုအပေါ် ကန့်ဘလူမြို့နယ် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သူဟန်ထွန်းက ထောက်ခံဆွေးနွေးရာတွင် ဇလုံတောင်သည် ဇီဝမျိုးစုံကွဲပြားမှုရှိပြီး တောတောင်သဘာဝအလှများ အလယ်တွင် တည်ရှိသောကြောင့် ပြည်တွင်းသာမက ပြည်ပဧည့်သည်များလည်း စိတ်ဝင်စားရာ ဒေသအဖြစ် ရပ်တည်နေကြောင်း မကြာသေးသော ကာလက အဆိုပါဒေသမှ ဒေသခံများထံမှ ဝက်ဝံပေါက်လေးနှစ်ကောင်ကို ဗန်းမောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီဟန်က ဝယ်ယူကယ်တင်ကာ မဟာမြိုင်အမျိုးသားဥယျာဉ်သို့ သွားရောက်လှူဒါန်းခဲ့ကြောင်း၊ သမိုင်းအရ မြတ်စွာဘုရား ဒေသစာရီကြွရောက်တော်မူရာ ဒေသထူးဖြစ်သလို နောင်ပွင့်မည့် အရိမေတ္တေယျဘုရား တရားဦးဟောမည့်နေရာဖြစ်ခြင်းတို့ကြောင့် ခရီးသွားများ တစ်စထက်တစ်စ များပြားလာနေသည်ကို တွေ့ရကြောင်း ထည့်သွင်းဆွေးနွေးသည်။ ထို့အပြင် မြန်မာနိုင်ငံအရပ်ရပ်တွင် ဂေါပကအဖွဲ့ဝင်များကြောင့် ဘုရားဖူးခရီးသည်များ ကုသိုလ်တရား ဆတက်ထမ်းပိုးတိုးပွားသည်များရှိသလို ဂေါပကအဖွဲ့ကြောင့် စိတ်နှလုံးမချမ်းမြေ့ရသည်များလည်း ရှိကြောင်း တိုင်းပြည်၏ အထွေထွေချွတ်ခြုံကျမှု စီးပွားရေး၊ ပညာရေး နိမ့်ပါးခဲ့ရသည်များကြောင့် မလုပ်သင့်သည့် အလုပ်များ လုပ်နေသလို မစားသင့်သည့် အစာများ စားနေသည်ကို ကြုံနေကြရကြောင်း၊ အဆိုပါပြဿနာများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် အတူ အစိုးရအဖွဲ့ကပါ လိုအပ်သလိုကြပ်မတ်ဆောင်ရွက်မှသာ ဖြစ်မည်ဖြစ်ကြောင်း ထောက်ခံဆွေးနွေးခဲ့သည်။

ဇလုံတောင်ကိစ္စအဆိုကို လွှတ်တော်သို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ် ၉၈ ဦးက သဘောတူသည့်အတွက် လွှတ်တော်က လက်ခံဆွေးနွေးမည့်အကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက ဆုံးဖြတ်အတည်ပြုကာ အဆိုကို မတ် ၉ ရက်တွင် လွှတ်တော်၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြမည်ဖြစ်ရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အမည်နှင့်အတူ ဆွေးနွေးချက်အကျဉ်းချုပ်ကို မတ် ၈ ရက် ညနေ ၃ နာရီထက်နောက်မကျဘဲ တိုင်းဒေသကြီး လွှတ်တော်ဝန်ထမ်း အကြီးအမှူးထံ တင်ပြကြရမည်ဖြစ်သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

### ပြည်သူ့လွှတ်တော်မှ

မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် ခုနစ်ချက်ကို လွှတ်တော်သို့ တင်သွင်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားဆန္ဒရယူပြီး အဆိုပါပြင်ဆင်ချက် ခုနစ်ချက်သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များ အတိုင်း ဥပဒေကြမ်း၏ အစိတ်အပိုင်းအဖြစ် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက် လေးချက်ကို လွှတ်တော်သို့ သီးခြားစီတင်သွင်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားဆန္ဒကို စက်ခလုတ်နှိပ်ရယူပြီး အဆိုပါပြင်ဆင်ချက်များသည် ဥပဒေကြမ်းကော်မတီ၏ အဆိုပြုချက်များအတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးတင်သွင်းသည့် **တရားစီရင်ရေးကဏ္ဍ တိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းသည့် အဆိုနှင့် စပ်လျဉ်း၍ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီးက** ရာဇဝတ်ကျင့်ထုံးဥပဒေ၊ ရဲလက်ဆွဲ လုပ်ထုံးလုပ်နည်းများနှင့်အညီ မဟုတ်သည့် အဂတိလိုက်စားမှုအချို့ကြောင့် နိုင်ငံသူနိုင်ငံသားများ နစ်နာလျက်ရှိပါကြောင်း၊ ဥပဒေနှင့်မညီသည့် မှုခင်းဖြစ်စဉ်များကို တရားရုံးများ၌ တရားစွဲတင်သည့်အခါ တရားရုံးအချို့သည် ဥပဒေအရ နိုင်ငံသားများ ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများ၊ ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေ၊ တရားစီရင်ရေးမူများကို မျက်ကွယ်ပြုဆုံးဖြတ်သည့်အခါ တရားစီရင်ရေးကဏ္ဍ တိမ်းစောင်းလာပြီး တရားမျှတမှုမရှိသည့် စီရင်ချက်များနှင့်အတူ တရားရေးဂုဏ်သိက္ခာသည် ကျဆင်းသထက်ကျဆင်းလာပါကြောင်း၊ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်၊ ဥပဒေအကာအကွယ်ကို တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်ဖြစ်ကြောင်း။

လာဘ်ငွေထိုးမှ အမှုတွဲလက်ခံပြီး ငွေကြေးတစ်စုံတစ်ရာ မပေးနိုင်လျှင် အကျဉ်းနည်း၊ ပလပ်ခြင်းများသည် တရားရုံးများအပေါ် ယုံကြည်မှုလျော့နည်းစေသည့်အပြင် နစ်နာမှုများစွာ ဖြစ်နေစေပါကြောင်း။

တရားစီရင်ရေးအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှု ကျဆင်းစေသည့်အချက်များတွင် အမှုများကြန့်ကြာနေမှုအပိုင်းလည်း ပါဝင်ပါကြောင်း၊ မလိုအပ်ဘဲ အမှုကြန့်ကြာနေသည့် အခြေအနေကိုလည်း တွေ့ရှိနေရပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များတွင် တရားသူကြီး အရေအတွက်ကို တိုးမြှင့်ခန့်အပ်ပေးရန် အကြံပြုတင်ပြလိုကြောင်း၊ ထို့အတူ ခရိုင်နှင့် မြို့နယ်တရားရုံးများတွင် လိုအပ်သည့် ဝန်ထမ်းအရေအတွက်ကို တိုးမြှင့်ခန့်အပ်ပေးရန် အရေးတကြီး လိုအပ်လျက်ရှိပါကြောင်း၊ နိုင်ငံသူနိုင်ငံသားများ ကြုံတွေ့နေရသည့် တရားစီရင်ရေးဆိုင်ရာ အခက်အခဲများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေအကာအကွယ်ရရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တရားစီရင်ရေးအပေါ် ပြည်သူလူထု၏ ယုံကြည်အားကိုးမှု မြင့်တက်လာရန် တရားစီရင်ရေးကဏ္ဍ တည့်မတ်မှန်ကန်စေရန်နှင့် တရားရုံးများနှင့် နိုင်ငံ့ဂုဏ်သိက္ခာ မြင့်မားလာစေရန် ပြည်ထောင်စုလွှတ်တော်ချုပ်အနေဖြင့် အရေးတကြီးအာရုံစိုက် ဆောင်ရွက်ပေးနိုင်ရန်တိုက်တွန်းကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၊ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၊ ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင်၊ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း၊ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင်၊ ပုဇွန်တောင် မဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်း၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း၊ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၊ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး၊ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ်၊ ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာ ဦးလှိုင်မြင့်ဟန်နှင့် ဒလ မဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေးတို့က ဆွေးနွေးကြသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်က တရားစီရင်ရေး ဖြောင့်မတ်ကြံ့ခိုင်ရေးအတွက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တရားရုံးများတွင် အဓိကတာဝန်ရှိပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည့် တရားစီရင်ရေးမူများနှင့်အညီ တရားစီရင်ရေးဖြောင့်မတ်မှန်ကန်ရေး၊ တရားစီရင်ရေးကို ပြည်သူလူထု ယုံကြည်ကိုးစားမှုရှိရေးအတွက် တာဝန်ယူကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားရုံးအဆင့်ဆင့်ကို ကြီးကြပ်ကွပ်ကဲလျက်ရှိပါကြောင်း၊ တရားစီရင်ရေးကဏ္ဍဟုဆိုရာတွင် တရားသူကြီးများသာမက ဥပဒေအရာရှိများ၊ ရှေ့နေ ရှေ့ရပ်များ၊ သက်သေများနှင့် အမှုကို စုံစမ်းစစ်ဆေးပြီး တရားရုံးသို့တရားစွဲတင်ပို့ရသည့် တရားစွဲအဖွဲ့အစည်းများသည်လည်း အကျုံးဝင်ပါကြောင်း၊ ၎င်းတို့၏ ပေါ့လျော့မှု၊ လုပ်ငန်းမကျွမ်းကျင်မှုနှင့် မရိုးသားမှုများကြောင့် တရားစီရင်ရေးကဏ္ဍ တိမ်းစောင်းနိုင်ပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးအဆင့်ဆင့်ကို ကြီးကြပ်ကွပ်ကဲနိုင်သည့် လုပ်ပိုင်ခွင့်ရှိသော်လည်း တရားစီရင်ရေးကဏ္ဍတွင် အကျုံးဝင်သည့် အဖွဲ့အစည်းများကို ကြီးကြပ်ကွပ်ကဲနိုင်သည့် လုပ်ပိုင်ခွင့်မရှိပါကြောင်း၊ အဆိုပါအဖွဲ့အစည်းများကို ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် တရားလွှတ်တော်ရှေ့နေများ ကောင်စီတို့တွင်သာ လုပ်ပိုင်ခွင့်ရှိပါကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာလုပ်ပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းများကို တိုက်တွန်းသည့် အဆိုမတင်သွင်းဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုသာ တိုက်တွန်းသည့် အဆိုတင်သွင်းခြင်းမှာ မှန်ကန်ခြင်း မရှိပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးအဆင့်ဆင့်တွင် အဂတိလိုက်စားမှုကင်းရှင်းရေး၊ တရားသူကြီးများ၏ စိတ်ဓာတ်နှင့် ခံယူချက်မြင့်မားရေး၊ ကျင့်ဝတ်သိက္ခာထိန်းသိမ်းလိုက်နာရေး၊ ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေးစသည့် နည်းလမ်းများဖြင့် အသိပညာပေးခြင်းနှင့် စည်းရုံးခြင်းများ ပြုလုပ်လျက်ရှိပြီး အဂတိလိုက်စားမှုများကို တွေ့ရှိရပါက ထိရောက်စွာအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးအဆင့်ဆင့်ရှိ လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုများ မရှိစေရန် ကြိုတင်ကာကွယ်တားဆီးခြင်းနှင့် အရေးယူခြင်းအပိုင်းတို့ဖြင့် စီမံဆောင်ရွက်လျက်ရှိပါကြောင်း **အဆိုကို မှတ်တမ်းတင်သင့်ကြောင်း** ပြန်လည်ရှင်းလင်းဆွေးနွေးရာ အဆိုရှင် ဦးတင်ထွေးက **အဆိုကိုအတည်ပြုသင့်ကြောင်း** ဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ **တရားစီရင်ရေးကဏ္ဍ တိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းသည့် အဆိုနှင့်စပ်လျဉ်း၍** လွှတ်တော်၏ သဘောထားဆန္ဒကို စက်ခလုတ်နှိပ် အသုံးပြုရယူရာ **ထောက်ခံမဲ ၂၈၆ မဲ၊ ကန့်ကွက်မဲ လေးမဲ၊ ကြားနေမဲ ၆၁ မဲ** ဖြင့် အဆိုအတည်ဖြစ်ကြောင်းကြေညာသည်။

**မင်းဝေမွှေးနှင်း(သတင်းစဉ်)**

# ပြောင်းလဲမှုများနှင့် ဝန်ဆောင်မှုပေးနေသော ပြည်သူ့သတင်းစာများ

ခင်ရတနာ

**အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း နိုင်ငံပိုင်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများသည် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်းဖြင့် ပြည်သူများနှင့် နိုင်ငံတော်အစိုးရအကြား အပြန်အလှန်ဆက်သွယ်ပေးသည့် ကြားခံယန္တရားအဖြစ် ဖော်ဆောင်လျက်ရှိပါသည်။**



မြန်မာ့အလင်းသတင်းစာတိုက် သတင်းခန်းကို တွေ့ရစဉ်

အထူးသဖြင့် သတင်းရယူမှုပုံစံ၊ သတင်းရေးသားတင်ဆက်မှုပုံစံ၊ သတင်းစာဖွဲ့စည်းမှုပုံစံ၊ သတင်းခန်းများ အသစ်ပြန်လည်ဖွဲ့စည်းခြင်း၊ သတင်းစာတစ်စောင်၏ အရည်အသွေးနှင့် စီးပွားရေးဆိုင်ရာမူဝါဒများကို တစ်နှစ်တာအတွင်း အောင်မြင်စွာပြုပြင်ပြောင်းလဲနိုင်ခဲ့သည်။ ထိုကဲ့သို့ သတင်းစာအမှတ်တံဆိပ်မှအစ ဖော်ပြမှုပုံစံများအဆုံး ပြုပြင်ပြောင်းလဲခဲ့ရာတွင် သတင်းစာဖတ်ရှုသူများ၏ အားပေးမှုများကြောင့် အောင်မြင်မှုများစွာ ရရှိခဲ့ခြင်းဖြစ်ပြီး ပြည်သူ့ကြားက စကားသံများသည်လည်း သတင်းစာမျက်နှာများထက်တွင် ဝေဝေဆာဆာဖြင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရအပါအဝင် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးစသည့် မဏ္ဍိုင်ကြီးသုံးရပ်မှ သတင်းဦး သတင်းထူးများသည်လည်း စာမျက်နှာများထက်တွင် အသွင်သစ်ဖြင့်လည်းကောင်း ဖော်ပြနိုင်ခဲ့ပြီဖြစ်သည်။

ပြည်သူ့သတင်းစာများမှ သတင်းထောက်များ၊ အယ်ဒီတာများ၊ ဝန်ထမ်းများနှင့် တစ်နိုင်ငံလုံးရှိ မြို့နယ်သတင်းထောက်များအတွက် ပြည်တွင်း ပြည်ပမှ သတင်းစာပညာရှင်များ၊ ဥပဒေပညာရှင်များ၊ စာရေးဆရာကြီးများနှင့် ခေတ်ပိုပညာရှင်များစသည်တို့ကို ဖိတ်ခေါ်ကာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်တန်းများပေးခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ ပြည်ပသတင်းစာပညာသင်တန်းများသို့ စေလွှတ်ခြင်းများကို တစ်နှစ်တာအတွင်း ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် သတင်းစာမျက်နှာများပေါ်တွင် ပြည်သူတို့ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို ပိုမိုထည့်သွင်းလာနိုင်ခဲ့သည့်အပြင် ထူးခြားသတင်းများ၊ သတင်းကွင်းဆက်များ၊ သတင်းဆောင်းပါး၊ သတင်းသုံးသပ်ချက် စသည့် မတူညီသည့် ရှုထောင့်အမျိုးမျိုးမှ ချဉ်းကပ်ရယူ ရေးသားဖော်ပြလာနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတကာသတင်းများကိုလည်း ပြည်တွင်းသတင်းများနည်းတူပင် သုံးသပ်ဝေဖန်ထောက်ပြခြင်း၊ ထူးခြားသတင်းများကို သတင်းဦးအဖြစ် ပြည်သူ့ထံတင်ပြခြင်းများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်ပသတင်းဌာနကြီးများနှင့် သတင်းများဖလှယ်၍ အသုံးပြုနိုင်ခဲ့ပြီး ရိုက်တာသတင်းဌာနမှလည်း သတင်းများကို ဘဏ္ဍာနှစ်တစ်နှစ်စာအတွက် အမေရိကန်ဒေါ်လာ ၁၉၂၀၀ ဖြင့် ဝယ်ယူ၍ သတင်းစာများအတွင်း ထည့်သွင်းဖော်ပြနိုင်ခြင်းဖြင့် နိုင်ငံတကာ ထူးခြားဖြစ်စဉ်များကို ပြည်သူများ မျက်ခြည်မပြတ် သိရှိခွင့်ရရှိစေသည်။



ပန်းဆိုးတန်းလမ်းရှိ စာနယ်ဇင်းစာအုပ်အရောင်းဆိုင်

မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာကြီးများသည် အစိုးရသစ်စတင်တာဝန်ယူသည့်နေ့မှ စတင်ကာ မူလအနေအထားကို ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ရေးဆွဲထားသည့် အမှတ်တံဆိပ်အသစ်ဖြင့် သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်ခဲ့ကြသည်။ ပြည်သူ့သတင်းစာများက နေ့စဉ် မိဘပြည်သူများအတွက် အသိပညာပေးဝေရေး၊ ဖျော်ဖြေရေး၊ ပြန်ကြားပေးရေး၊ သတင်းထုတ်ပြန်ပေးရေးနှင့် ဆွဲဆောင်မှုရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသတင်းစာမျက်နှာများ ဖြစ်လာစေရေး နေ့စဉ်နှင့်အမျှ ကြိုးပမ်းနေကြသည်။ ကိုယ်ပွားသတင်းစာတိုက်များမှတစ်ဆင့်လည်း တိုင်းရင်းသားစာမျက်နှာများကို တိုးချဲ့ထုတ်ဝေနိုင်ရန် ကြိုးပမ်းနေပြီး လက်ရှိတွင် မော်လမြိုင်ကိုယ်ပွားသတင်းစာတိုက်မှ မွန်ဘာသာ၊ စကောကရင်ဘာသာ၊ ပိုးကရင်ဘာသာ၊ ပအိုဝ်းဘာသာတို့ဖြင့် သတင်းများကို အပတ်စဉ်ထုတ်ဝေကာ သတင်းစာများတွင် ထည့်သွင်းဖော်ပြခြင်းဖြင့် တိုင်းရင်းသားတို့အတွက် အသိပညာများပေးဝေလျက်ရှိသည်။ မန္တလေးကိုယ်ပွားသတင်းစာတိုက်မှနေ၍လည်း မန္တလေးစာမျက်နှာအဖြစ် အပတ်စဉ် မန္တလေးသတင်း၊ မန္တလေးဆောင်းပါးများကို တိုးချဲ့ထုတ်ဝေလျက်ရှိပါသည်။

နိုင်ငံပိုင်သတင်းစာများသည် နိုင်ငံ့အကျိုးအတွက် အကျိုးရှိစေမည့် သတင်းများ၊ မဖြစ်မနေပါဝင်သင့်သည့် သတင်းများကို ဦးစားပေးဖော်ပြလျက်ရှိသည်။ ဖော်ပြရာတွင် ပဋိပက္ခဖြစ်စေမည့်၊ အငြင်းပွားစေမည့်၊ လိုရာကောက်ချက်ဆွဲယူနိုင်မည့် အရေးအသား၊ ဖော်ပြချက်များကို ရှောင်ရှားကာ သတင်းစာကျင့်ဝတ်များ၊ နိုင်ငံပိုင်သတင်းစာများအတွက် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖော်ပြခြင်းဖြင့် ပြည်သူနှင့်အစိုးရအကြား ပေါင်းကူးပေးနေရသူများလည်း ဖြစ်သည်။ ထို့အပြင် နိုင်ငံပိုင်သတင်းစာများ ဖြစ်သည်နှင့်အညီ သတင်းစာကျင့်ဝတ်များနှင့်အတူ သတင်းအချက်အလက်မှန်ကန်မှု၊ သုံးသပ်မှု မှန်ကန်မှုအပြင် မြန်မာဘာသာအဆင့်အတန်း၊ စာလုံးပေါင်းသတ်ပုံတိကျမှုနှင့် အခြားသော ပြည်သူများ သိရှိရမည့် အချက်အလက်များစွာကိုလည်း တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် ခြုံငုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သည်။

သတင်းစာများတွင် ဖော်ပြသည့် အချက်အလက်များ၏ ခိုင်မာမှု၊ အာမခံနိုင်မှုနှင့် ရိုးသားစွာတင်ဆက်မှုများကြောင့် ပြည်သူလူထု၏ ယုံကြည်မှုကို ရရှိလာခြင်းသည် သတင်းစာတစ်စောင်၏ ဂုဏ်သိက္ခာပင်ဖြစ်သည်။ နိုင်ငံပိုင်သတင်းစာများသည် ပြင်ပသတင်းစာများနှင့် နှိုင်းယှဉ်ကြည့်ပါက သတင်းဦးဖော်ပြမှုအားနည်းနေသေးသည်ဟု တွေးဆနိုင်သော်လည်း သတင်းစာဖတ်သူများ၏ အမြင်၊ သတင်းစာအပေါ်ယုံကြည်မှု၊ သတင်းစာအပေါ် ခံယူမှုများသည်လည်း မတူညီကြသည်ကို တွေ့ရသည်။ နိုင်ငံပိုင်သတင်းစာများ၏ သတင်းစာမျက်နှာများထက်တွင်ပါရှိသည့် သတင်းများသည် အစိုးရကို ကိုယ်စားပြုသည်ဟူသည့် အမြင်များကိုလည်း မြင်တွေ့ရသည်။ နိုင်ငံပိုင်သတင်းစာများသည် နိုင်ငံနှင့် ပြည်သူ့အတွက် အကျိုးကျေးဇူးရရှိစေမည့် သတင်းများ၊ မဖြစ်မနေပါဝင်သင့်သည့်သတင်းများကို ဦးစားပေးဖော်ပြလျက်ရှိပြီး ဖော်ပြရာတွင်လည်း ပဋိပက္ခဖြစ်စေမည့်၊ အငြင်းပွားစေမည့်၊ လိုရာကောက်ချက်ဆွဲယူနိုင်မည့် အရေးအသား၊

*စာမျက်နှာ ၉ သို့*

သတင်းစာဖောင်များကို CTP အခန်း၌ စက်တင်ရန် စာဖောင်ပလိတ်ပြားထုတ်နေစဉ်



ရန်ကုန်မြို့ မြန်မာ့အလင်းသတင်းစာတိုက်ရှိ ကြော်ငြာလက်ခံရာဌာန






ရန်ကုန်စာဖတ်ပရိသတ်ထံ နေ့စဉ်ထုတ်သတင်းစာများ အချိန်မီရောက်ရှိရေး ဖြန့်ချိရေးလုပ်ငန်းကလည်း စွမ်းစွမ်းတမံ

*စာမျက်နှာ ၈ မှ*

ဖော်ပြချက်များကို ရှောင်ရှားကာ သတင်းစာကျင့်ဝတ်များ၊ နိုင်ငံပိုင်သတင်းစာများအတွက် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖော်ပြခြင်းဖြင့် ပြည်သူနှင့်အစိုးရ အကြား ပေါင်းကူးပေးနေရသူများလည်းဖြစ်သည်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် အောင်မြင်သည့် လုပ်ငန်းတစ်ခုဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် လုပ်ငန်းစဉ်တိုင်းတွင် အခွင့်ထူးခံစားရခြင်းအလျဉ်းမရှိဘဲ သယ်ယူပို့ဆောင်မှုလုပ်ငန်းမှစ၍ ကျသင့်သည့် အဖိုးအခများအလိုက် ပေးဆောင်နေသည်ကို ဂုဏ်ယူဖွယ်တွေ့ရှိရသည်။ ထို့အပြင် ကုန်ကြမ်းများဝယ်ယူမှုနှင့် သတင်းစာရောင်းချမှုများတွင် ကုန်သွယ်ခွန်အပြည့်အဝ ပေးသွင်းလျက်ရှိပြီး အမြတ်ငွေ၏ ၂၅ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ် နိုင်ငံတော်သို့ ပေးသွင်းလျက်ရှိသည်။ ထို့အပြင် အမြတ်ငွေ၏ ၂၀ ရာခိုင်နှုန်းကို နိုင်ငံတော်ထည့်ဝင်ငွေအဖြစ် ပေးအပ်ကာ အမြတ်ငွေ၏ ၅၅ ရာခိုင်နှုန်းကိုလည်း လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် ပြန်လည်ထည့်ဝင်စုဆောင်းထားရှိသည်။ ယခုအခါ လုပ်ငန်းသုံးရင်းနှီးငွေ စုဆောင်းထားရှိသည့် ပမာဏမှာ ထိုက်သင့်သလောက်ရှိလာပြီး နှစ်စဉ်အသုံးစရိတ်အတွက် သုံးစွဲနိုင်သည့် အခြေအနေများကြောင့် ပြည်ထောင်စုရန်ပုံငွေစာရင်းခေါင်းစဉ်မှ ကျခံသုံးစွဲခြင်းမပြုတော့ဘဲ လုပ်ငန်းသုံးရင်းနှီးငွေအတွင်းမှသာ ပြန်လည်ထုတ်ယူသုံးစွဲနိုင်လာပြီဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ သတင်းစာတွေက အစိုးရရဲ့မူဝါဒတွေ၊ အစိုးရရဲ့ ဆောင်ရွက်ချက်တွေနဲ့ အစိုးရရဲ့ လိုအပ်ချက်တွေကို ဖော်ပြပေးနေသလို တစ်ဖက်မှာလည်း ပြည်သူတွေရဲ့ လိုအင်ဆန္ဒတွေ၊ သဘောထားတွေ၊ တွေ့ကြုံခံစားမှုစတာတွေကို ပေါင်းကူးဖော်ပြပေးနေပါတယ်။ ကျွန်တော်တို့ သတင်းစာတွေဟာ အများပြည်သူအကျိုးအတွက် သတင်းဝန်ဆောင်မှုတာဝန်အပြင် အောင်မြင်တဲ့ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းအဖြစ်လည်း ရေရှည်ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာတွေကို တိကျမှန်ကန်မျှတပြီး ဂုဏ်သိက္ခာမြင့်မားတဲ့ နိုင်ငံပိုင်သတင်းစာများအဖြစ်နဲ့ ရပ်တည်နိုင်ဖို့ Joint Venture စနစ်နဲ့ လည်ပတ်နေတဲ့ The Global New Light of Myanmar သတင်းစာကို အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေတဲ့ အဓိကသတင်းစာအဖြစ် ရပ်တည်နိုင်ဖို့ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်”ဟု သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးရဲနိုင်က ပြောကြားသည်။

ပို၍ထူးခြားသည်မှာ မိမိတို့သတင်းစာတိုက်များသည် ပြည်သူကိုမျက်နှာမူပြီး တင်ဆက်ပေးနေသကဲ့သို့ နိုင်ငံပိုင်သတင်းစာအနေအထားဖြင့်လည်း တင်ဆက်နေကြရသည်ဖြစ်ရာ အစိုးရ၏ လုပ်ရှားမှုများနှင့် ရည်မှန်းချက်များ၊ မူဝါဒများ၊ ဌာနဆိုင်ရာများမှ ထုတ်ပြန်ချက်များနှင့် ပြည်သူလူထုအတွက် ပြန်ကြားချက်၊ အသိပေးချက်များ၊ ဥပဒေများနှင့် ဥပဒေမူကြမ်းများ စသည်တို့ကိုလည်း အမှားအယွင်းမရှိအောင် တင်ဆက်ပေးနေရသည့် တာဝန်များကိုထမ်းဆောင်နေရခြင်းဖြစ်သည်။

မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် ပြည်သူ့သဘောထားစင်မြင့်၊ ထင်သာမြင်သာပြုပြင်စရာ၊ စာတည်းထံပေးစာစသည့် ကဏ္ဍများကို ထည့်သွင်းဖော်ပြလျက်ရှိခြင်းကြောင့် ပြည်သူများအနေဖြင့် ၎င်းတို့၏ခံစားချက်များ၊ အခက်အခဲများ၊ စိုးရိမ်ပူပန်မှုများ၊ ပြုပြင်ဆောင်ရွက်စေလိုမှုများကို အစိုးရထံ အပြုသဘောဆောင်သည့် ရေးသားမှုတို့ဖြင့် လွတ်လပ်စွာဖော်ပြနိုင်သကဲ့သို့ အပြုသဘောဖြင့် ဝေဖန်ထောက်ပြနိုင်သည့်အတွက် နေ့စဉ်နှင့်အမျှ တိုက်ရိုက်အကျိုးသက်ရောက်မှုများရှိသည်ကို မြင်တွေ့ရသည်။

လူငယ်ကလောင်သစ်များ ပေါ်ထွန်းစေရေးနှင့် စာပေမြတ်နိုးမှု ပိုမိုရှင်သန်ဖြစ်ထွန်းလာစေရေး မျိုးဆက်သစ်ရင်ပြင်ကဏ္ဍကို ကြေးမုံသတင်းစာတွင် အပတ်စဉ်ဖော်ပြပေးလျက်ရှိပြီး တစ်နိုင်ငံလုံးမှ မျိုးဆက်သစ်လူငယ်များ၏ အတွေးအမြင်များ၊ ခံစားမှုများကို ဖော်ပြပေးခဲ့ရာ တစ်နိုင်ငံလုံးရှိ တက္ကသိုလ်အသီးသီးတွင် ပညာသင်ကြားနေကြသည့် ကျောင်းသားကျောင်းသူများ၊ အခြေခံပညာကျောင်းသားကျောင်းသူများနှင့် လူငယ်များက အားပေးခဲ့သည့်အပြင် များစွာသော စာမူများကိုလည်း နေ့စဉ်နှင့်အမျှ လက်ခံရရှိလာခဲ့သည်။ ကလေးများအတွက် စာဖတ်ဝါသနာစတင်ပျိုးထောင်ပေးသည့် အပတ်စဉ် ဆန်းဒေးကာတွန်းအစီအစဉ်ကြောင့်လည်း ကလေးငယ်များ စာဖတ်ဝါသနာရရှိလာပြီး စာဖတ်ရှိန်မြင့်တင်ပေးနိုင်ခြင်းအပြင် အနုပညာစွမ်းအား၊ စိတ်ဓာတ်နှင့် စာရိတ္တသတ္တိများကိုပါ ပေးဝေနိုင်ခဲ့သည်။

**ကုန်ကြမ်းများဝယ်ယူမှုနှင့် သတင်းစာရောင်းချမှုများတွင် ကုန်သွယ်ခွန်အပြည့်အဝ ပေးသွင်းလျက်ရှိပြီး အမြတ်ငွေ၏ ၂၅ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ် နိုင်ငံတော်သို့ ပေးသွင်းလျက်ရှိသည်။ ထို့အပြင် အမြတ်ငွေ၏ ၂၀ ရာခိုင်နှုန်းကို နိုင်ငံတော်ထည့်ဝင်ငွေအဖြစ် ပေးအပ်ကာ အမြတ်ငွေ၏ ၅၅ ရာခိုင်နှုန်းကိုလည်း လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် ပြန်လည်ထည့်ဝင်စုဆောင်းထားရှိ**

နိုင်ငံပိုင်သတင်းစာများသည် စာဖတ်သူတိုးပွားလာခြင်း၊ နိုင်ငံအတွင်း အပျံ့နှံ့ဆုံးသတင်းစာများဖြစ်ခြင်း၊ ပြည်သူလူထု ယုံကြည်အားကိုးလာခြင်း စသည်တို့ကြောင့် ကြော်ငြာမှ ဝင်ငွေရရှိသကဲ့သို့ ယင်းကြော်ငြာဝင်ငွေနှင့် ချိန်ဆပြီး သတင်းစာတစ်စောင်တန်ဖိုးကို မူလကုန်ကျစရိတ်ထက် နှုန်းထားလျှော့ချပြီး ပင်ရင်းဈေးတစ်စောင်လျှင် ငွေကျပ် ၅၀ ဖြင့် ဝန်ဆောင်မှုပေးနိုင်ခြင်းဖြစ်သည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေလျက်ရှိသည့် The Global New Light of Myanmar သတင်းစာကိုလည်း ပုဂ္ဂလိကကုမ္ပဏီနှင့်ပူးပေါင်းကာ Joint Venture အနေဖြင့် ရေတိုကာလအတွင်း ထူထောင်နိုင်ခဲ့ပြီး ကျသင့်တန်ဖိုးထက်လျှော့ပြီး တစ်စောင်လျှင် ပင်ရင်းဈေး ငွေကျပ် ၅၀ ဖြင့်သာ ရောင်းချခဲ့သည်။ အကျိုးအမြတ်ရရှိမှုအပေါ် မူတည်ပြီး မတည်ငွေ ပြန်လည်ထည့်ဝင်ခြင်းနှင့် ရရှိအမြတ်ငွေကို ခွဲဝေနိုင်ခဲ့သည့်အပြင် နိုင်ငံတော်ဘဏ္ဍာအတွက်လည်း အမြတ်ငွေများ ပေးသွင်းနိုင်ခဲ့သည်။

နိုင်ငံပိုင်သတင်းစာလုပ်ငန်းသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက်မှ တစ်ခုအပါအဝင်ဖြစ်သည့်အားလျော်စွာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းမူဝါဒနှင့်အညီ လျာထားငွေများရရှိအောင် ဆောင်ရွက်ခြင်းအပြင် အရှုံးမရှိစေရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အမြတ်ရရှိမှုကိုလေ့လာကြည့်သည့်အခါ နှစ်စဉ်ထိုက်သင့်သောအမြတ်ငွေများရရှိခဲ့ပြီး ပြည်သူ့ဘဏ္ဍာကိုလည်း တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရှိရပါသည်။

အစိုးရသစ်လက်ထက်အတွင်း အမြို့မြို့အနယ်နယ်အပြင် ကျေးလက်ဒေသများနှင့် ဝေးလံခေါင်သီဒေသများအထိ သတင်းစာပျံ့နှံ့ရောက်ရှိနိုင်ရေးအတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ စီမံဆောင်ရွက်လျက်ရှိပြီး သတင်းစာအချိန်မီပေးပို့နိုင်ရေးနှင့် သတင်းအချက်အလက်များ ဆောလျင်စွာရရှိနိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးကို ကြိုးပမ်းလျက်ရှိသည်။

ထူးခြားချက်မှာ မြင့်မားလာခဲ့သည့် သတင်းအချက်အလက်နည်းပညာများအရ ပြည်သူများ အွန်လိုင်းမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ ရယူနိုင်ရေးကို ရှေးရှုကာ အွန်လိုင်းဒစ်ဂျစ်တယ် သတင်းစာအဖြစ် တိုးမြှင့်ထုတ်လွှင့်နိုင်ရန် ဆောင်ရွက်နေပြီဖြစ်ပြီး မကြာမီ မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာတို့ဖြင့် အွန်လိုင်းတွင် ဖတ်ရှုနိုင်ကြတော့မည်ဖြစ်သည်။



စာဖတ်ပရိသတ်ထံ နေ့စဉ်ထုတ်သတင်းစာများ အချိန်မီရောက်ရှိရေး ဖြန့်ချိရေးလုပ်ငန်းမှ လုပ်သားကြီးများ အားကြိုးမာန်တက် ဆောင်ရွက်နေစဉ်

သတင်းများကို သတင်းစာကျင့်ဝတ်နှင့်အညီ မျှတစွာ၊ လတ်ဆတ်စွာ၊ ဘက်ညီစွာတင်ပြနိုင်ရေးအတွက် ပြည်သူ့သတင်းစာများက တိကျစွာလိုက်နာကျင့်သုံးလျက်ရှိပြီး သတင်းစာမျက်နှာတိုင်းသည် ပြည်သူ့အတွက် သတင်းအမှန်ပြန်ကြားပေးရန်သာ အဓိကထား ရည်ရွယ်ဖော်ပြနေကြသည်။ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာခဲ့သည့် မြန်မာမီဒီယာလောကတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေလျက်ရှိသည့် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းကြာမြင့်ခဲ့သော မြန်မာ့အလင်းသတင်းစာ၊ နှစ်ပေါင်း ၆၀ သက်တမ်းရှိ ကြေးမုံသတင်းစာနှင့် အသွင်သစ်ဖြင့် ပြောင်းလဲတင်ဆက်လျက်ရှိသော The Global New Light of Myanmar သတင်းစာကြီးများသည်လည်း ခေတ်နှင့်အညီ အစိုးရ၏ သတင်းထုတ်ပြန်ချက်များ၊ ပြည်သူလူထုသိသင့်သိထိုက်သည်များ၊ ပြည်သူ့အသံများ၊ စာဖတ်သူအကြိုက် ဖျော်ဖြေရေးကဏ္ဍများစသည်ဖြင့် ကြိုးစားတင်ဆက်လျက်ရှိပါကြောင်း။ ။



မြန်မာ့အလင်းသတင်းစာကို စက်တင်ပုံနှိပ်ရာတွင် မင်ကျမင်နကောင်းပြီး အရောင်အရည်အသွေးမီအောင် စက်ဆရာများ စောင့်ကြပ်ကြည့်ရှုနေစဉ်

# မြောက်ကိုရီးယားအရေးကို ဂျပန်၊ တောင်ကိုရီးယားတို့နှင့်အတူ ထရန့်ဆွေးနွေးမည်

**ဝါရှင်တန် မတ် ၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် မြောက်ကိုရီးယားနိုင်ငံ၏ ခြိမ်းခြောက်မှုကို နီးကပ်စွာ အတူတကွရင်ဆိုင်ဖြေရှင်းရန် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံခေါင်းဆောင်များနှင့် သဘောတူညီခဲ့ကြောင်း သိရသည်။

ထရန့်သည် တနင်္လာနေ့က ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တောင်ကိုရီးယားဝန်ကြီးချုပ် ခွမ်ကျိုအန်းတို့နှင့် သီးခြားစီ ဖုန်းဆက်သွယ်ပြောဆိုမှု ပြုလုပ်ခဲ့ကြောင်း ဝါရှင်တန်တိုင်းမ်သတင်းစာတွင် ဖော်ပြထားသည်။


အိမ်ဖြူတော် အာဏာပိုင်များက ပြောကြားသည်မှာ ခေါင်းဆောင်သုံးဦးတို့သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်လိုက်သည့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်လျက် မြောက်ကိုရီးယားနိုင်ငံက ပြုလုပ်ခဲ့သည့် ဒုံးကျည်ပစ်လွှတ်ခဲ့မှုများအပေါ် မည်သို့ တုံ့ပြန်ဖြေရှင်းမည်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ခြိမ်းခြောက်လာမှုကို ရင်ဆိုင်ဖြေရှင်းရာတွင် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံအား အမေရိကန်က အပြည့်အဝ ကူညီထောက်ပံ့ပေးသွားမည့်အကြောင်း ထရန့်က အခိုင်အမာပြောကြားခဲ့သည်။

ထရန့်က ၎င်း၏အစိုးရအဖွဲ့သည် မြောက်ကိုရီးယား ဒုံးကျည်ပစ်ခတ်မှု ပြဿနာရပ်များကို ကိုင်တွယ်ရန် အဏုမြူလက်နက် တားမြစ်ရေးကို တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကာကွယ်ရေး ဝန်ဆောင်မှုစနစ်များကို အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ထရန့်သည် ဂျပန်ဝန်ကြီးချုပ် အာဘေးနှင့် တောင်ကိုရီးယားဝန်ကြီးချုပ်ခွမ်တို့အား မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှုကိစ္စရပ်နှင့် ပတ်သက်၍ နှစ်နိုင်ငံ ဆွေးနွေးပွဲများနှင့် သုံးနိုင်ငံ ဆွေးနွေးပွဲများကို မကြာမကြာ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(အင်န်အိတ်ချ်ကေ)




# အိန္ဒိယတွင် ရထားတစ်စင်းပေါက်ကွဲ ခြောက်ဦးဒဏ်ရာရရှိ

**နယူးဒေလီ မတ် ၇**

အိန္ဒိယနိုင်ငံအလယ်ပိုင်း မဒရာပရာဒေ့ရှ်ပြည်နယ်တွင် မတ် ၇ ရက်က ခရီးသည်တင်ရထားတစ်စင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့သောကြောင့် အနည်းဆုံး လူခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အဆင့်မြင့် ရဲအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

မတ် ၇ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခန့်တွင် မဒရာပရာဒေ့ရှ်ပြည်နယ် ရှာဂျပါခရိုင်၌ ဘိုပယ်ဥဂျင်ခရီးသည်တင် ရထားတွဲ တစ်တွဲ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမည်မဖော်လိုသူ မျက်မြင်သက်သေတစ်ဦးက ပြောခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း၊ ဒဏ်ရာရရှိသူများအား ကာလာပိုက်ပယ်အစိုးရဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာပေါ်ရှိ တတိယအကြီးဆုံး နိုင်ငံပိုင် မီးရထားကွန်ရက် ရှိရာ အိန္ဒိယနိုင်ငံတွင် ခရီးသည်တင်ရထား အစင်း ၁၂၀၀၀ ရှိပြီး ခရီးသည် ၂၃ သန်းအား ဝန်ဆောင်မှုပေးလျက်ရှိသည်။

မီးရထားလမ်းပိုင်းဆိုင်ရာများမှာ နှစ်ကာလ ရှည်ကြာနေပြီဖြစ်သဖြင့် ဘေးကင်းစိတ်ချရမှုမရှိကြောင်း သိရသည်။

(ဆင်ဟွာ)



ပေါက်ကွဲမှုဖြစ်ပွားသည့် ရထားအား တွေ့ရစဉ်

# ဂမ်နှစ်ရှိ နီပေါအဘိုးအို တောင်တက်စံချိန်ချိုးတော့မည်

**ခတ္တမန္ဒူ မတ် ၇**

အသက် ၈၆ နှစ်အရွယ်ရှိ နီပေါလူမျိုး ဂေါ်ရခါးစစ်သားဟောင်း အဘိုးအိုတစ်ဦးသည် ကိုမိုလန်မ တောင်တက်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည့်အတွက် ထိုတောင်ကိုတက်မည့် ကမ္ဘာ့အသက်အကြီးဆုံး အဘိုးအိုတစ်ဦး ဖြစ်လာတော့မည်ဖြစ်သည်။

ယမန်နေ့က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အဘိုးအို မင်ဗဟာဒူးရှာချန်က ယခင်ဂင်းနစ်စံချိန်ဟောင်းကို ချိုးဖြတ်ရန်အတွက် လာမည့်နွေရာသီတွင် အမြင့်ဆုံးတောင်ထိပ်သို့ တက်ရောက်မည်ဖြစ်ကြောင်း၊ ထိုသို့တက်ရောက်ပြီး ကမ္ဘာ့အသက်အကြီးဆုံး တောင်တက်သမားစံချိန်ကိုရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ရှာချန်ကို ၁၉၃၁ ခုနှစ်တွင် နီပေါနိုင်ငံ အနောက်ပိုင်း မြဂဒီခရိုင်တွင် မွေးဖွားခဲ့သည်။ ၂၀၀၈ ခုနှစ် ၎င်းအသက် ၇၇ နှစ်တွင် အမြင့် ၈၈၄၈ မီတာရှိ တောင်ထိပ်တစ်ခုကို တက်ရောက်ခဲ့သည်။ ထို့ကြောင့် ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် ဂင်းနစ်ကမ္ဘာ့စံချိန်စာအုပ်တွင် မှတ်တမ်းတင်ခြင်းခံရသည်။

ယခုအကြိမ် ကြိုးစားမှုသည် ၎င်းအသက် ၈၆ နှစ်အရောက် ကြိုးစားမှုဖြစ်ပြီး ယခင်တင်ထားသော စံချိန်ဟောင်းကို ချိုးနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

# ဗဟိုဘဏ်နှင့် အစိုးရရုံးအဆောက်အအုံများကို အီရတ်အင်အားစုများ ပြန်လည်ရယူနိုင်

**မိုဆူးလ် မတ် ၇**

မိုဆူးလ်မြို့ အနောက်ပိုင်းရှိ အိုင်အက်စ်စစ်သွေးကြွများအား တိုက်ထုတ်နိုင်ရန် လုပ်ဆောင်လျက်ရှိသည့် အီရတ်အစိုးရအဖွဲ့ အင်အားစုများသည် လွန်ခဲ့သော သုံးနှစ်အကြာက စစ်သွေးကြွများ လုယက်ဖျက်ဆီးခဲ့သည့် မိုဆူးလ်ရှိ အစိုးရရုံးအဆောက်အအုံ၊ ဗဟိုဘဏ်ခွဲနှင့် ပြတိုက်တို့ကို အင်္ဂါနေ့တွင် ပြန်လည်ရယူနိုင်ခဲ့ပြီဖြစ်ကြောင်း သိရ သည်။

ဖျက်ဆီးခံခဲ့ရသည့် အစိုးရရုံးအဆောက်အအုံများကို အိုင်အက်စ်အဖွဲ့က အသုံးပြုခဲ့ခြင်းမရှိပေ။ အဆိုပါနေရာများအား ပြန်လည်ရယူနိုင်ခြင်းသည် အီရတ်ရှိ စစ်သွေးကြွများ အကြီးအကျယ်ချုပ်ကိုင်ခဲ့သည့် မိုဆူးလ်အရေးနှင့်ပတ်သက်သည့် စစ်ပွဲအတွင်း ပြောင်မြောက်သည့် အောင်ပွဲတစ်ရပ်အဖြစ် ကိုယ်စားပြုခဲ့သည်။ ညသန်းခေါင်ယံအချိန် ဖြစ်ပွားသည့် စီးနင်းတိုက်ခိုက်မှုတွင် လျှပ်တစ်ပြက်တုံ့ပြန်ရေး လက်ရွေးစင်တပ်ဖွဲ့ဝင်များသည် နိုင်ဗင့်အစိုးရရုံးအဆောက်အအုံနှင့် အစိုးရအမှုထမ်းအိမ်ရာများတွင် အပြင်းအထန်တိုက်ခိုက်ခဲ့ကြောင်း ဒုတိယဗိုလ်မှူးကြီး အဗ္ဗဒယ်လ်အမာအယ် မိုဟမ်မဒါဝီက ပြောကြားခဲ့သည်။

တိုက်ခိုက်ရေးအဖွဲ့သည် အိုင်အက်စ်အဖွဲ့က တရားရုံးအဖြစ် အသုံးပြုလျက်ရှိသည့် အဆောက်အအုံကိုလည်း တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။ စစ်သွေးကြွများသည် ၂၀၁၄ ခုနှစ်က မိုဆူးလ်မြို့အား သိမ်းပိုက်ခဲ့ချိန်တွင် ဗဟိုဘဏ်အား တိုက်ခိုက်လုယက်မှုများ ပြုလုပ်ခဲ့ကြပြီး အထိမ်းအမှတ်ရုပ်တုများ၊ လက်မှုအနုပညာပစ္စည်းများအား ဖျက်ဆီးခဲ့ကြကာ ထိုသို့ဖျက်ဆီးခဲ့မှုများကို ဗီဒီယိုဖိုင်များဖြင့် ကိုယ်တိုင်မှတ်တမ်းတင်ခဲ့ကြသည်။

စစ်သွေးကြွများ၏ ထိန်းချုပ်မှုအောက်တွင် ဆီးရီးယားနိုင်ငံ ပယ်လ်မိုင်ရာမြို့မှ အီရတ်နိုင်ငံ နိုင်ဗင့်သို့ တရားမဝင် ဖြတ်သန်းဝင်ရောက်မှုများ ပြည့်နှက်ခဲ့သည်။ အဆိုပါနယ်မြေများသည် စစ်သွေးကြွအဖွဲ့၏ အဓိကဝင်ငွေရှာဖွေရာ အရင်းအမြစ်များဖြစ်ခဲ့သည်။

(ရိုက်တာ)



# မြောက်ကိုရီးယား ဒုံးကျည်ပစ်လွှတ်မှုအပေါ် အမေရိကန်ရှုတ်ချ

**ဝါရှင်တန် မတ် ၇**

မြောက်ကိုရီးယားနိုင်ငံ၏ ပဲ့ထိန်းဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကို ကန့်ကွက်ရှုတ်ချကြောင်း အိမ်ဖြူတော်က ယမန်နေ့က ထုတ်ဖော်ပြောကြားလိုက်သည်။ ဒုံးကျည်ပစ်လွှတ်ခြင်းသည် ကာလရှည်ကြာ ရန်စသည့် အပြုအမူဟု အိမ်ဖြူတော်ပြောခွင့်ရပုဂ္ဂိုလ် စပိုက်ဆာက သတင်းသမားများအား ပြောကြားခဲ့ပြီး အလွန်စိုးရိမ်စရာကောင်းသော ခြိမ်းခြောက်မှုဟု ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ တိုက်ချင်းပစ်ဒုံးကျည်များအား ခုခံတားဆီးရန် အဆင့်ဆင့်ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း စပိုက်ဆာက ပြောသည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် ကိုရီးယားပြည်သူ့ တပ်မတော်၏ တိုက်ချင်းပစ်ဒုံးကျည်ပစ်လွှတ်မှုကို ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း မြောက်ကိုရီးယားသတင်းဌာန ကေစီအင်န်အေက သတင်းထုတ်လွှင့်ခဲ့သည်။ ကေပီအေ စစ်မဟာဗျူဟာဌာန ဟွာဆောင်အမြောက်တပ်မှ ပဲ့ထိန်းဒုံးကျည်များကို ဂျပန်နိုင်ငံရှိ အမေရိကန်စစ်အခြေစိုက်စခန်းများထိ ပစ်ခတ်နိုင်ကြောင်း ကေစီအင်န်အေ သတင်းဌာနက ဆက်လက်ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ နောက်ဆုံးဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုမှာ အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်နေသည့်အချိန်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်ပစ်လွှတ်စမ်းသပ်ခြင်းသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို ချိုးဖောက်ရာရောက်နေသည့်အတွက် တရုတ်နိုင်ငံက ကန့်ကွက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးက ယမန်နေ့က ပြောကြားခဲ့ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း တည်ငြိမ်အေးချမ်းရေးကို ဝိုင်းဝန်းထိန်းသိမ်းကြရန် တိုက်တွန်းနှိုးဆော်ခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)



မတ် ၄ ရက်က လူမှုဖူလုံရေးအဖွဲ့နှင့် Care Well Medical Co., Ltd တို့ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် လူမှုဖူလုံရေး ကဲဝဲလ်ဆေးခန်းအသစ် ဖွင့်ပွဲအခမ်းအနား၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ် (၅-၃-၂၀၁၇ ရက် နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၈ တွင် ဖော်ပြခဲ့သည့် "အာမခံထားသူ အလုပ်သမားများ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့်များ ထောက်ပံ့ပေး" သတင်း၌ သတင်းဓာတ်ပုံမှားယွင်းပါရှိသွားသည့်အတွက် တောင်းပန်အပ်ပါကြောင်းနှင့် အဆိုပါသတင်းတွင် ယခုဖော်ပြပါ သတင်းဓာတ်ပုံနှင့် ပူးတွဲဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ စာတည်း-မြန်မာ့အလင်း) (သတင်းစဉ်)

## ပညာရေးဘွဲ့ စာပေးစာယူ အနီးကပ်သင်တန်းဖွင့်မည်

**ရန်ကုန် မတ် ၇**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပညာရေးဘွဲ့ စာပေးစာယူသင်တန်းသားများ ကိုယ်တိုင်တက်ရောက်ရမည့် နွေရာသီအနီးကပ်သင်တန်းနှင့် ဖြေဆိုရမည့် စာမေးပွဲများကို ရန်ကုန်ပညာရေးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်သည်။

အမှတ်စဉ်(၃၅) ပထမနှစ်သင်တန်းနှင့် အမှတ်စဉ်(၃၄) ဒုတိယနှစ်သင်တန်းများကို ၂၀၁၇ ခုနှစ် ဧပြီ ၂၆ ရက်မှ မေ ၁၇ ရက်အထိ အနီးကပ်သင်တန်းများ ဖွင့်လှစ်သင်ကြားပြီး စာမေးပွဲကို မေ ၂၂ ရက်မှ မေ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။ သင်တန်းတက်ရောက်ရန်အတွက် ၂၀၁၇ ခုနှစ် ဧပြီ ၂၅ ရက် (အင်္ဂါနေ့) နောက်ဆုံးထား သတင်းပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော် မတ် ၇**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။ **(မိုး/ဇလ)**

# မလေးရှားနိုင်ငံ သံအမတ်ကြီး မောင်တောမြို့နယ် ကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများလှူဒါန်း

**မောင်တော မတ် ၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများသို့ မလေးရှားနိုင်ငံမှပေးပို့လှူဒါန်းသည့်စားသောက်ကုန် ရေနှင့်အသုံးအဆောင်ပစ္စည်းများအား မလေးရှားနိုင်ငံသံအမတ်ကြီးနှင့် ခရိုင်၊ မြို့နယ်အဆင့် စီမံခန့်ခွဲမှုကော်မတီများမှ တာဝန်ရှိသူများ၊ UN၊ UNHCR မှ တာဝန်ရှိသူများက ကျီးကန်ပြင်၊ ဝါးပိတ်၊ လှုဖိုးခေါင်၊ သူဦးလာကျေးရွာများသို့ ယနေ့နံနက်ပိုင်းက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ထိုသို့ သွားရောက်လှူဒါန်းရာတွင် မလေးရှားနိုင်ငံသံအမတ်ကြီးက ယခုလှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများမှာ အားလုံးပြည့်စုံလုံလောက်သည့် အတိုင်းအတာမရှိသော်လည်း တစ်ထောင့်တစ်နေရာအတွက် အဆင်ပြေမည်ဟုမျှော်လင့်မိပါကြောင်း၊ နောက်ထပ်လည်း လိုအပ်ချက်ရှိနေသောကျေးရွာများသို့လည်း ထောက်ပံ့ပစ္စည်းများကို အခါအားလျော်စွာ ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က တည်ငြိမ်အေးချမ်းမှုရရှိစေရန် ဒေသခံများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှသာလျှင် အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများမှ ထုတ်ပြန်ထားသည့်ညွှန်ကြားချက်များကိုလည်း လေးစားလိုက်နာရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံမှ ပေးပို့လှူဒါန်းထားသည့်ပစ္စည်းများမှာ မောင်တောခရိုင် စစ်တွေ၊ ပေါက်တော၊ မြေပုံမြို့နယ်များအတွက် ဆန်အိတ် ၆၀၀၀၊ ခေါက်ဆွဲ ၁၈၄၆ ဖာ၊ ရေသန့် ၉၇၅ ဖာ၊ သွားတိုက်ဆေး ဖာ ၁၀၀၊ သွားတိုက်တံ ၃၆ ဖာ၊ မျက်နှာသုတ်ပဝါ ၉၄ ဖာ၊ ပရုတ်ဆီ ၃၅ ဖာ၊ ဆပ်ပြာမှုန့် ၅၆၂ ဖာ၊ ဆပ်ပြာခဲ ၂၂ ဖာ၊ ဘီး ရှစ်ဖာ၊ အမျိုးသမီးသုံးပစ္စည်း ၁၃၉ ဖာ၊ မုတ်ဆိတ်ရိတ်ဓား ဖာ ၅၀၊ လက်သည်းညှပ် ကိုးဖာ၊ ဖိနပ်ထုပ်၅၀ တို့ဖြစ်ပြီး ကျေးရွာများသို့ အလှည့်ကျပေးပို့လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**အေးမြ(မန္တလေး)၊ အေးမင်းသူ**




# မလေးရှားသံအမတ်ကြီး စစ်တွေမြို့ရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်

**နေပြည်တော် မတ် ၇**

မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး Mr.Mohd Haniff Abd Rahman သည် ယမန်နေ့မွန်းလွဲပိုင်းက စစ်တွေမြို့ရှိ ကယ်ဆယ်ရေးစခန်းများနှင့် ဈေးများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါ သံအမတ်ကြီးနှင့်အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ သက်ကယ်ပြင်နှင့် ဆတ်ရိုးဂျာ ကယ်ဆယ်ရေးစခန်းများ၊ ဒါးပိုင်ဈေးနှင့် သဲချောင်းဈေးများသို့ သွားရောက်ကြည့်ရှုလေ့လာပြီး မလေးရှားနိုင်ငံမှ ပေးပို့လှူဒါန်းသည့်ပစ္စည်းများ ဖြန့်ဝေထောက်ပံ့မှု၊ စခန်းများ



တွင် နေထိုင်ကြသူများ၏ နေထိုင်မှု၊ အလုပ်အကိုင်နှင့် ပညာရေး၊ ကျန်းမာရေး အခြေအနေများကို စခန်းတာဝန်ခံများ အားမေးမြန်းကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင်ပြည်သူအချို့ လားရှိုးမြို့ မန်ဆူဘုန်းကြီးကျောင်းသို့ရောက်ရှိ

**နေပြည်တော် မတ် ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်ခရိုင် တုံချိန်မြို့မှ တိုက်ပွဲရှောင်ပြည်သူများသည် ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့ရှိ မန်ဆူဘုန်းကြီးကျောင်းသို့ရောက်ရှိလာရာ တည်းခိုနေထိုင်ရေး ဆောင်ရွက်ပေးထားကြောင်း သိရသည်။

လောက်ကိုင်ခရိုင် တုံချိန်မြို့မှ တိုက်ပွဲရှောင်ဒေသခံအိမ်ထောင်စု ၃၆ စုမှ အမျိုးသား ၂၈ ဦး၊ အမျိုးသမီး ၂၇ ဦး စုစုပေါင်း ၅၅ ဦးတို့သည် ယနေ့ နံနက် ၃ နာရီခန့်တွင် လားရှိုးမြို့ရပ်ကွက် ၁၂ ရှိ သီရိမင်္ဂလာ မန်ဆူဘုန်းကြီးကျောင်းသို့ ရောက်ရှိလာရာ ကျောင်းထိုင်ဆရာတော်မှ တည်းခိုနေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



# မိုးညိုမြို့နယ် ကျွန်းညိုကျေးရွာ၌ နေအိမ်မီးလောင်မှုဖြစ်ပွား

**မိုးညို မတ် ၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျွန်းညိုကျေးရွာအုပ်စု ကျွန်းညိုကျေးရွာတွင် မတ် ၆ ရက် မွန်းလွဲ ၂ နာရီ ၅၅ မိနစ်က နေအိမ် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျွန်းညိုကျေးရွာနေ အိမ်ရှင် ဦးကျော်ဝင်း၏နေအိမ် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ရေကင်းနယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး မိုးညိုမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူတို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့သည်။ မီးလောင်ရသည့်အကြောင်းအရင်းမှာ ဗာဂျီးနီးယားဆေးရွက်ကြီးများပေါင်းထားသော မီးဖိုဖွဲမီးအား လေတိုက်ရာမှတစ်ဆင့် အနီးရှိ ထရံအားကူးစက်ပြီး မီးလောင်ကျွမ်းခဲ့ရာ အလျားပေ ၂၀၊ အနံ ၁၀ ပေ အမြင့် ၁၂ ပေ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးပေါ့ဆစွာသုံးစွဲသူ ဦးကျော်ဝင်းအား ရေကင်းနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နောင်ချိုမြို့နယ်၌ ဥပဒေရုံးသစ်ဖွင့်

**နောင်ချို မတ် ၇**

ရှမ်းပြည်နယ်အစိုးအရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ပေးခဲ့သည့် ရှမ်းပြည်နယ် နောင်ချိုမြို့နယ် ဥပဒေရုံးသစ်ဖွင့်ပွဲကို မတ် ၅ ရက်က ပါဟက်ရပ်ကွက် သပြေလမ်းရှိ အဆိုပါရုံးသစ်အဆောက်အအုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရုံးသစ်အဆောက်အအုံကို ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ပြည်နယ်ဥပဒေချုပ် ဦးတင်ဦးနှင့် ဒေါက်တာဒေါ်စိန်စိန်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့် ပြည်နယ်ဥပဒေချုပ်တို့က အမှာစကားပြောကြားပြီး ရုံးအဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို Royal Group ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်မြင့်က လွှဲပြောင်းပေးအပ်ရာ မြို့နယ်ဥပဒေအရာရှိ ဒေါ်သိန်းသန်းဝင်းက လက်ခံယူသည်။

အဆိုပါ နောင်ချိုမြို့နယ် ဥပဒေရုံးအား ပြည်နယ်အစိုးရ၏ဘဏ္ဍာရန်ပုံငွေကျပ် ၂၆ ဒသမ ၉၅ သန်းဖြင့် အလျား ၄၂ ပေ၊ အနံ ၂၉ ပေ၊ အမြင့် ၁၂ ပေ အုတ်ညှပ်တစ်ထပ် အဆောက်အအုံအဖြစ် ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ရုံးသစ်ဖွင့်လှစ်ပေးနိုင်မှုကြောင့် ဝန်ထမ်းများ၏လုံခြုံရေး၊ စာရွက်စာတမ်းလုံခြုံရေးပိုမိုကောင်းမွန်ပြီး ရုံးလုပ်ငန်းများလည်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**နိုင်ထွန်း(TGI)**



# တာမွေမြို့နယ်အတွင်းမှ ကျည်မျိုးစုံနှင့် ဓားများသိမ်းဆည်းရရှိ

**ရန်ကုန် မတ် ၇**

ရန်ကုန်မြို့ တာမွေမြို့နယ် တာမွေလေးရပ်ကွက် လေးထောင့်ကန်အနီးရှိ ခုနစ်ပင်လိမ်ချောင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ရာမှ ကျည်မျိုးစုံနှင့် ဓားများ ပိုင်ရှင်မဲ့တွေ့ရှိခဲ့ကြောင်း တာမွေမြို့မရဲစခန်းမှ သိရသည်။



ဖြစ်စဉ်မှာ ယနေ့နံနက် ၉ နာရီတွင် ခုနစ်ပင်လိမ်ချောင်းအတွင်း ကုန်းရေနှစ်မျိုးသွားဘက်ဟိုးယာဉ်ဖြင့် နုန်း၊ သဲနှင့် အမှိုက်များ သယ်ယူရှင်းလင်းမှု ဆောင်ရွက်နေစဉ် ချောင်းအတွင်းမှ ကျည်မျိုးစုံ ၃၃ ထောင့်နှင့် ဓားမျိုးစုံ ၁၂ လက် တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ ချောင်းအတွင်း သိမ်းဆည်းရရှိသောကျည်များမှာ ၉ မမ ကျည် ၂၇ တောင့်၊ ပွိုင့် ၃၀၃ ကျည်နှစ်တောင့်၊ ကာဘိုင်ကျည်တစ်တောင့်တို့ဖြစ်ပြီး ၉ မမ ကျည်ခွံတစ်ခုနှင့် ဖြတ်ပိုင်းထားသော ပွိုင့် ၃၀၃ ကျည်ခွံတစ်ထောင့် စုစုပေါင်းကျည်နှင့် ကျည်ခွံ ၃၃ တောင့်နှင့် ဓားအရှည် ၁၀ လက်၊ ဓားအတို နှစ်လက် စုစုပေါင်း ၁၂ လက်ကို သိမ်းဆည်းရမိခဲ့သည်။

ယင်းဖြစ်စဉ်ဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးအဖွဲ့၊ စည်ပင်အုပ်ချုပ်ရေးမှူးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းတို့ လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မင်းထက်**


## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၀၆ စီး၊ သွင်းကုန် ၈၃၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၉ စီး၊ သွင်းကုန် ၂၆၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၆ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၈ သန်းခန့်နှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၄၈ သန်းခန့် စုစုပေါင်း သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၂၈ သန်းခန့် ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၆ ရက်က မြဝတီမှ ရန်ကုန်သို့သွားရောက်မည့် Toyota Crown (Saloon) အမျိုးအစားယာဉ်အား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသဖြင့် Toyota Crown (Saloon) အမျိုးအစားယာဉ်တစ်စီး **(အောက်ပုံ)**၊ ခန့်မှန်းတန်ဖိုးငွေကျပ်သုံးသန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




### ပြန်ကြားရေးဝန်ကြီးဌာန
### ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက်
### သက်တမ်းလွန်ပစ္စည်းများ ရောင်းချရန်အတွက်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနလက်အောက်ရှိ ဗဟိုပုံနှိပ်စက်ရုံ၊ လမ်း(၄၀/၄၆)နှင့် ဂျီတီစီပုံနှိပ်စက်ရုံတို့မှ အောက်ပါသက်တမ်းလွန်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်-

(က) ဗဟိုပုံနှိပ်စက်ရုံ ပုံတိုက်(၁)ပုံ လမ်း(၄၀/၄၆) — ၁၁၉ မျိုး
(ခ) ဂျီတီစီပုံနှိပ်စက်ရုံ ပုံတိုက်(၂)ပုံ — ၁၁၉ မျိုး
၂၃၈ မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို ၈-၃-၂၀၁၇ရက်မှ ၁၃-၃-၂၀၁၇ရက်အထိ ရုံးဖွင့်ရက်များတွင် နေ့စဉ် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၈-၃-၂၀၁၇ရက်မှ ၁၅-၃-၂၀၁၇ရက်အထိ နံနက် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါ သည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၃၈၀၈၀၄၊ ၀၁-၃၈၂၀၇၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၃၈၀၈၀၄၊ ၀၁-၃၈၂၀၇၀**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၃၈၀၈၀၄၊ ၀၁-၃၈၀၂၀၇၀**

### စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
### စက်မှုနယ်မြေ(သထုံ)
### (ယခင်ကော့စတစ်ဆိုဒါစက်ရုံ၊ သထုံ)ဧရိယာအတွင်း
### လုပ်ငန်းရှင်းနှီးမြှုပ်နှံဆောင်ရွက်ရန်အတွက်
### စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ အင်းရှည်ရွာအနီးရှိ စက်မှုနယ်မြေ(သထုံ)(ယခင်ကော့စတစ်ဆိုဒါစက်ရုံ၊ သထုံ)၏ စက်ရုံဧရိယာ ၄၁၇ဧကနှင့် ဝန်ထမ်းအိမ်ရာဧရိယာ ၂၆၁ဧက၊ စုစုပေါင်း ၆၇၈ဧကအတွင်း မည်သည့်စက်မှုလုပ်ငန်း အမျိုးအစားမဆိုဆောင်ရွက်လိုသည့် ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များအား ငှားရမ်း(သို့မဟုတ်)ဖက်စပ်စနစ်ဖြင့် ဖိတ်ခေါ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံသူများသည် ဆောင်ရွက်လိုသည့်လုပ်ငန်း၊ ပူးပေါင်းဆောင်ရွက်လိုသော စနစ်များဖော်ပြပါရှိသော အဆိုပြုလွှာမူကြမ်းအား ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ လိပ်မူလျက် ၇-၄-၂၀၁၇ရက် ညနေ ၄ နာရီ(မြန်မာစံတော်ချိန်)အရောက် ပေးပို့ရမည်ဖြစ်ပါသည်။

စက်မှုနယ်မြေ(သထုံ)ဆိုင်ရာ အခြေခံအချက်အလက်များအား အထက်ပါလိပ်စာတွင် ၈-၃-၂၀၁၇ရက်မှစ၍ ရယူနိုင်ပြီး ရင်းနှီးမြှုပ်နှံလိုသူများသည် မိမိ၏အဆိုပြုလွှာများအား အောက်ဖော်ပြပါ ကုမ္ပဏီဆိုင်ရာ အထောက်အထားများယူဆောင်ပြသလျက် လူကိုယ်တိုင်လာရောက်ပေးပို့ရမည်ဖြစ်ပါသည်။

**ကုမ္ပဏီဆိုင်ရာ အထောက်အထား**
- **သက်တမ်းရှိကုမ္ပဏီမှတ်ပုံတင်**
- **ကုမ္ပဏီသင်းဖွဲ့စည်းမျဉ်း/စည်းကမ်း**
- **နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ(ပြည်တွင်းကုမ္ပဏီဖြစ်ခဲ့လျှင်)**
**(အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်ဖုန်း-၉၅၆၇၄၀၈၃၃၅၊ ၄၀၈၁၂၉၊ ၀၉-၄၂၅၂၆၉၆၉၀)**

### တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့
### ထားဝယ်မြို့
### အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ကနက်သီရိကျေးရွာနှင့်လောင်းလုံးမြို့နယ်၊ သဘော့ဆိပ်ကျေးရွာတို့တွင် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ ၁၁၆ ဒသမ ၈သန်းဖြင့် အရေးပေါ်ခိုလှုံနိုင်ရန်အတွက် ပေ( ၆၀×၆၀×၂၄)ရှိ ရေ၊ မီး၊ မိလ္လာစနစ်အပြည့်အစုံပါဝင်သော အဆောက်အအုံ(၁)လုံးစီတည်ဆောက်လိုပါသဖြင့် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၉-၃-၂၀၁၇ရက် (ကြာသပတေးနေ့)
(ခ) တင်ဒါပိတ်မည့်ရက် - ၂၂-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)
(ဂ) တင်ဒါပိတ်မည့်အချိန် - ၂၂-၃-၂၀၁၇ရက် ညနေ ၄း၃၀နာရီ
(ဃ) တင်ဒါဖွင့်မည့်နေရာ - တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ထားဝယ်မြို့
(င) ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဆိပ်ကမ်းသာလမ်း၊ ဆန်းချီကွက်သစ်ရပ်၊ ထားဝယ်မြို့။ ဖုန်း-၀၅၉-၂၃၅၇၆၊ ၂၄၀၂၀

**တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**
**တင်ဒါခေါ်ယူရေးကော်မတီ**

### အမည်ပြောင်း

ဦးအောင်နိုင်၏သား တတိယတန်း(က)၊ လှေကျင့်ရေး အလယ်တန်းကျောင်း၊ မြစ်ကြီးနားမှ မောင်ထက်ရဲရင့်အား မောင်လင်းဒီပါအောင်နှင့် သမီးဖြစ်သူ အစိုးရမူလတန်းကြိုကျောင်း၊ မြစ်ကြီးနားမှ မဆုနဒီအား မနှင်းအိမ့်ရွှေရည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ မင်းရဲကျော်စွာအိမ်ရာ၊ တိုက်အမှတ် ၂၇၊ အခန်းအမှတ် ၀၀၂၏ အမည်ပေါက်ပိုင်ရှင် ဦးစိုးမြင့်ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးစိုးဝင်း ၁၂/ဗတထ(နိုင်)၀၃၁၄၀၅က ပိုင်ဆိုင်မှုအမည်ပြောင်းလဲ ခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

### မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့
### ယခင် BTR၊ ယခု အထက(၁) ကျောင်းတော်ကြီး၏
### နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် မဂ္ဂဇင်းစာမူများ
### တောင်းခံခြင်း

ပခုက္ကူမြို့၊ ယခင် BTR၊ ယခု အထက(၁) ကျောင်းတော်ကြီးသည် ၁၉၁၈ ခုနှစ် မှစတင်ဖွင့်လှစ်ခဲ့ရာ ယခုလာမည့် ၂၀၁၈ခုနှစ်တွင် နှစ် ၁၀၀ပြည့်မြောက်ပြီဖြစ် ပါသည်။ နှစ် ၁၀၀ အထိမ်းအမှတ် ပွဲသဘင်ကြီးအား ၂၀၁၈ခုနှစ် ဒီဇင်ဘာအတွင်းတွင်စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

နှစ် ၁၀၀ပြည့်အထိမ်းအမှတ်အဖြစ် မဂ္ဂဇင်းစာအုပ် ထုတ်ဝေမည်ဖြစ်ရာ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ရသစာတမ်း၊ ကာတွန်းများအား ၃၁-၁-၂၀၁၈ရက် နောက်ဆုံး ထားပြီးစာမူများပေးပို့ကြပါရန် လေးစားစွာဖြင့်တောင်းခံအပ်ပါသည်။

အထက(၁) ကျောင်းတော်ကြီးနှင့်ပတ်သက်သော ရှားပါးဓာတ်ပုံများ၊ သမိုင်းဝင် အထောက်အထား သိမှတ်စရာများရှိပါက ပြခန်းနှင့် မဂ္ဂဇင်းတွင် အသုံးပြုနိုင်ရန်အတွက် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ခေတ္တငှားရမ်းခြင်း(သို့မဟုတ်) လှူဒါန်းခြင်းပြုကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

**စာမူများနှင့်ဓာတ်ပုံများပေးပို့ရန်လိပ်စာ**

**(၁)ဒေါ်မြင့်မြင့်ဦး**
**ရွှေချမ်းသာလမ်း**
**(၄)ရပ်ကွက်၊ ပခုက္ကူမြို့**
**ဖုန်း-၀၉-၂၃၀၁၆၁၉**

**(၂) ဦးအောင်စိုးသန်း**
**ရပ်စုံကျောင်းလမ်း**
**(၅)ရပ်ကွက်၊ ပခုက္ကူမြို့**
**ဖုန်း-၀၉-၉၇၈၇၇၈၉၅၃**

**(၃) ကိုစိုးမိုး**
**သပြေညိုဧည့်ရိပ်သာ**
**မြို့မလမ်း၊ ပခုက္ကူမြို့**
**ဖုန်း-၀၉-၂၃၀၀၄၄၂**

**အထက(၁)၊ နှစ်(၁၀၀)ပြည့်**
**မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီ**

တိုက်(၂၆၆)၊ အခန်း(၄)၊ မြေညီထပ်၊ ရန်အောင်(၅)လမ်း၊
ရန်ကင်း (၂)ရပ်ကွက်၊
အကွက်(၁၈၉)၊ ခရေပင်လမ်း၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊
**ရောင်းမည် သိန်း(၅၂၀၀)၊ ငှားမည် (၁၀)သိန်း**
09 - 450455355, 09 - 428055555, 09 - 49200147

### ဈေးပြိုင်(အိတ်ပိတ်)လေလံခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်(အင်းလေးဒေသ)နိုင်ငံခြားသားခရီးသွားဝင်ခွင့်ကောက်ခံခြင်းလုပ်ငန်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ဈေးပြိုင်(အိတ်ပိတ်)လေလံစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ပါသဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသူများ လေလံတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

**လေလံလျှောက်လွှာရောင်းချမည့်ရက်** - ၈-၃-၂၀၁၇ရက်မှ ၁၆-၃-၂၀၁၇ရက်ထိ (ရုံးဖွင့်ရက်ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ဝယ်ယူရန်)
**လေလံဖွင့်မည့်ရက်** - ၂၀-၃-၂၀၁၇ရက်
**လေလံဖွင့်မည့်အချိန်** - နံနက် ၁၀နာရီ
**လေလံဖွင့်မည့်နေရာ** - ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ တောင်ကြီးမြို့

အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးရုံးခန်း ဖုန်း-၀၈၁-၂၀၁၈၆၆သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

### အထက(၂)ကျိုက်ထို
### ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

အထက(၂)ကော့စံနိုင်၊ ကျိုက်ထို ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ၂၀၁၇ခုနှစ် မတ် ၂၆ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါ ကျောင်းမြက်ခင်းပြင်၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

အခမ်းအနားတွင် ၁၉၈၆-၁၉၈၇ မှ ၂၀၁၁-၂၀၁၂ အထိ ပညာသင်ကြားပေးခဲ့သည့် အသက်(၅၅)နှစ်နှင့် အထက် လုပ်သက်အနည်းဆုံး(၂)နှစ် တာဝန်ထမ်းဆောင်ပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်ပြီး ရပ်ဝေးရပ်နီးမှ ကျောင်းသားကျောင်းသူများသည်

| | | |
|---|---|---|
| ဒေါ်သင်းသင်းအိ(ကျောင်းအုပ်ကြီး) | ဖုန်း - ၀၅၇-၆၀၀၅၆၊ | ကျိုက်ထိုမြို့ |
| ဦးဝင်းနိုင်ဦး | ဖုန်း - ၀၉-၄၂၅၃၅၆၁၀၁၊ ၀၉-၄၉၈၁၈၅၄၀ | ကျိုက်ထိုမြို့ |
| ဒေါ်စိုးစိုးမင်း | ဖုန်း - ၀၉-၉၇၀၁၆၅၆၆၉၊ | ကျိုက်ထိုမြို့ |
| ဒေါ်သူဇာ | ဖုန်း - ၀၉-၇၉၀၆၆၆၅၅၁၊ ၀၉-၉၇၀၁၀၃၆၃၃ | ကျိုက်ထိုမြို့ |
| ဒေါ်အေးအေးဝေ | ဖုန်း - ၀၉-၉၇၁၇၂၉၇၈၉၊ ၀၉-၇၉၇၁၅၅၇၉၃ | ကျိုက်ထိုမြို့ |
| ကိုစိုးမင်းဦး | ဖုန်း - ၀၉-၄၂၅၃၃၂၈၁၀၊ ၀၉-၇၉၂၃၇၂၈၆၉ | ကျိုက်ထိုမြို့ |
| ဒေါ်ခိုင်မာထွေး | ဖုန်း - ၀၉-၅၀၁၁၃၉၅၊ ရန်ကုန်မြို့တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ | |

**ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

### မိခင်အမည်မှန်

ညောင်လေးပင်မြို့နယ်၊ ဇီးကုန်းကြီး အထက တက္ကသိုလ်ဝင်တန်း(A) မှ မောင်မင်းချစ်သူ၏ မိခင်အမည်မှန်မှာ ဒေါ်နီနီခိုင် ၇/ညလပ(နိုင်)၁၇၆၅၇၂ ဖြစ်ပါကြောင်း။ **ဒေါ်နီနီခိုင်**

### ဖခင်အမည်မှန်

န္တားထိုးကြီးမြို့၊ အထက နဝမ တန်း(B)မှ မောင်မင်းမင်းဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းထွန်း ၉/နထက(နိုင်)၁၁၁၈၀၉ ဖြစ်ပါကြောင်း။ **ဦးဝင်းထွန်း**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်၊ 7E/8491, JACHFC 1030K6T ယာဉ်လက်ဝယ်ရှိသူ Re Liance Heavy Machineries & Partsက ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးရှောင်ရှုအာလောင် ၁၂/မဂတ(နိုင်)၀၈၀၄၇၆၏ ၂ဂ/၄၈၇၁ ယာဉ်(ဃ)ပုံစံ ယာဉ်အပ်စလစ်သည်လုပ်ငန်းဆောင်ရွက်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၉၉၉၁၅၂၂**

# အောင်မြေသာစံမြို့နယ်၌ အိမ်ထောင်စု ၂၁ စု မီးဘေးသင့်



**မန္တလေး မတ် ၇**

မန္တလေး အောင်မြေသာစံမြို့နယ် ဥာနီအရှေ့ရပ်ကွက်အမှတ် - ၄၅ စည်သာလမ်း ၁၀ လမ်း× ၁၁ လမ်းကြားရှိ ဦးဌေးကို၏ အလျားပေ ၁၀ × အနံပေ ၄၀ သွပ်မိုးထရံကာ နှစ်ထပ်နေအိမ်အတွင်း ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်က တီဗွီဖွင့်ထားခဲ့ရာမှ အပူလွန်ကဲပြီး မီးလောင်မှုစတင်ဖြစ်ပွားခဲ့ရာ နေအိမ်ရှစ်လုံး မီးကူးစက်လောင်ပြီး ဆိုင်ကယ်အစီး ၉၀၊ ကားတစ်စီးနှင့် အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် အစီး ၅၀၊ ရေသယ်ယာဉ် အစီး ၂၀၊ အုပ်ချုပ်မှုယာဉ်သုံးစီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၇၀ ၊အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅၀ နှင့် ဒေသခံပြည်သူများပူးပေါင်း၍ မီးငြိမ်းသတ်ရာ ရေဂါလန် ၆၈၀၀၀ နှင့် မီးကြွင်းမီးကျန်အား ရေဂါလန် ၁၂၀၀၀ အသုံးပြုမီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် အိမ်ထောင်စု ၂၁ စုမှ စုစုပေါင်း ၆၈ ဦး မီးဘေးသင့်ခဲ့ရာ ၎င်းတို့အား ဥာနီအရှေ့ဓမ္မာရုံ၌ ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိပြီး ဦးဌေးကိုအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်မောင်**

# ကျိုင်းတုံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၇**

မူးယစ်တပ်ဖွဲ့စု (၂၈) ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် နောင်ဖာရဲကင်းရှေ့လမ်းမပေါ်တွင် စိုင်းနွဲ့မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း၊ အလားတူ မတ် ၆ ရက်က မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ် နောင်မွန်ကျေးရွာအုပ်စု ဟိုတိကျေးရွာအနီး ဟိုပုံး-ဆီဆိုင်ကားလမ်းပေါ်တွင် အိုက်ကျော် မောင်းနှင်လာပြီး ကျော်စိန်နှင့် စိုင်းအောင်ဆင့်တို့လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀၀ ၊ ပွိုင့် ၂၂ ပစ္စတိုသေနတ်တစ်လက်၊ ကျည်ဘောက် တစ်ခု၊ ၎င်းကျည်ခြောက်တောင့်၊ M-22 မောင်းပြန်ရိုင်ဖယ်သေနတ်တစ်လက်၊ ကျည်ဘောက်အရှည်တစ်ခု၊ ၎င်းကျည်အတောင့် ၂၀၊ ၉ လုံးကျည်ဖြင့် ပစ်ခတ်ရသည့် ပစ္စတိုသေနတ်တစ်လက်၊ ၎င်းကျည်နှစ်တောင့်၊ ၉၁ အမျိုးအစား လက်ပစ်ဗုံးတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထား ကြောင်း သိရသည်။

**မျိုးဝင်းထွန်း**

# မြစ်ကြီးနားတွင် တရားမဝင်သစ်မျိုးစုံတန်ချိန် ၈၁ ဒသမ ၈၃၀ ဖမ်းဆီးရမိ

**မြစ်ကြီးနား မတ် ၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ နောင်နန်းကျေးရွာအုပ်စု (၈)မိုင်တွင် မတ် ၇ ရက် နံနက် ၁၀ နာရီခွဲခန့်က တရားမဝင်သစ်မျိုးစုံ တန် ၈၁ ဒသမ ၈၃၀ အားဖမ်းဆီးရမိခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးဌာနရုံးမှ သတင်းရရှိသည်။

ဖြစ်စဉ်မှာ ကချင်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မြဦးစီးပြီး ခရိုင်၊ မြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်အတူ နောင်နန်းကျေးရွာ(၈)မိုင် ရွာအစွန် တစ်မိုင်ခန့်အကွာ တောအတွင်း၌ သွားရောက်ရှာဖွေရာ ဦးဇယ်လွမ်း မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာနေသူ၏ သစ်များဖြစ်သော ကညင် ၄၆ လုံး ၃၆ ဒသမ ၀၇၄ တန်၊ ကြေးလံ ၃၆ လုံး ၃၂ ဒသမ ၀၆၈ တန်၊ လောက်ယာ ခုနစ်လုံး ၁၃ ဒသမ ၃၆၈ တန်နှင့် ကညင်းခွဲခြမ်းတန် ၀ ဒသမ ၃၂၀ စုစုပေါင်းတန် ၈၁ ဒသမ ၈၃၀ တို့အား ဖမ်းဆီးရမိခဲ့ကြောင်း အဆိုပါရုံးမှ သိရသည်။

သစ်များအား ပြန်လည်ရောင်းချရန်အတွက် သိမ်းဆည်းထားသူ ဦးဇယ်လွမ်း နောင်နန်းကျေးရွာနေသူအား ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**



# လမ်းဖြတ်ကူးသူကလေးငယ်ကို ထော်လာဂျီမှဝင်တိုက်

**သုဝဏ္ဏဝတီ မတ် ၇**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်နယ်မြေရဲစခန်းအပိုင် ကတိုက်ကြီးကျေးရွာ၌ မတ် ၆ ရက် နံနက် ၁၀ နာရီခွဲက ရွာလယ်လမ်းမကို ဖြတ်ကူးသူ ကလေးငယ်တစ်ဦးအား ထော်လာဂျီယာဉ်ဝင်တိုက်မိ၍ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကတိုက်ကြီးကျေးရွာ ရွာလယ်ပိုင်း မြေနီလမ်းမပေါ်တွင် ထိန်ပင်ကျေးရွာမှ ကတိုက်ကြီး ကျေးရွာ လယ်ကွင်းသို့ ဦးဆန်းလွင် (လိပ်အင်းရပ်ကွက် သထုံမြို့) မောင်းနှင်လာသည့် နံပါတ်မပါ ထော်လာဂျီယာဉ်သည် မြေနီလမ်း ရွာလယ်လမ်းမသို့အရောက်တွင် ရုတ်တရက်လမ်းဖြတ်ကူးသူ မစန္ဒာထွန်း အသက် (၃နှစ်) ရွာလယ်ပိုင်း ကတိုက်ကြီးကျေးရွာနေသူအား ဝင်ရောက်တိုက်မိပြီး မစန္ဒာထွန်းမှာ အခင်းဖြစ်နေရာတွင် ပြင်းထန်စွာဒဏ်ရာရရှိ သေဆုံးသွားကြောင်း သိရသည်။

သို့ဖြင့်၍ ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ဦးဆန်းလွင်အား သိမ်ဆိပ်နယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူ ဆောင်ရွက်နေကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်စေရန် ဆူညံစွာဆိုင်ကယ်မောင်းနှင်သူအား အရေးယူ

**ပေါက် မတ် ၇**

ပေါက်မြို့နယ် ပေါက်-ပခုက္ကူ ကားလမ်းဟောင်းတွင် မတ် ၆ ရက်က အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်စေရန်နှင့် လူကိုအန္တရာယ်ဖြစ်စေရန် ဆိုင်ကယ်မောင်းနှင်ခဲ့သော အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူခဲ့ကြောင်း ရေပြာနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မတ် ၆ ရက် ည ၉ နာရီက ပေါက် - ပခုက္ကူ ကားလမ်းဟောင်းပေါ်တွင် အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်စေရန်နှင့် လူကိုအန္တရာယ်ဖြစ်စေရန် မော်တော်ဆိုင်ကယ်အား အရှိန်ပြင်းစွာမောင်းနှင်နေကြောင်း သတင်းအရ ရေပြာနယ်မြေရဲစခန်းမှူး ရဲအုပ်စိုးခိုင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့သည်။ ရွာသာအေးရွာနှင့် စံချိန်အေးကျေးရွာလမ်းမပေါ် ရေပြာလမ်းဆုံတွင် မျိုးလင်း(ခ)မျိုးမျိုးလင်း ရွှေလုံကျေးရွာ ပေါက်မြို့နယ်နေသူမောင်းနှင်ပြီး နောက်တွင်တစ်ရွာတည်းနေ ရဲကို(ခ)ဖိုးပိန်အား တင်ဆောင်ပြီး အနက်ရောင် ဆိုင်ကယ်အား လီဗာဆွဲပြီး ဆူညံစွာပြုလုပ်လျက် လူကိုအန္တရာယ်ဖြစ်စေရန် အရှိန်ပြင်းစွာ မောင်းနှင်နေသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်အား အရှိန်ပြင်းစွာမောင်းနှင်၍ လူကိုအန္တရာယ်ဖြစ်စေအောင် မောင်းနှင်သူ မျိုးလင်း(ခ)မျိုးမျိုးလင်းအား ရေပြာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**


OiAC (ရန်ကုန်)
ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်အမှတ် - ကကယ - ၁၃/၁၁/ ၀၁၂

Established in 2002
Our Inspiration Academic Center
Private Boarding High School
" ဆုမွန်ကောင်းတောင်းလွှာ "

OiAC (နေပြည်တော်)
ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်အမှတ် - ကက - ၁၀/၃၅/၀၉၀


ပဥ္စမတန်း မှ တက္ကသိုလ်ဝင်တန်းအထိ

၈ - ၃ - ၂၀၁၇ မှစတင်၍ တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့်
မြန်မာတစ်နိုင်ငံလုံးရှိ ကျောင်းသား/သူများအားလုံး ထူးချွန်အောင်မြင်စွာ ဖြေဆိုနိုင်ပါစေကြောင်း
OiAC ကိုယ်ပိုင်အထက်တန်းကျောင်း မိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။


KG မှ တက္ကသိုလ်ဝင်တန်းအထိ

၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်အတွက် ကြိုတင်စာရင်းပေးသွင်း ကျောင်းအပ်နိုင်ပါပြီ
၁။ နေ့တက်အထူး ( ကျောင်းချိန်ပြည့် သင်ကြားရေးနှင့် လေ့ကျင့်ရေးဝန်ဆောင်မှု)
၂။ ဘော်ဒါ ( ကျောင်းချိန်ပြည့် သင်ကြားရေးနှင့် လေ့ကျင့်ရေး၊ နေထိုင်ရေး၊ စားသောက်ရေးဝန်ဆောင်မှု)

ဘက်စုံထူးချွန်သည့် ကျောင်းသား / သူများဖြစ်စေရန် ရည်ရွယ်၍ ကျောင်းသင်ခန်းစာအပြင်
English 4 Skill , Computer , ပန်းချီ၊ ဂီတ၊ စာရိတ္တ၊ အားကစား တို့ကိုပါ သင်ကြားပေးလျက်ရှိပါသည်။
* * * * *
အတန်းအားလုံးအတွက် ဖယ်ရီကားချိတ်ဆက်စီစဉ်ပေးပါသည်။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ အဆင့်မြင့်ပညာရပ်ကို ဆည်းပူးလိုသူများအတွက်
Singapore အစိုးရ အသိအမှတ်ပြု ကျောင်းများဖြစ်ကြသည့်
MDIS (Singapore) NANYANG (Singapore)
ကျောင်းများသို့ တက်ရောက်နိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။
အကြံပြုချိတ်ဆက် ဆောင်ရွက်ပေးသည့်အတွက် မည်သည့်အခကြေးငွေမှ ပေးဆောင်စရာ မလိုပါ။

ကျောင်းတော်မှ ချမှတ်ထားသော စည်းကမ်းများနှင့်အညီ နေထိုင်လေ့ကျင့်ကြိုးစားသော ကျောင်းသား ကျောင်းသူတိုင်းအတွက် ထူးချွန်ထက်မြက်စေရန် OiAC မှ ရာနှုန်းပြည့် (၁၀၀%) တာဝန်ယူပါသည်။

OiAC (ရန်ကုန်) ပဥ္စမတန်း မှ တက္ကသိုလ်ဝင်တန်းအထိ
အမှတ် (၃၂၃)၊ သစ္စာလမ်းမကြီး၊ ၉ - ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
၀၉ ၄၃၀၇၀၁၉၀၊ ၀၉ ၄၃၀၇၀၁၉၁ ၊ ၀၉ ၇၆၄၃၇၀၁၉၀၊ ၀၉ ၇၆၄၃၇၀၁၉၁။
Email Address : oiacygn@gmail.com
Facebook Page : www.facebook.com/oi.ac.1
Page : www.facebook.com/OiAC - ကိုယ်ပိုင်အထက်တန်းကျောင်း

၂၀၁၇ - ၂၀၁၈
ပညာသင်နှစ်အတွက်
တက္ကသိုလ်ဝင်တန်း တန်းခွဲသစ်
မတ်လ (၂၀)ရက်နေ့
ကျောင်းစဖွင့်မည်။

OiAC 2 (နေပြည်တော်) KG မှ တက္ကသိုလ်ဝင်တန်းအထိ
အမှတ်(၂၈)၊ မြတ်လေးဖြူလမ်း၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။
၀၆၇ ၈၁၀၀၀၈၅၊ ၀၉ ၇၈၈၀၆၆၅၅၁၊ ၀၉ ၇၈၈၀၆၆၅၅၂၊ ၀၉ ၅၀၆၅၃၅၈။
Email Address : oiacnpt@gmail.com
Facebook Page : www.facebook.com/Oiac-2 ကိုယ်ပိုင်အထက်တန်းကျောင်း

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဘုရားပွဲတော် စည်ကားလျက်ရှိ

**နေပြည်တော် မတ် ၇**

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ နဝမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို တပေါင်းလဆန်း ၉ ရက်မှ လပြည့်နေ့အထိ(မတ် ၆ ရက်မှ ၁၂ ရက်) အထိ ခုနစ်ရက်တိုင် ဇာတ်ပွဲများဖြင့် အခမဲ့ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိသည်။

မတ် ၆ ရက် ညတွင် တက္ကသိုလ်မင်းခန့်ကို စီစဉ်သည့် "ကြယ်စင်ဆန်းခေတ်" အဆင့်မြင့် ဇာတ်သဘင်အဖွဲ့ကပြဖျော်ဖြေတင်ဆက်ခဲ့ပြီးဖြစ်သည်။

မတ် ၇ ရက်မှ ၈ ရက်အထိ မဟာရန်ကုန်စံပြသဘင် (ဟန်ဇာမိုးဝင်း၊ တင်ဇာမိုးဝင်း၊ အဂ္ဂမိုးဝင်း) အဆင့်မြင့် ဇာတ်သဘင်အဖွဲ့ ကပြဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

မတ် ၉ ရက်မှ ၁၀ ရက်အထိ နိုင်ငံကျော်အဆိုတော် မနော(ဗိုလ်အောင်ဒင်) နှင့် ပန်တျာကြည်လင်၏ မြေး စူပါခေတ်ပေါ် (မင်းသားသွေးသစ်)ကတဲ့ ဇာတ်သဘင်အဖွဲ့နှင့် မတ် ၁၁ ရက်မှ ၁၂ ရက်အထိ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ စီစဉ်တင်ဆက်သည့် "ရွှေမြန်မာ" ဇာတ်သဘင်အဖွဲ့ (အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်၏ ဗုဒ္ဓဝင်ဖွားတော်မူခန်း ဇာတ်တော်ကြီး၊ ရုပ်ရှင်နှင့် ဗီဒီယိုဟာသသရုပ်ဆောင်ရာဇာပေါက်စီနှင့် ချက်ကြီး၏ နှစ်ပါးသွား အငြိမ့်၊ ဟာသ၊ တစ်ခန်းရပ်၊ အဆိုအကများဖြင့်လည်းကောင်း ညစဉ် မိုးလင်းပေါက် တင်ဆက်ပြသသွားမည်ဖြစ်သည်။

အလားတူ "အောင်ကမ္ဘာ ရဲဇော်ထွန်း" အဆင့်မြင့် ဘားဆပ်ကပ်အဖွဲ့ကြီးကလည်း မတ် ၆ ရက်မှ ၁၂ ရက်အထိ ခုနစ်ရက်တိုင် နေ့ပွဲ၊ ညပွဲ အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

အငြိမ့်၊ ဇာတ်သဘင်ပွဲ၊ ကြည်လဲ့လဲ့ဦး၏ တေးသရုပ်ဖော်ကပွဲ၊ ဘားဆပ်ကပ်အဖွဲ့၊ ပျော်ပွဲ၊ ရှင်ပွဲများအပြင် ချား၊ ရဟတ်၊ ပျော့ပျော့အိ ကလေးကစားကွင်းများ၊ ပျော်ရွှင်ဖွယ်မျိုးစုံတို့ဖြင့် အထူးတလည် ကျင်းပသွားမည်ဖြစ်ပြီး ဘုရားပွဲလာသူများအတွက် ယာဉ်လိုင်းများ ဖွင့်လှစ်ပြေးဆွဲပေးလျက်ရှိကြောင်း ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ရုံးမှ သိရသည်။

**သန်းဦး (လေးမျက်နှာ)**



# မြန်မာနိုင်ငံတွင် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကိုရီးယားပူးပေါင်းမည်

**ရန်ကုန် မတ် ၇**

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် ကိုရီးယားရေကြောင်း သိပ္ပံတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် (၆)ကြိမ်မြောက် ကိုရီးယား-မြန်မာ OCEAN ဖိုရမ်ကို ယနေ့မွန်းလွဲပိုင်းက ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ကိုရီးယားနိုင်ငံတို့ဟာ ၂၀၁၂ ခုနှစ်ကတည်းက ဒီဖိုရမ်ကို နှစ်စဉ်ကျင်းပလာခဲ့တာပါ။ အခုအကြိမ်နဲ့ဆို (၆)ကြိမ်ရှိပါပြီ။ ဒီလို ပူးပေါင်းဆောင်ရွက်မှုအရ ၂၀၁၃ ခုနှစ်က မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှာ Ocean Research Centre တစ်ခုကို ကိုရီးယားအကူအညီနဲ့ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီကနေ သုတေသနရစ်ခုကို ဆောင်ရွက်လျက်ရှိပါတယ်" ဟု မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က ပြောသည်။

အဆိုပါ ဖိုရမ်တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ကိုရီးယားနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များလည်း တက်ရောက်ကြပြီး မြန်မာနိုင်ငံ ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးကြသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ငါး၊ ပုစွန်၊ ကဏန်း အစရှိတဲ့ ရေထွက်ပစ္စည်းလုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်ဖို့ အခက်အခဲတွေရှိနေပါတယ်။ ကြီးမားတဲ့ သားပေါက်စခန်းတွေ အများကြီးလုပ်ဖို့ လိုပါတယ်။ ဒါတွေကို သုတေသနပြုပြီးတော့ ကိုရီးယားနိုင်ငံအနေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ကိုရီးယားနိုင်ငံကိုလည်း ငါးတင်ပို့မှု တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစိုးထွန်းက အဆိုပါအစည်းအဝေးတွင် ပြောကြားသည်။

ယခုအခါ မြန်မာနိုင်ငံက ကိုရီးယားနိုင်ငံသို့ ရေထွက်ပစ္စည်းတင်ပို့မှုမှာ နည်းပါးနေသော်လည်း ပင်လယ် ငါးလင်ပန်းကို အများဆုံးတင်ပို့လျက်ရှိကြောင်း သိရသည်။

အဆိုပါဖိုရမ်တွင် တက်ရောက်လာသော ပညာရှင်များက မြန်မာနိုင်ငံ၏ ရေကြောင်းနှင့် ငါးလုပ်ငန်းမဟာဗျူဟာမြောက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် ဟူသော ခေါင်းစဉ်ဖြင့် ဆွေးနွေးကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့သည် ၂၀၁၄ ခုနှစ် နောက်ပိုင်း ဆက်ဆံရေး တိုးတက်လာခဲ့ရာမှ ပင်လယ်ရေကြောင်းကဏ္ဍသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ယခု ကိုရီးယားနိုင်ငံက မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်အထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၅၄ ခု ဆောင်ရွက်ခဲ့ကြောင်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၂၅၄၀၀ ရှိပြီး မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံ အဆင့် ၂၆ တွင် ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကိုရီးယားရေကြောင်းသိပ္ပံမှ ဒုတိယဥက္ကဋ္ဌ Mr. Joung Myung Saeg က ဖိုရမ်၌ ပြောကြားသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မကွေးအသင်းနှင့် ဂျိုဟိုးဒါရူးလ်တို့ အမှတ်ခွဲယူ

**ရန်ကုန် မတ် ၇**

၂၀၁၇ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စု (F) ဒုတိယပွဲအဖြစ် မကွေးအသင်းနှင့် ဂျိုဟိုးဒါရူးလ်(မလေးရှား) အသင်းသည် ယနေ့ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီ သရေကျခဲ့သည်။

မကွေးအသင်းသည် နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံနည်းပါးသောကြောင့် ရလဒ်ကောင်းရရန် ရုန်းကန်နေရပြီး ယခုပွဲတွင်လည်း နောက်ကျချေပဂိုးကြောင့်သာ သရေတစ်မှတ်ရခဲ့ခြင်းဖြစ်သည်။ ၂၀၁၅ AFC Cup ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိပြီး ၂၀၁၆ ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်တက်ရောက်နိုင်ခဲ့သည့် မလေးရှားကလပ် ဂျိုဟိုးဒါရူးလ်အသင်းသည် တစ်ယောက်လျော့ခဲ့သော်လည်း မကွေးအသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ နှစ်ပွဲကစား တစ်မှတ်သာရရှိသေးသည့် မကွေးအသင်းသည် နောက်တစ်ဆင့်တက်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။

မကွေးအသင်းသည် ဒဏ်ရာရနေသည့် ဘယ်နောက်ခံလူ နန္ဒကျော်မှလွဲ၍ အမာခံကစားသမားများ အစုံအလင်ပါဝင်လာပြီး ဂျိုဟိုးဒါရူးလ်အသင်းမှာလည်း နိုင်ငံခြားသားများအပါအဝင် လူစုံပါဝင်ခဲ့သည်။ ပွဲအစ ၁၁ မိနစ်တွင် ဟာဆာဘူလာက မကွေးနောက်ခံလူ ကျော်ဇင်လွင်ကို ကြမ်းတမ်းစွာ ဖျက်ထုတ်ခဲ့သောကြောင့် အနီကတ်ဖြင့် ထုတ်ပယ်ခံရသလို ကျော်ဇင်လွင်မှာလည်း ဦးခေါင်းကွဲ၍ လူစားလဲခဲ့ရသည်။ ဂျိုဟိုးဒါရူးလ်အသင်းသည် တစ်ယောက်လျော့သွားသော်လည်း ကစားကွက်ပျက်မသွားဘဲ ၂၇ မိနစ်တွင် ဂိုပီနာသန်က ဂိုးစတင်သွင်းယူခဲ့သည်။ ပထမပိုင်းတွင် မကွေးအသင်း ချေပဂိုးရနိုင်သည့် အခွင့်အရေးနှစ်ကြိမ်ရခဲ့သော်လည်း ဆယ်လာအသုံးမချနိုင်ခဲ့ပေ။

ဒုတိယပိုင်းတွင် ဂျိုဟိုးဒါရူးလ်အသင်းက ခံစစ်ဦးစားပေးကစားခဲ့သောကြောင့် မကွေးအသင်း ပိုဖိကစားနိုင်ခဲ့သည်။ ၄၈ မိနစ်နှင့် ၅၅ မိနစ်တွင် မကွေးအသင်း ချေပဂိုးရနိုင်သည့် အခွင့်အရေး နှစ်ကြိမ်ရခဲ့သော်လည်း မောင်မောင်စိုးအသုံးမချနိုင်ခဲ့ပေ။ ဂျိုဟိုးဒါရူးလ်အသင်းသည် ဝါရင့်ကွင်းလယ်လူ ဆာဖစ်အပါအဝင် လူအပြောင်းအလဲလုပ်ကာ ကစားအားမြှင့်ခဲ့သော်လည်း မကွေးအသင်းကသာ ပွဲကိုထိန်းချုပ်နိုင်ခဲ့သည်။ ၆၆ မိနစ်တွင် ထောင့်ကန်ဘောကို ကိုကိုနိုင် ခေါင်းတိုက်သွင်းရာ ဘားထိထွက်ခဲ့သလို မိုက်ကယ် ထပ်ဆင့်ပိတ်သော်လည်း လွဲချော်ခဲ့သည်။ မကွေးအတွက် ချေပဂိုးကို ၈၉ မိနစ်တွင် တိုက်စစ်မှူး ဆယ်လာက ဂိုးသမားကို လိမ်ခေါက်သွင်းယူခဲ့သည်။

မကွေးအသင်းသည် အုပ်စုတတိယပွဲအဖြစ် မတ် ၁၄ ရက်တွင် ကမ္ဘောဒီးယားကလပ် အန်ကောအသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

သန္တိသုခ ၏ အဆင့်မြင့်ခရီးစဉ်များ
✦ ဂေါ်ရင်ဂျီကျွန်း + မြတ်မော်တင်စွန်း(၁-ည အိပ်)
March 25 Ks 85000 (ဟိုတယ်) / Ks 65000 (ဧည့်ရိပ်သာ)
CAR RENTAL ခရီးစဉ်အမျိုးမျိုးအတွက် ကားမျိုးစုံ ငှါးရမ်းသည်။
တိုက်(၂)၊ အခန်း-၂၀၆၊ မြို့ပြဟောဝန်အိမ်ရာ၊ ၈-မိုင်၊ မရမ်းကုန်း။
09 4210 14940, 09 4210 68050, 09 303 46835

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါဆီများကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဒီဇယ်ဆီ | ၁၀၀၀၀၀ ဂါလန် |
| (ခ) | ပရီမီယံဒီဇယ်ဆီ | ၁၆၅၀၀၀ ဂါလန် |

၂။ တင်ဒါပိတ်ရက်မှာ ၁၄-၃-၂၀၁၇ရက် ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့လည်းကောင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်များအတွက် ဖုန်း-၀၉-၄၉၃၄၂၆၅၀ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 7I/4837 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနရုံးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးရုံးတွင် အသုံးပြုရန်အတွက် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ပိုလျှံရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်မှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | အစည်းအဝေးခန်း ကျောက်ပြားနှင့် ပါကေးခင်းခြင်း | - |
| (ခ) | ပထမထပ်အစည်းအဝေးခန်းမ U Shape-Meeting Table (130 sqft) | ၁ စုံ |
| (ဂ) | မြေညီထပ် ထပ်ခိုး Meeting Table(65 sqft) | ၁ စုံ |
| (ဃ) | ရုံးသုံးပရိဘောဂ အလူမီနီယမ်စားပွဲ၊ ကုလားထိုင်နှင့် သံဗီရိုနှင့် ဖိုင်တင်စင် | ၁၃ မျိုး |
| (င) | Air Conditioner(2HP) 20 Nos (Sprite Type) | ၂၀ လုံး |

၂။ တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူမည့် ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ၈-၃-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်းလာရောက်ဝယ်ယူနိုင်ပါသည်။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများသည် ဈေးနှုန်းအဆိုပြုလွှာပုံစံများအား ၁၀-၃-၂၀၁၇ရက် မွန်းလွဲ ၁၃း၀၀နာရီတွင် ရန်ကုန်မြို့(၃၆)လမ်း၊ အမှတ် ၂၂၉/၂၃၃၊ ကျောက်တံတားမြို့နယ်သို့ လာရောက်တင်သွင်းလျက် အိတ်ဖွင့်တင်ဒါဖွင့်ဖောက်စိစစ်ခြင်း ခံယူရန်ဖြစ်သည်။

**ပစ္စည်းဝယ်ယူစိစစ်ရေးအဖွဲ့**
**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးရုံး**
**(၄၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၃၈၂၄၅၈၊ ၀၁-၃၉၁၅၇၃၊ ၀၉-၅၅၀၁၈၃၄**

အင်္ဂလိပ်စာ
ဆရာဦးမိုးမြင့်မောင် (Top English)(a) Saya William၊ ဆရာအောင်အောင်
- General English 4-Skills
- Grammar+Writing
- Phonetics အသံထွက်နည်း
- အင်္ဂလိပ်စကားပြောသင်တန်းများ
(စကားပြော နွေ ၃လပြတ် ၂၀၀၀၀/ကျပ်)
EVER TOP သင်တန်းကျောင်း
အမှတ်(၆၆/၆၈)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်း (ဝိုင်အိမ်မှတ်တိုင်/လှည်းတန်းအနီး)
Ph:09254903604, 09799656514

## မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
## ဟောပြောပွဲဖိတ်ကြားခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Petroleum T.D နှင့် WIN TOP Engineering & General Services Co.,Ltd. တို့ ပူးပေါင်းစီစဉ်သော "HSE Management System, Incident Prevention and Principle of Control" ဟူသော ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၇ခုနှစ် မတ် ၁၁ရက် မွန်းလွဲ ၁း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ Function Hall ခန်းမ၌ ကျင်းပမည်ဖြစ်ရာ စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။ ဖုန်း-၀၉-၇၃၀၂၃၉၆ နှင့် ၀၉-၅၁၄၁၃၂၂ တို့သို့ ဆက်သွယ်သတင်းပို့၍ သိရှိလိုသည်များကို မေးမြန်းနိုင်ပါသည်။

## ပခုက္ကူအသင်း (ရန်ကုန်)
## ၂၀၁၆ နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

ဤအသင်း၏နှစ်ပတ်လည်အစည်းအဝေးပွဲကိုဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဂုဏ်ထူးဆောင်နာယကကြီးများ၊ နာယကများ၊ အသင်းဝင်များနှင့်မဝင်ရသေးသူများ ၇၅နှစ်ပြည့်ပြီးကန်တော့ခံများ၊ ၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲဂုဏ်ထူးဆုနှင့်တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေး လျှောက်ထားခဲ့သော အသင်းဝင်များ၏ သားသမီးများ၊ စာပေထူးချွန်မှု သတင်းပို့ထားသူများ၊ မွေ့ရုံအကျိုးဆောင်များအား အခမ်းအနားသို့တက်ရောက်ချီးမြှင့်ကြပါရန် လိုက်လှဲစွာဖိတ်ကြားအပ်ပါသည်။
[လျှောက်ထားရန်ကျန်ရှိသူများ ၁၀-၉-၂၀၁၇ သောကြာနေ့ ဗိုလ်သနာ(၃)ရက်တရားပွဲကာလမွန်းလွဲ(၁)နာရီတွင်မွေ့ရုံသို့လာရောက်လျှောက်ထားနိုင်ပါသည်။ Ph ဖြင့် ကန်တော့ခံအမည်စာရင်းများပေးပို့နိုင်ပါသည်။]
ဆက်သွယ်ရန် -အတွင်းရေးမှူး ၀၉-၄၂၁၀၂၇၀၈၀/၀၉-၈၇၅၁၇၆၀၆၈
ကျင်းပမည့်နေ့ရက်နှင့်အချိန် -၂၆-၃-၂၀၁၇ တနင်္ဂနွေနေ့၊နံနက်(၉)နာရီ
ကျင်းပမည့်နေရာ - ပခုက္ကူမွေ့ရုံ၊ရွှေတိဂုံမြောက်ဘက်မုခ်
*နေ့လယ်စာ တည်ခင်းဧည့်ခံပါမည်။ အမှုဆောင်အဖွဲ့(၂၀၁၆)

## စံတော်ဝင်
## (မိတ်ကပ်-ဆံပင်အလှပြင်သင်တန်း)

| | |
|---|---|
| ဘာသာစုံ (၃လအတတ်) | ၃ သိန်း |
| ဆံထုံး၊ မိတ်ကပ် (၁ လ အတတ်) | ၁ သိန်း |
| ဆံပင်ညှပ် (၂ ပတ် အတတ်) | ၅သောင်း |
| ကောက်၊ ဖြောင့် (၂ ပတ် အတတ်) | ၅သောင်း |
| မိမိကိုယ်မိမိ လိမ်းခြယ်နည်း (၁ ရက် အတတ်) | ၂ သောင်း |

နယ်မှ သင်တန်းသူများ အဆောင်အခမဲ့ သင်တန်းပြီးဆုံးပါက အလုပ်ရရန် စီစဉ်ပေးသည်။
**ဆက်သွယ်စုံစမ်းရန်-** ၈၆ လမ်း၊ ၃၆×၃၇ လမ်းကြား၊ မန္တလေး
**ဖုန်း** - ၀၉-၉၇၂၇၇၈၈၂၅၊
- ၀၉-၂၅၇၂၂၀၀၀၈၊
- ၀၉-၇၈၂၇၇၇၉၅၅


JEWEL HOTEL Yangon
ဂျူးဝဲလ်ဟိုတယ်
မှ
အထူးသက်သာသော
နှုန်းထားများဖြင့်
ပြည်တွင်း/ပြည်ပ
ဧည့်သည်တော်ကြီးများကို
ကြိုဆိုလျက်ရှိပါသည်။
No.150(D), Corner of University Avenue & Kabaaye Pagoda Road,
Bahan Township, Yangon, Myanmar.
Tel : 95 1 541051, 541503, 549345 Fax : 95 1 543174

## သွေးသည် အသက်

# မကွေးတိုင်းဒေသကြီးတွင် ရေလမ်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်



**နေပြည်တော် မတ် ၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မတ် ၄ ရက်က ရေကြို့မြို့နယ်၊ ထင်းတန်းရပ်ကွက် ကမ်းပြိုကာကွယ်ရေး သံခြင်းအခြေပြု ကျောက်စီတမံ အလျား ပေ ၆၃၀ တည်ဆောက်ခြင်းလုပ်ငန်းအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် ရေယာဉ်ဖြင့် ချင်းတွင်းမြစ်ကြောင်းအတိုင်း စုန်ဆင်း၍ ရေစကြို-ချင်းတွင်း၀ ရေလမ်းပိုင်းရှိ ရေလမ်းကြောင်းအခြေအနေများနှင့် ရေစကြိုမြို့နယ် နန်းဦးကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ဆုံရာမှ ပခုက္ကူရေလမ်းပိုင်းအတွင်းရှိ ရေလမ်းကြောင်း အခြေအနေများ၊ အဆိုပါ ရေလမ်းပိုင်းအတွင်းရှိ ငါးမြှားကြီးကျေးရွာ ကမ်းပြိုကာကွယ်ရေး ရေကာတာ တည်ဆောက်ရေးလုပ်ငန်းများနှင့် သောင်တူးလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ပခုက္ကူမြို့နယ် ကျွန်းညိုကြီး ရွာသစ်ကျေးရွာ ကမ်းပြိုကာကွယ်ရေး ထန်းလုံးတိုင်အခြေပြုရေကာ ၁၀ တန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် ဧရာဝတီမြစ်ကြောင်း ပခုက္ကူ-ညောင်ဦး ရေလမ်းအခြေအနေများနှင့် ညောင်ဦးမြို့နယ် လောကနန္ဒာမြစ်ရေတင်စက် ရေရရှိရေး သောင်တူးလုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၅ ရက်တွင် ဧရာဝတီမြစ်ကြောင်းအတိုင်း စလေမြို့မှ ရေယာဉ်ဖြင့်စုန်ဆင်း၍ မကွေးရေလမ်းပိုင်းအတွင်းရှိ ရေလမ်းကြောင်းအခြေအနေများနှင့် အဆိုပါရေလမ်းပိုင်းအတွင်းရှိ ဧရာဝတီမြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိသည့် စလင်းမြို့နယ် ဘိုကုန်း-ကြူတော ကျေးရွာ ကမ်းပြိုကာကွယ်ရေး၊ သနပ်ကုန်းကျေးရွာ ကမ်းပြိုကာကွယ်ရေး၊ တလင်းကြီးကုန်းကျေးရွာ ကမ်းပြိုကာကွယ်ရေးနှင့် ပွင့်ဖြူမြို့နယ် သံကိုင်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားပြီးနောက် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များအား လုပ်ငန်းဆောင်ရွက်ရာတွင် အမှားအယွင်းမခံနိုင်ကြောင်း၊ သက်ဆိုင်ရာက စစ်ဆေးပါက အစစ်အဆေးခံနိုင်ရမည်ဖြစ်ကြောင်း လုပ်ငန်းများကို ရေရှည်ခိုင်ခံ့စေရန်နှင့် လေလွင့်မှုနည်းပါးပြီး သတ်မှတ်ချိန်အတွင်းပြီးစီးရေး အလေးထားဆောင်ရွက်သွားရန်မှာကြားသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မကွေးတိုင်းဒေသကြီးအတွင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း ၁၀၀ ဖြင့် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းတစ်ခု၊ ပြည်ထောင်စုသီးသန့်အရေးပေါ် ရန်ပုံငွေကျပ် ၈၆၁ ဒသမ ၄၈ သန်းဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း နှစ်ခု၊ မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့၏ မူလခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၃၁၇၆ ဒသမ ၁၅၀ ဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ရှစ်ခု၊ ဖြည့်စွက်ရန်ပုံငွေ ကျပ် ၃၁၈ ဒသမ ၉၆ သန်းဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတစ်ခု စုစုပေါင်းလုပ်ငန်း ၁၂ ခုအား ဆောင်ရွက်နေသည်။ **(သတင်းစဉ်)**

# လယ်ယာမြေရှုခင်းအလှ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် မတ် ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စီစဉ်သည့် လယ်ယာမြေရှုခင်းအလှ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို မတ် ၆ ရက်နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ယနေ့ခေတ်မြန်မာ့ လယ်ယာမြေရှုခင်းအလှကို ခံစားနိုင်ရန်၊ ဖော်ထုတ်ပြသခွင့်ရရန်၊ လယ်ယာမြေ၏ တန်ဖိုး၊ ချစ်စရာမြတ်နိုးစရာကောင်းသည့် ကျေးလက်သဘာဝအလှကို ခံစားနိုင်စေရန်ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာနက ယခုပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲဝင် ဓာတ်ပုံများသည် ခေါင်းစဉ်နှင့်အညီ မြန်မာ့လယ်ယာမြေရှုခင်းအလှကို ဖော်ထုတ်တင်ပြနိုင်ခဲ့ကြကြောင်း၊ ဓာတ်ပုံပညာရှင်များအနေဖြင့် မိမိတို့၏ ဓာတ်ပုံပညာရပ်များဖြင့် ရိုးရာယဉ်ကျေးမှုဓလေ့များကို ဖော်ထုတ်ပြသခြင်းဖြင့် နိုင်ငံအတွက် အကျိုးရလဒ်ကောင်းများ ရရှိလာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။



ပထမဆုရဓာတ်ပုံ

ထို့နောက် ပြိုင်ပွဲဆုရရှိသူများကို ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)နှင့် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးဖေမြင့်ဦးတို့က ဆုများအသီးသီးချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌက ဆုများရွေးချယ်ဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ ဆုရရှိသူများကိုယ်စား ဓာတ်ပုံပထမဆုရရှိသူ ရဲလင်းထွန်း (လှသရဖူ)က ကျေးဇူးတင်စကား ပြောကြားသည်။

လယ်ယာမြေရှုခင်းအလှ ဓာတ်ပုံပြိုင်ပွဲတွင် ရဲလင်းထွန်း (လှသရဖူ)က ပထမဆု၊ ကိုကိုဆန်းက ဒုတိယဆုနှင့် မင်းမင်းထွန်းက တတိယဆုတို့ ရရှိကြပြီး အထူးဆုများအဖြစ် ရန်မျိုးအောင် (T.G.I)၊ ခန့်ဇော်၊ ကိုကိုဇော်၊ ငွေဝင်း(ရမ္မာဝတီ) နှင့် ပြည့်စုံ(နန်းတော်ရှေ့)တို့က အသီးသီးရရှိကြကြောင်း သိရသည်။

ယခုကျင်းပသည့် ဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံအရပ်ရပ်မှ ဓာတ်ပုံပညာရှင်၊ ဓာတ်ပုံဝါသနာရှင် ၂၀၉ ဦးက ပြိုင်ပွဲဝင် ဓာတ်ပုံပေါင်း ၈၉၆ ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် ဓာတ်ပုံများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ထုတ်ဝေသည့် ဒို့ကျေးရွာစာစောင်တွင် ထည့်သွင်းဖော်ပြ သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း - မြတ်စန္ဒီ၊ ဓာတ်ပုံ - ရဲထွဋ်**



# ဖန်းမောက်မြို့နယ်မှ ဝက်ဝံပေါက် နှစ်ကောင်တွေ့ရှိ

**ဖန်းမောက် မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ် အနောက်ခြမ်းမှ နှစ်လသားအရွယ် ဝက်ဝံပေါက်နှစ်ကောင် တွေ့ရှိခဲ့ကြောင်း သိရသည်။

မြို့နယ် သစ်တောဦးစီးအရာရှိဦးဇော်မျိုးလှိုင် ပါဝင်သောအဖွဲ့သည် ဖန်းမောက်မြို့နယ် ကျောက်ဆည်ဘုန်းကြီးကျောင်းသို့ သတင်းအရသွားရောက်ခဲ့ရာ ကျောင်းထိုင်ဆရာတော်က ဝက်ဝံပေါက်နှစ်ကောင် ရရှိထားကြောင်း၊ နှစ်လသားအရွယ်ခန့်ရှိကြောင်း၊ ငယ်ရွယ်၍ တောအတွင်းပြန်လွှတ်ပါက သေသွားနိုင်ကြောင်း မိန့်ကြားသည်။ ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ အပ်နှံပြီး လိုအပ်သည်များပြုလုပ်သွားရန် ဆရာတော်က သဘောတူသဖြင့် အဆိုပါဝက်ဝံပေါက် နှစ်ကောင်အား မတ် ၅ ရက်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံအပ်နှံခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးသစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းထံ ပြန်လည်အပ်နှံခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ဝက်ဝံနှစ်ကောင်အား အသက်ရှင်နေနိုင်ရေးအတွက် စနစ်တစ်ကျ ပြုစုမွေးမြူထားလျက်ရှိကြောင်း သိရသည်။ **လူအောင်(ကသာ)**



## တောင်သူပညာပေး စိုက်နည်းစနစ် လက်တွေ့သရုပ်ပြ

**ကျိုင်းလပ် မတ် ၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် ကျိုင်းလပ်မြို့ မိုင်းပါလျှိုးအုပ်စု နမ့်ဝမ်း(၁) ကျေးရွာရှိ ဘုရားရှိခိုးကျောင်း၌ မတ် ၅ ရက်က တောင်သူပညာပေးစိုက်ပျိုးရေးနည်းစနစ် လက်တွေ့သရုပ်ပြ ပညာပေးဟောပြောပွဲပြုလုပ်ခဲ့သည်။ အဆိုပါပညာပေးရာတွင် တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းနှင့် တာဝန်ရှိသူများက တောင်သူပညာပေး စိုက်ပျိုးနည်းစနစ်ဟောပြောခြင်း၊ အီအမ်အကျိုးပြု အဏုဇီဝဖျော်ရည်ပြုလုပ်သုံးစွဲနည်း၊ အကျိုးပြုအာနိသင်များ၊ အီအမ်ဖျော်ရည်သုံး၍ မြေဆွေးပြုလုပ်နည်း၊ အီအမ်ဖျော်ရည်ဖြင့် စွန့်ပစ်အမှိုက်များ ပြန်လည်အသုံးပြုခြင်း၊ ပိုးမွှားနှိမ်နင်းခြင်း၊ မြေသြဇာထိန်းသိမ်းနည်းများ၊ ဘိုကာရှိမြေဆွေးပုံပြုလုပ်နည်း အဆင့်ဆင့်နှင့် အကျိုးကျေးဇူးများကိုလည်းကောင်း လက်တွေ့ရှင်းလင်းပြပြီး တက်ရောက်လာသည့် တောင်သူ ၁၄၀ ခန့်အား တောင်ယာစပါးစိုက်ပျိုးနည်း လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**မအီ မတ် ၇**

မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စုများ ချစ်ကြည်ရင်းနှီးမှုရရှိစေရေးနှင့် ဘောလုံးအားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပသည့် မအီမြို့အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်က မအီမြို့ အထကအားကစားကွင်း၌ မအီမြို့မအသင်းနှင့် ပဒါကျေးရွာအုပ်စုအသင်းတို့ ဗိုလ်လုယှဉ်ပြိုင်ကြရာ မအီမြို့မအသင်းက ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ကြောင်း သိရသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်ငွေမိုးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပထမဆုဖလားနှင့် ဆုကြေးငွေကျပ် ငါးသိန်း၊ ဒုတိယဆုနှင့် ဆုကြေးငွေကျပ်လေးသိန်းတို့ကို အသီးသီးချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။ **မောင်မောင်ဌေး (ပြန်/ဆက်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ “မန္တလေးမျဉ်းဖြောင့်များ”အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ “မန္တလေးမျဉ်းဖြောင့်များ”ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ “မန္တလေးမျဉ်းဖြောင့်များ” အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် “တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး” အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော “မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ” ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သနိ္ခရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော “တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး” ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ဆံသဆရာ၊ နဂါးခေါင်း ရေတွင်းတစ်တွင်းနှင့် သာကဝန်ကျောင်းတော်ကြီး

## ဆူးငှက်

***ယခင်အပတ်မှအဆက်***

ရွှေတချောင်းသည် အေလမ်းကိုကျော်၍ တောင်ဘက်သို့ ဆက်လက်စီးဆင်းသောအခါ ဗမာရပ်ကွက်များကို ဖြတ်သန်းသွား၏။ ထိုရပ်ကွက်များ၏ အများစုက မုန့်စုံလုပ်ငန်းလုပ်ကြသူများလည်း ရှိသည်။ ပွဲရုံအရောင်းအဝယ်လုပ်ငန်းများ လုပ်ကြသည်လည်းရှိသည်။ ၃၇ လမ်းနှင့် ၃၈ လမ်းကြားတွင် သဲပုံစေတီရှိ၏။ ထိုရပ်ကွက်ကား မုန့်တီစုရပ်ကွက်ဟုလည်း ခေါ်သည်။

၁၁၂၉ ခုနှစ်က အင်းဝဆင်ဖြူရှင်မင်းသည် အယုဒ္ဓယ၊ ဇင်းမယ်၊ သောက္ကတဲတို့ကို အောင်နိုင်ပြီး မင်းဆွေမင်းမျိုး မှူးမတ်များကို ထိုအရပ်၌ နေရာချထားပေးခဲ့သည်။ အရပ်ကို ရွှာဟိုင်းရပ်ဟုခေါ်၏။ မုန့်တီစုဟူသည်လည်း ထိုလူမျိုးတို့၏ မုန့်တီများ လုပ်ကိုင်ရာအရပ်ဖြစ်သည်။ ထိုစဉ်က ထိုင်းနန်းစွန့်ဘုရင်(ကျောက်ဖွားတောက်)လည်း ပါရှိလာပြီး ပေါင်းလဲတိုက်နေရာ၌ သက်န်းဆီးခဲ့သည်။ ၁၁၅၈ ခုနှစ်တွင်ပျံလွန်၏။ ထိုအရပ်တွင် တစုတဝေး နေထိုင်ခဲ့ကြသော ထိုင်းအနွယ်စုတို့က သူတို့ရိုးရာအစဉ်အလာအရ သဲပုံစေတီပူဇော်ခဲ့ကြသည်မှာ ဘိုးတော်ဘုရား လက်ထက်ကတည်းက ဖြစ်သည်။

သဲပုံစေတီကို ညချင်းအပြီး တည်ဆောက်ရသည်။ သဲ၊ ထုံး၊ ကော်ရည်တို့ဖြင့် စေတီပုံသဏ္ဌာန် ဉာဏ်တော် ၂၅ ပေခန့် တည်ကြသည်။ ဘိုးတော်ဘုရားလက်ထက် ၁၁၄၆ ခုနှစ်ကတည်းက နှစ်စဉ် သဲပုံစေတီပွဲ ကျင်းပခဲ့ကြသည်မှာ ၁၃၄၆ ခုနှစ်က နှစ် နှစ်ရာပြည့် ကျင်းပခဲ့ကြ၏။ ယခုဆိုလျှင် ၂၁၄ နှစ်ရှိပေပြီ။ သဲပုံစေတီကို အလယ်၌ ပိန္နဲတိုင်ထားပြီး သဲအဟောင်းနှင့် တည်ရသည်။ သဲအသစ်ယူဆောင်မတည်ရဟုဆို၏။ ပွဲတော်ရပ်ဖြစ်သော ကဆုန်ကဆန်း ၁၄၊ ၁၅ ရက်များတွင် သဲပုံစေတီဟောင်းကို ဖြိုဖျက်၍ သဲပုံစေတီအသစ်ကို မူလပုံစံအတိုင်း တည်ရပေသည်။ ထိုသို့ သဲပုံစေတီတည်အပြီးတွင် မိုးရွာပါမှ ရပ်ရွာအေးချမ်းကာ ရောဂါဘယကင်းဝေးမည်ဟု ယုံကြည်ကြသည်။

ပိုမိုစိတ်ဝင်စားဖွယ်ကောင်းသည်မှာ မန္တလေးတွင်သဲပုံစေတီများကို ရွှေတချောင်း တစ်လျှောက်၌သာ တွေ့ရခြင်းဖြစ်၏။ ၂၁ လမ်း ပုလဲငွေရောင် ရွှေတချောင်းအရှေ့ဘက်သုံးပြအကွာ၌ ဆွေတော်မျိုးတော်များ တည်သော သဲပုံစေတီ၊ ယခုမုန့်တီစုရပ် ရွှေတချောင်းအရှေ့ဘက်ကပ်လျက် သဲပုံစေတီနှင့် မင်းသားစုရပ် ရွှေတချောင်းအရှေ့ဘက်ကပ်လျက် သဲပုံစေတီတို့ဖြစ်၏။

မုန့်တီစု သဲပုံစေတီ၏ အနောက်ဘက်ရွှေတချောင်းကို ကျော်လိုက်လျှင် ကင်းဝန်မင်းကြီးကျောင်းတိုက်ရှိ၏။ ရတနာပုံခေတ်ရေးဟောင်းကျောင်းကြီးများအနက် တစ်မူထူးခြားစွာ အနောက်ဟန် ဗိသုကာနှင့် တည်ဆောက်ထားသော ကျောင်းကြီးတစ်ကျောင်းဖြစ်၏။ ပြင်သစ် ဘုရားရှိခိုးကျောင်းကြီးတစ်ခု၏ ပုံစံကို မှီးထားသည်ဟု ဆိုသည်။

ကျွန်းသားများဖြင့် တည်ဆောက်ခဲ့သောကြောင့် ‘သာကဝန်’ ကျောင်းကြီးအဖြစ် ခေါ်စမှတ်ပြုကြသည်။ ကင်းဝန်မင်းကြီး ဦးကောင်းသည် အနောက်ဥရောပနိုင်ငံများသို့ သွားရောက်ခဲ့သူဖြစ်သောကြောင့် အနောက်ဗိသုကာနှင့် မြန်မာဗိသုကာကို ပေါင်းစပ်ဆောက်လုပ်ထားခြင်းဖြစ်သည်။ ကျောင်းကြီး၏ လေးမျက်နှာတွင် အုတ်လှေကားများရှိသည်။ ရှေ့မျက်နှာစာတံခါးရွက်ကြီးများတွင် ကျွန်းသားပန်းပု အပြောက် အမွမ်းများ၊ ဖောက်ပန်းနွယ်များ ထွင်းထုထားသည်။ ကျောင်း ဦးထိပ်တွင် ဥရောပစတိုင် လင်းယုန် ငှက်ရုပ်များ တပ်ဆင်ထား ၏။ တြိဂံပုံမြင့်မိုရ်ပိတ်၊ ရောမ ဗိသုကာဆန်သော ကြောင်လိမ် လှေကားနှင့် ထပ်ခိုးများဖြင့် ဖွဲ့စည်းထား၏။ ကျွန်းသားတိုင် ကြီးများကလည်း ပြင်သစ်၊ အင်္ဂလန်က နန်းတော်များကို တုပထားသည်။

ကြောင်လိမ်လှေကားမှာ သစ်လုံးတစ်လုံးတည်းတွင် အထက်သို့ဝက်အူရစ်ပတ်တက်ကာ ဖောက်ထားသော စရွေးပေါက်များကို လှေကားထစ်အဖြစ် တပ်ဆင်ထားသည်။ သာကဝန်ကျောင်းကြီးကို ကင်းဝန်မင်းကြီးက ၁၂၄၁ ခုနှစ်တွင် ဆောက်လုပ်လှူဒါန်းထားခြင်းဖြစ်၏။

ကင်းဝန်မင်းကြီးဦးကောင်းသည် သူ၏ကုသိုလ် သာကဝန်ကျောင်းကြီးအား အနောက်တိုင်း ဗိသုကာလက်ရာများကို အများဆုံးအသုံးချ ဆောက်လုပ်ခဲ့သော်လည်း သူအလုံဝန်ဘဝတွင် အလုံသူနေထိုင်ရန်အိမ်ကိုမူ ပီဘိ မြန်မာ့လက်ရာ၊ မြန်မာ့အိမ်ဖွဲ့စည်းမှုဖြင့် တည်ဆောက်ခဲ့၏။

ကင်းဝန်မင်းကြီးက အလုံကအိမ်ကို ၁၂၂၃ မှ ၁၂၂၆ခုနှစ် အတွင်း တည်ဆောက်ခဲ့လေသည်။ ကိုးဆောင်ပြိုင်အိမ်ကြီးဖြစ်၏။ လှေကားနှစ်စင်းတပ်ထားလေသည်။ မြန်မာသက္ကရာဇ် ၁၂၅၆ ခုနှစ်ရောက်သောအခါ ထိုအိမ်ကို ဦးချစ်စု-ဒေါ်မုန်းတို့က ငွေကျပ်တစ်ထောင်နှင့်ဝယ်ပြီး ချပ်ဘီးလှည်းဖြင့်တင်ကာ မုံရွေးရွာ ဉသျှပ်ပင်ကုန်းရပ်၌ ရွှေ့ပြောင်းတည်ဆောက်ခဲ့လေသည်။ အသစ်ထပ်မံတည်ဆောက်သောအခါ အဆောင်ငါးဆောင်နှင့် လှေကားတစ်ခုဖြင့်ချုံ့၍ ဆောက်ခဲ့သည်။

အိမ်ကို ကျွန်းတိုင်လုံး၊ ကျွန်းသား၊ အုတ်ကြွပ်မိုး၊ သံနှင့်ကြေးပတ္တာများသုံးကာ အပြောက်အမွမ်းပါသည့် တံခါးများ၊ ပြတင်းများ၊ နံရံနဖူးစည်းများဖြင့် ဖွဲ့စည်းထား၏။ လှေကားကိုမူ ဦးတိုက်ထားပြီး ကြေးစည်တိုင်များကမူ သာမန်အိမ်များထက် မြင့်လေသည်။

အိမ်ကိုမြန်မာအိမ်များ ဖွဲ့စည်းပုံအတိုင်း ကပြင်၊ ဆင်ယှဉ်များနှင့်အတူ ပွဲကြည့်ဆောင်၊ အိပ်ခန်း၊ ဧည့်ခန်း၊ ပြော့ခန်း၊ မီးနေခန်း၊ မီးဖိုဆောင်များလည်းပါရှိ၏။ အိပ်ခန်းများတွင် ကြံသခင်အိပ်ခန်း၊ ကင်းဝန်အိပ်ခန်း၊ အိမ်သူအိမ်သားများ အိပ်ခန်းအပါအဝင် အိပ်ခန်းလေးခန်းပါရှိ၏။ အိမ်၏ တိုင်၊ တန်း၊ ဒိုင်းခွေ၊ အုတ်ကြွပ်တန်းများအား အတတ်နိုင်ဆုံးသံကို ရှောင်နိုင် သမျှရှောင်ပြီး အဆက်များအား စရွေးများသာ သုံးထား၏။

ထို့ပြင် ပြော့ခန်းဒူးပိတ်၊ ဝဲလင်းဆောင်၊ နဖူးစည်း၊ ခုံးပြတင်း၊ ခြေကျော်ခုံတံခါးမတို့တွင် အပြောက်အမွမ်းများစွာ ထည့်ထားသည်။ ကင်းဝန်၏ အိပ်ခန်းတွင်လည်း ကဲလားကို ရိုင်နုထရံကွက်များပါရှိသည်။ မြန်မာမှုအနုလက်ရာများဖြင့် မုံရွေးရှိ ကင်းဝန်မင်းကြီးအိမ်မှာ မုံရွေးတွင် မီးဘေး သင့်သောအခါ ဆုံးရှုံးသွားရလေသည်။

မန္တလေးမြို့ရှိ ကင်းဝန်မင်းကြီး၏ ‘သာကဝန်’ ကျောင်းကြီးနှင့် ပတ်သက်၍မူ ပညာရှင်များက အုပ်ချုပ်သူလူတန်းစား၏ အရင်းရှင်လူမှုဆက်ဆံရေးပုံစံသို့ ကူးပြောင်းလိုခြင်းနှင့် မြေရှင်ပဒေသရာဇ်စနစ်ကို ဖက်တွယ်ထားလိုသည့် ပဋိပက္ခရလဒ်ဟုသုံးသပ်ကြ၏။



အက္ကပတ်မြို့ဝန်မင်းကျောင်းတိုက်

နိုင်ငံရေးစနစ်နှစ်ခုပဋိပက္ခ၏ လက်အောက်ခံအဖြစ် အရင်းရှင်ယဉ်ကျေးမှုနှင့် ပဒေသရာဇ်ယဉ်ကျေးမှု၊ တစ်နည်းအားဖြင့် အနောက်တိုင်းယဉ်ကျေးမှုနှင့် အရှေ့တိုင်းယဉ်ကျေးမှုတို့၏ အားပြိုင်မှုသည် ဗိသုကာနယ်ပယ်သို့ ရိုက်ခတ်လာ၏။ ထိုအခါ ကင်းဝန်မင်းကြီး၏ သာကဝန်ကျောင်းသည်ဗုဒ္ဓဘာသာ မြန်မာဘုန်းကြီးကျောင်းဟုဆိုသော်လည်း အနောက်တိုင်း ယဉ်ကျေးမှု၏ လွှမ်းမိုးခြင်းခံရသော အဆောက်အအုံများ ဖြစ်လာသည်။

ထိုစဉ်က မြန်မာဘုရင်လက်အောက်တွင် အကြောင်းအမျိုးမျိုးနှင့် အမှုထမ်းနေကြသော တိုင်းတစ်ပါးသားတို့ကလည်း ဗိသုကာနယ်ကို ပါဝင်ဉာဏ်ကူခွင့်လည်း ရကြသည့်သဘောဖြစ်၏။ အနောက်ပြင် ရွှေပြည်ရပ်ရှိအက္ကပတ်မြို့ဝန်မင်းအုတ်ကျောင်းဆိုလျှင် မြန်မာမှုကို လုံးဝအခြေမခံသော ဗိသုကာအခြင်းအရာများကို တွေ့ရလေသည်။

မည်သို့သော ဗိသုကာပုံစံကို အခြေပြုသည်ဖြစ်စေ၊ မြန်မာဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများတွင် ရဟန်း၊ သံဃာတို့ သီတင်းသုံးရာဟူသော ယေဘုယျလက္ခဏာအားဖြင့် အောက်ပါဌာနများမှာမလွဲမသွေ ပါဝင်ရပေမည်။

၁။ ဘုရားဆောင်၊
၂။ ရဟန်းသံဃာတို့ သီတင်းသုံးရာ နေရာထိုင်ခင်း၊
၃။ အာဂန္တုများအတွက် သီတင်းသုံးရာနေရာထိုင်ခင်း၊
၄။ စာပေပို့ချရာနေရာ၊
၅။ သာမဏေနှင့်ကျောင်းသားများအတွက် စာကျက်စာအံရာနေရာ၊
၆။ သာမဏေနှင့်ကျောင်းသားများအတွက် အိပ်ရန်နေရာ၊
၇။ ရဟန်းအသုံးအဆောင်နှင့်ကျက်သရေခန်း၊
၈။ စင်္ကြံ
၉။ ဒါယကာ၊ ဒါယိကာမများ၏ အဖူးအမြော်ခံရာနေရာတို့ဖြစ်သည်။

မြန်မာမှုဗိသုကာစစ်စစ် ဘုန်းကြီးကျောင်းများမှာတော့ အရှေ့အနောက်ကို ဝင်ရိုးထား၍ အခန်းဖွဲ့စည်းကြလျှင် အရှေ့ဘက်ဆုံး၌ ပြာသာဒ်ဆောင်မကြီးရှိ၏။ မြတ်စွာဘုရားရုပ်ပွားတော် သီတင်းသုံးရာအဆောင်ဖြစ်သည်။ ပြာသာဒ်ဆောင်မကြီးနှင့် မာရဘင်ဆောင်ကို စနုဆောင်က ဆက်စပ်ထားသည်။ မာရဘင်ဆောင်က နေ့အချိန် ပရိသတ်အား ဧည့်ခံတရားဟောကြားရာ အဆောင်ဖြစ်သည်။ အရှေ့မာရဘင်ဆောင်၊ အနောက်မာရဘင်ဆောင်ဟု ခွဲထားသေးသည်။ စနုဆောင်ကကျောင်းထိုင်ဘုန်းကြီးသီတင်းသုံးရာ အဆောင်ဖြစ်သည်။ မာရဘင်ဆောင်ကား နေ့အချိန် လူပရိသတ်ကို ဧည့်ခံ၍ ညအချိန်ကျောင်းနေသံဃာတို့ ကျိန်းစက်ရာလည်းဖြစ်သည်။

ပြာသာဒ်ဆောင်၊ စနုဆောင်၊ အရှေ့မာရဘင်ဆောင်၊ အနောက်မာရဘင်ဆောင်ပြီးနောက် ခုံးဆောင်ဖြစ်၏။ ခုံးဆောင်က တိုးလျှိုပေါက်အခန်းဖြစ်၏။ ခုံးဆောင်က မာရဘင်ဆောင်နှင့်ဘောဂဆောင်ကို ဆက်စပ်ပေးသည်။ ဘောဂဆောင်က လှူဖွယ်ပစ္စည်းနှင့်ရဟန်းအသုံးအဆောင်ပစ္စည်းတို့ထားရာ အခန်းဖြစ်သည်။ ထိုအဆောင်များ၏ လေးဘက်ပတ်ပတ်လည်တွင် ကြမ်းခင်း၊ စင်္ကြံလမ်းကပတ်ထားသည်။ မြေပြင်မှ စင်္ကြံသို့တက်ရန် အုတ်လှေကားကြီးများကို တပ်ဆင်ထားသည်။

ဤကား မြန်မာမှုစစ်စစ်ဘုန်းကြီးကျောင်းကြီးများ၏ ဖွဲ့စည်းပုံအနေအထားဖြစ်သည်။ တံခါးများကို အပေါ်ထိပ်ပတ္တာတပ်ကဲလားတံခါးကြီးများအဖြစ် တပ်ဆင်ထား၏။ ကဲလားကြီးများဖွင့်ထားသောအခါ စင်္ကြံအမိုးများအဖြစ် အသုံးချရန်လည်း ရည်ရွယ်၏။

ကင်းဝန်မင်းကြီး၏ သာကဝန်ကျောင်းကြီးမှာမူ အနောက်ဗိသုကာဟန်အခြေခံထားသောကြောင့် တခြားဘုန်းကြီးကျောင်းများနှင့်ကွဲပြားနေပါသည်။ မန္တလေးမြို့တွင် သာကဝန်ကျောင်းကြီးကဲ့သို့ နိုင်ငံခြားဗိသုကာအခြေခံကျောင်းကြီးများမှာ မန္တလေးတောင်ခြေ သူရဲတပ်အရှေ့ဘက်ရှိ ယောအတွင်းဝန်မင်းအုတ်ကျောင်း၊ အနောက်ပြင်ရွှေပြည်ရပ် အက္ကပတ်မြို့ဝန်မင်း တိုက်အုတ်ကျောင်း၊ မဟာမုနိဘုရားကြီး အနောက်ဘက်အတွင်းဝန်ဦးဘိ၏ ရွှေရေးဆောင်အုတ်ကျောင်းကြီးများဖြစ်သည်။

ရွှေတချောင်းအနောက်ဘက်၊ ကင်းဝန်မင်းကြီးကျောင်းတိုက် အရှေ့ဘက်ဝင်ပေါက်၏ ညာဘက်ဘေးမှ အုတ်တိုက်လေးထဲမှာတော့ ကျောက်စာများရှိပါ၏။ အမြဲပိတ်လှောင်ထားသော အုတ်တိုက်လေး၏တံခါးမှသော့ကို ခပ်လှမ်းလှမ်းရှိ တိုက်အုပ်ကျောင်းမှ ဦးပဉ္စင်းလေးတစ်ပါးက ဖွင့်ပေးသည်။ ပင့်ကူမျှင်များကို ဖယ်ရှားရင်း ဖုန်မှုန့်တွေအထပ်ထပ်ကပ်နေသော ကျောက်စာချပ်ကို အသာအယာပွတ်သပ်ကြည့်မိ၏။ ပြတင်းပေါက်လေးက ဝင်လာသော နေခြည်တန်းများတွင် ဖုန်မှုန့်တွေဝေ့ဝဲလွင့်ပျံသွားသည်။ လည်ချောင်းထဲက ယားလာကာ ချောင်းတဟွတ်ဟွတ်အတောမသတ်ဆိုးသည်။ ဖုန်မှုန့်တွေ ငြိမ်သက်သွားမှ ကျောက်စာကို အနားကပ်ကာ ဖတ်ကြည့်မိသည်။

ဦးပဉ္စင်းလေးက-

“ကျောင်းကြီးရဲ့မြောက်ဘက်မှာအရင်ကအုတ်ဂူရှိတယ် ဒကာလေးရဲ့၊ ကျောင်းဆောက်တော့ ဖြိုပစ်လိုက်တယ်ထင်ရဲ့” ဟုအနားကရပ်ကာ ပြောနေသည်။

မြန်မာမင်းဆက် ပျက်သုဉ်းခြင်းနှင့်ပတ်သက်၍အရေးကြီး ဇာတ်ကောင်ဖြစ်သော ကင်းဝန်မင်းကြီးကို ဖုန်အလိမ်းလိမ်း ကျောက်စာထက်မှာ ပုံဖော်ကြည့်နေမိတော့၏။

***(“တောင်မြောက် အရှေ့အနောက်ထောင့်မတ်မန္တလေး” ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# ပထမအကြိမ်မြောက် သဘာဝဘေးအန္တရာယ်လျှော့ချရေးဖိုရမ်ကျင်းပ

**ကော့ကရိတ် မတ် ၇**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် ပထမအကြိမ်မြောက် သဘာဝဘေးအန္တရာယ် လျှော့ချရေးဖိုရမ်ကို မတ် ၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်သူ့ဝန်ဆောင်မှုရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစန်းလွင်၊ ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလင်းထွဋ်တို့က အမှာစကားပြောကြားခဲ့ပြီး ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC)မှ ဆရာမနော်ဂျူးဖောက မိုးလေဝသနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာရရှိရန်၊ ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်မျှဝေခြင်းများ ရှိလာရန်၊ ကွန်ရက်ချိတ်ဆက်မှုများ ရှိလာပြီး ပူးပေါင်းလုပ်ဆောင်သည့် အစီအစဉ်များ လုပ်ဆောင်လာနိုင်စေရန် ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။



ထို့နောက် ပြည်နယ်၏ ၂၀၁၆ အတွင်း ရာသီဥတုအခြေအနေနှင့် ၂၀၁၇ အတွင်း ဖြစ်နိုင်သော ရာသီဥတု အခြေအနေများကို မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန ပြည်နယ်ဦးစီးမှူးက လည်းကောင်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၏ ဆောင်ရွက်နေသော လုပ်ငန်းစဉ်များနှင့် ဘေးဖြစ်ပြီး ဆောင်ရွက်မှုများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ဆောင်ရွက်နေသော လုပ်ငန်းများနှင့် ဘေးဖြစ်ပြီး ဆောင်ရွက်မှုများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ဆောင်ရွက်နေသောလုပ်ငန်းစဉ်များနှင့် ဘေးဖြစ်ပြီး ဆောင်ရွက်မှုများ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန၏ လုပ်ငန်း ဆောင်ရွက်နေမှုများ၊ မီးသတ်ဦးစီးဌာန၏ လုပ်ဆောင်နေသော လုပ်ငန်းစဉ်များနှင့် ဘေးဖြစ်ပြီး ဆောင်ရွက်ချက်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ဌာနတွင်ဆောင်ရွက်သော လုပ်ငန်းစဉ်များနှင့် ဘေးဖြစ်ပြီး ဆောင်ရွက်နေမှုများကိုလည်းကောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက တင်ပြခဲ့ကြသည်။

အဆိုပါဖိုရမ်ကို မတ် ၆ ရက်မှ ၇ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ပြီး ကော့ကရိတ်မြို့နယ်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာ ၁၃ ရွာမှ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးထက်အောင်(ပြန်/ဆက်)**

# ဒေသခံများကိုယ်တိုင် စီမံခန့်ခွဲသော ရေချိုငါးလုပ်ငန်းရေပြင်များကို အခြေခံ၍ အလုပ်အကိုင်အခွင့် အလမ်းအသစ်ဖော်ဆောင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ပူတာအို မတ် ၇**

ကချင်ပြည်နယ် ပူတာအိုခရိုင်တွင် Fauna & Flora International-Myanmar Programme ၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော ဒေသခံများကိုယ်တိုင်စီမံခန့်ခွဲသော ရေချိုငါးလုပ်ငန်းရေပြင်များကို အခြေခံ၍ အလုပ်အကိုင်အခွင့်အလမ်းအသစ်ဖော်ဆောင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကို မတ် ၆ ရက်က ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းတို့က ဒေသခံများကိုယ်တိုင် စီမံခန့်ခွဲသော ရေချိုငါးလုပ်ငန်းရေပြင်များကို အခြေခံ၍ အလုပ်အကိုင်အခွင့် အလမ်းအသစ်ဖော်ဆောင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ အမှာစကားပြောကြားကြပြီး FFI မြန်မာနိုင်ငံအစီအစဉ်မှ ဒါရိုက်တာနှင့် တာဝန်ရှိသူများက အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးရမည့်အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးလုပ်ငန်းဦးစီးဌာန၏ တည်ဆဲရေချိုငါးလုပ်ငန်း ဥပဒေများအား ရှင်းလင်းခြင်း ၊ FFI မြန်မာနိုင်ငံအစီအစဉ်မှ ဦးဇော်ထွန်းက FFI ၏ သုတေသနရလဒ်များမှသည် ငါးထိန်းသိမ်းရေးဇုန်များနှင့် အနာဂတ်တွင် ဒေသခံများကိုယ်တိုင် စီမံခန့်ခွဲသော ရေချိုငါးလုပ်ငန်းရေပြင် ကွန်ရက်များ ကချင်ပြည်နယ်တွင် တည်ထောင်ခြင်းနှင့် FFI မြန်မာနိုင်ငံ အစီအစဉ်မှ ဦးအောင်မျိုးချစ်က Fly Fishing ခရီးသွားလုပ်ငန်းအကြောင်းသိကောင်းစရာများကို ရှင်းလင်းခဲ့သည်။

ဆက်လက်၍ FFI မြန်မာနိုင်ငံ အစီအစဉ်မှ တာဝန်ရှိသူများက အဖွဲ့လိုက်ဆွေးနွေးမည့် အစီအစဉ်များကို မိတ်ဆက်ပေးပြီး တက်ရောက်လာသည့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ကျေးလက်နေပြည်သူများက ဒေသခံများကိုယ်တိုင် စီမံခန့်ခွဲသော ရေချိုငါးလုပ်ငန်းရေပြင်များကို ပူးပေါင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အစားထိုးသီးနှံ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု တောင်သူပညာပေးသင်တန်း

**ပင်လောင်း မတ် ၇**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပသည့် အစားထိုးသီးနှံကော်ဖီစိုက်ပျိုးထုတ်လုပ်မှု တောင်သူပညာပေးသင်တန်းကို မတ် ၆ ရက်က ကျင်းပသည်။

သင်တန်းတွင် မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦးက အမှာစကားပြောကြားပြီး တောင်ကြီးခရိုင်စက်မှုသီးနှံတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဆရာဦးမြဝင်းက သီးနှံ စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်ပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ပင်လောင်းမြို့နယ်၊ နောင်တရားမြို့ ပေါင်းလောင်းမြို့တို့မှ သင်တန်းသား သင်တန်းသူ ၆၃ ဦး တက်ရောက်ကြပြီး အဆိုပါသင်တန်းတွင် ကော်ဖီသမိုင်းကြောင်း၊ မြေအမျိုးအစား၊ ကော်ဖီမျိုးယူပုံ၊ ပျိုးထောင်ခြင်း၊ ကော်ဖီပြုစုစောင့်ရှောက်ခြင်း၊ ကော်ဖီစိုက်ပျိုးရန် ပြင်ဆင်ခြင်း၊ ကော်ဖီထုတ်လုပ်ပုံ အဆင့်ဆင့်နှင့် ကော်ဖီတွင်ကျရောက်သောပိုးမွှားရောဂါအန္တရာယ်ကာကွယ်နှိမ်နင်းရေးနည်းပညာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက် )**

## မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်နှင့် စပ်လျဉ်း၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၇၈ခုနှစ်၊ နှောင်းတန်ခူး လပြည့်ကျော် ၃ ရက်နေ့မှ နှောင်းတန်ခူး လပြည့်ကျော် ၅ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော် ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာရပြုခြင်း၊ ရှင်ပြုရဟန်းခံ အလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့အပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်းမွှေးပျံ့သည့် နံ့သာရေများကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ရိုးရာဓလေ့အစဉ်အလာလည်း ရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သား မခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်းစသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၇၈ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန်ဖြစ်ပါသည်-

(က) မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေး စရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သောရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့် မလျော်ညီသည့် ရန့်ရင်းကြမ်းတမ်းစွာပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအားဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့်ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) သူတစ်ပါး သို့မဟုတ် အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာပျက်ပြားထိခိုက်စေရန်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုးဝတ်ဆင်ခြင်းမှ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

(စ) မြန်မာ့ရိုးရာသင်္ကြန်ကို ချစ်ခင်၍ ပျော်ရွှင်ကြလိုသူများ ဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ယဉ်ကျေးမှုအစဉ်အလာသင်္ကြန်ကို လေးစားတန်ဖိုးထားမှု လျော့ပါးစေသော စရိုက်လက္ခဏာများ၊ အပြော၊ အဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်းလိုက်စားပြုမူခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ ဆင်ခြင်ရှောင်ကြဉ်ကြပါရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



# (၄)ကြိမ်မြောက် သုံးပွင့်ဆိုင်ရွှေတြိဂံအားကစားပွဲတော်ကျင်းပ

**တာချီလိတ် မတ် ၇**

ထိုင်းနိုင်ငံ ခရီးသွားလာရေးနှင့် အားကစားဝန်ကြီးဌာန ချင်းရိုင်းဌာနခွဲက ကြီးမှူးကျင်းပသည့် မဲခေါင်မြစ်အောက်ပိုင်း နိုင်ငံများနှင့် ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ဒေသတွင်းဝင်ငွေရရှိစေရေး အထောက်အကူ ဖြစ်စေရန်၊ ကျန်းမာရေးဆိုင်ရာ လှုပ်ရှားမှုတစ်ရပ်ဖြစ်စေရေး ရည်ရွယ်ချက်များဖြင့် တော်ဝင်သီရိဒုံမင်းသမီးဖလား (၄)ကြိမ်မြောက် သုံးပွင့်ဆိုင် ရွှေတြိဂံအားကစားပွဲတော် ၂၀၁၇ ဖွင့်ပွဲကို မတ် ၄ ရက်က ထိုင်းနိုင်ငံ မယ်ဆိုင်မြို့၌ စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ထိုသို့ ကျင်းပရာတွင် စက်ဘီးစီးပြိုင်ပွဲ မဲခေါင်မြစ်တွင်း ရေကူးပြိုင်ပွဲနှင့် အပြေးပြိုင်ပွဲများပါဝင်ကာ မတ် ၅ ရက်က အပြေးပြိုင်ပွဲကို ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ဆီ လက်ဖက်သုတေသနနှင့် ဖွံ့ဖြိုးရေးစခန်းမှ စတင်တာလွှတ်ခဲ့ပြီး မြန်မာနိုင်ငံ တာချီလိတ်မြို့ ရွှေတိဂုံစေတီတော်မှတစ်ဆင့် မယ်ဆိုင်မြို့ဆီ လက်ဖက်သုတေသနနှင့်ဖွံ့ဖြိုးရေးစခန်းသို့ ပြန်လည်ပန်းဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ အပြေးပြိုင်ပွဲတွင် ထိုင်းနိုင်ငံမှ အားကစားသမား ၂၀၇ ဦး၊ နိုင်ငံခြားသား ၅၃ ဦး စုစုပေါင်း အားကစားသမား ၂၆၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ကန်ကြီးဖျားရေကန်ကြီး ပြုပြင်ပြီးစီး၍ သောက်သုံးရေလုံလောက်စွာ ရရှိမည်

**ဆင်ပေါင်ဝဲ မတ် ၇**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျောက်ဆောင်စမ်းကျေးရွာအနီး နယားချောင်းပေါ်တွင် တည်ရှိသည့် ကန်ကြီးဖျား သောက်သုံးရေကန်ကြီးကို ပြုပြင်ပြီးစီးပြီဖြစ်၍ ဒေသခံများအနေဖြင့် သောက်သုံးရေအခက်အခဲမရှိဘဲ လုံလောက်စွာ ရရှိသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကန်ကြီးဖျားသောက်သုံးရေကန်ကို ၁၉၀၉ ခုနှစ်ကပင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မိုးကြီးခြင်းနှင့်မိုးရေတိုက်စားခြင်းတို့ကြောင့် ၂၀၀၆ ခုနှစ်တွင် ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၂၀၁၅ ခုနှစ်တွင် တတိယအကြိမ် ကျိုးပေါက်ပျက်စီးခဲ့၍ ပြန်လည်ပြုပြင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကွင်းဆင်းတိုင်းတာကာ တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှတစ်ဆင့် မကွေးတိုင်းဒေသကြီး အစိုးရသို့တင်ပြခဲ့ကြောင်း၊ တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၄၅ သန်းဖြင့် ကန်တူးဖော်ခြင်း၊ ရေပိုလွှဲပြုပြင်ခြင်း၊ ရေပိုလွှဲအသစ်တည်ဆောက်ခြင်း၊ နယားချောင်းရေကျော်တံတားတည်ဆောက်ခြင်း၊ ကန်ပေါင်ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းအားလုံးဆောင်ရွက်ပြီးစီးခြင်းဖြစ်ကြောင်း သိရသည်။

ကန်ကြီးဖျားရေကန်ကြီး၏ ရေလှောင်ပမာဏမှာ ၃၄ ဒသမ ၅ ကေပေခန့်ရှိရာ ပြုပြင်ပြီးစီးသဖြင့် ကျောက်ဆောင်စမ်းကျေးရွာရှိ ပြည်သူများအနေဖြင့် သောက်သုံးရေလုံလောက်စွာ သုံးစွဲနိုင်မည့်အပြင် ကိုးပင်-ဆင်ပေါင်ဝဲ၊ ကပစ(၈)တို့နှင့် ဆက်သွယ်ထားသည့် ကားလမ်းမကြီး၏ နယားချောင်းရေကျော်တံတားကို ရေတိုက်စားပျက်စီးမှု၊ ကန်၏အောက်ဘက် ချောင်းနံဘေးရှိ စည်ပင်လှကျေးရွာတွင် ရေကြီးခြင်းတို့မှာလည်း ကာကွယ်ပေးနိုင်မည့် အကျိုးကျေးဇူး ရရှိမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူကြွယ်က ပြောသည်။

ရေကန်ကြီး ပထမနှင့် ဒုတိယအကြိမ် ကျိုးပေါက်ပျက်စီးစဉ်က ကျေးရွာနေပြည်သူများ၏ ငွေအား၊ လူအားဖြင့် ပြုပြင်ခဲ့ကြသော်လည်း တတိယအကြိမ်ပျက်စီးမှုအတွက် ပြန်လည်ပြုပြင်ရန် ငွေကြေးအခက်အခဲကြောင့် မတတ်နိုင်ခဲ့ကြောင်း၊ ယခု တိုင်းဒေသကြီးအစိုးရ၏ ပံ့ပိုးမှုဖြင့် ပြုပြင်ပြီးစီးသဖြင့် ကျေးရွာရှိ အိမ်ခြေ ၉၅၀ မှ လူဦးရေ ၅၅၀၀ ကျော်နှင့် ကျွဲ၊ နွား အကောင်ရေ ၃၀၀၀ ကျော်အတွက် သောက်သုံးရေလုံလောက်စွာ ရရှိမည်ဖြစ်၍ ဝမ်းမြောက်ကြောင်း ကန်ကြီးဖျားရေကန်ကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ဦးက ပြောသည်။

**သန်းနိုင်ဦး(ငဖဲ)**

# တရားမဝင်သစ်မျိုးစုံ တန် ၈၀ ကျော်နှင့် သစ်ခွဲစက်တစ်လုံး ဖမ်းဆီးရမိ

**တိုက်ကြီး မတ် ၇**

ရန်ကုန် မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဥက္ကံကြိုးဝိုင်းအတွင်း၌ တရားမဝင် ထုတ်လုပ်ထားသော သစ်တန် ၈၀ ကျော်နှင့် သစ်စက်တစ်လုံးကို မတ် ၄ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဝင်း ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ သာယာဝတီမြို့နယ် သစ်တောဦးစီးအရာရှိ ဦးဇမ်ဆွမ်းခိုင် ဦးဆောင်သော သစ်တောဝန်ထမ်းများနှင့် သစ်တောရဲတပ်ဖွဲ့မှ ဒုရဲမှူးကိုကိုဇော် ဦးဆောင်သော သစ်တောရဲတပ်ဖွဲ့ဝင်များက တိုက်ကြီးမြို့နယ်နှင့် သာယာဝတီ နယ်စပ်တစ်လျှောက်၌ တရားမဝင်သစ်များကို ပူးပေါင်းဖမ်းဆီးစဉ် ဥက္ကံကြိုးဝိုင်း အကွက်အမှတ်(၈၁)အတွင်းမှ သစ်မျိုးစုံ ၂၁၇ ချောင်း (အလေးချိန် ၅၇ ဒသမ ၄၂၇၂ တန်)နှင့် သစ်ခွဲစက် တစ်လုံး ကိုလည်းကောင်း၊ ဥက္ကံကြိုးဝိုင်း အကွက်အမှတ်(၇၆)အတွင်း၌ သစ်မျိုးစုံ ခွဲသား ၄၃ ချောင်း(အလေးချိန် ၉ ဒသမ ၂၂၉၈ တန်)နှင့် သစ်မျိုးစုံ သစ်လုံး ၄၃ လုံး (အလေးချိန် ၁၅ ဒသမ ၃၃ တန်)ကို လည်းကောင်း ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးရမိခဲ့သော သစ်ခွဲသားနှင့် သစ်လုံးများ စုစုပေါင်း အလေးချိန် ၈၁ ဒသမ ၉၈၇ တန်နှင့် သစ်ခွဲစက်ကို မြန်မာ့သစ်လုပ်ငန်းသို့ လွှဲပြောင်းအပ်နှံသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ကျောင်းကုန်းမြို့နယ်၌ ကျေးရွာချောင်းကူးကွန်ကရစ်တံတား တည်ဆောက်မည်

**ကျောင်းကုန်း မတ် ၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အောင်ပန်းချောင်းရွာရှိ ချောင်းကူးတံတားမှာ ဟောင်းနွမ်းပြီး ခိုင်ခံ့မှုအားနည်းလာသဖြင့် ကွန်ကရစ်တံတားသစ်ကို တည်ဆောက်မည်ဖြစ်ပြီး တံတားသစ်တည်ဆောက်မည့်နေရာ၌ မြေသန့်ပရိတ်ရွတ်ပွဲကို မတ် ၅ ရက်က ကျင်းပခဲ့သည်။

လက်ရှိအသုံးပြုနေသော သစ်သားတံတားမှာ နှစ်ကာလ ကြာမြင့်လာသဖြင့် ခိုင်ခံ့မှုအားနည်းလာသည်နှင့်အမျှ စက်ဘီး၊ ဆိုင်ကယ်များသာ သွားလာနိုင်တော့ကြောင်း၊ အသစ်တည်ဆောက်မည့် ကွန်ကရစ်တံတားမှာ အလျား ပေ ၁၀၀၊ အကျယ် ၁၆ ပေ ရှိမည်ဖြစ်သဖြင့် ထော်လာဂျီနှင့် ကားများပါ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

တံတားသစ် ဆောက်လုပ်မည့်နေရာသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့က မတ် ၅ ရက်က သွားရောက်ကြည့်ရှုခဲ့ကြပြီး တံတားတည်ဆောက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကွန်ကရစ်တံတားသစ် တည်ဆောက်ရေးအတွက် ကျပ်သိန်း ၂၅၀ ခန့် ကုန်ကျမည်ဟု လျာထားပြီး နာယကဆရာတော်ကြီး ခုနစ်ပါး ဦးဆောင်သည့် တံတားတည်ဆောက်ရေးကော်မတီကို ဖွဲ့စည်းကာ အလှူငွေရရှိရေး ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် အလှူရှင်များ၏ ထည့်ဝင်ငွေ၊ ထော်လာဂျီပိုင်ရှင် တစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်း ထည့်ဝင်ငွေနှင့် တစ်အိမ်ထောင်လျှင် အနည်းဆုံး ငါးထောင်စီ ထည့်ဝင်ငွေဖြင့် စုစုပေါင်း ကျပ် သိန်း ၂၅၀ ခန့် ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ဆောင်းသီးနှံ နေကြာခင်းများကို စနစ်တကျ စိုက်ပျိုးလာ

**တပ်ကုန်း မတ် ၇**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ကျေးရွာများမှ တောင်သူများအနေဖြင့် စပါးရိုးပြတ်လယ်မြေများ၌ ဆောင်းသီးနှံအဖြစ် နေကြာကို စနစ်တကျစိုက်ပျိုးသူများပြားလာလျက်ရှိပြီး စိုက်ခင်းများမှာလည်း အောင်မြင် ဖြစ်ထွန်းကာ အဖူးအပွင့်များဖြင့် ဝေဆာလျက်ရှိသည်ကို တွေ့ရသည်။

"ကျွန်တော်တို့ မြို့နယ်အတွင်းက ဆောင်းသီးနှံများ စိုက်ပျိုးလုပ်ကိုင်နေကြတဲ့ တောင်သူများဟာ ဆင်သေဆည်ရေ၊ မြေအောက်ရေများနဲ့ ယာမြေနဲ့ စပါးရိုးပြတ်မြေနေရာများမှာ ဖရဲ၊ ပြောင်း၊ အာလူး၊ ကြက်သွန်ခင်းများ စိုက်ပျိုးလုပ်ကိုင်ကြတဲ့အပြင် မြေအစိုဓာတ်ရယူပြီး နေကြာကိုလည်း စိုက်ပျိုးလျက်ရှိပါတယ်။ အခုမတ်လဆန်းမှာ နေကြာခင်းများ ဖြစ်ထွန်းပြီး အဖူးအပွင့်တွေ ဝင်းဝါဝေဆာလာနေပြီဖြစ်ပါတယ်။ တောင်သူများအနေနဲ့ ဆောင်းသီးနှံ နေကြာခင်းတွေကို စနစ်တကျ စိုက်ပျိုးလာပါတယ်"ဟု ညောင်လွန့်ကျေးရွာမှ နေကြာစိုက်တောင်သူတစ်ဦးက ပြောသည်။

နေကြာခင်းများသည် အစိုဓာတ်ထိန်းနိုင်သော နုန်းဆန်သည့်မြေ၊ သဲနုန်းမြေများတွင် စိုက်ပျိုးဖြစ်ထွန်း၍ မြေဆီဩဇာထက်သန်သော မြေမျိုးကို နှစ်သက်ကြောင်း၊ လက်ရှိအချိန်တွင် တပ်ကုန်းမြို့နယ်အတွင်း ဆောင်းသီးနှံ နေကြာကို စိုက်ဧက ၇၀၀ ကျော်တွင် စိုက်ပျိုးထားကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**တင်စိုးလွင်**





# ဈေးများသန့်ရှင်းရေး စုပေါင်းဆောင်ရွက်

**ရန်ကုန် မတ် ၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်လမ်းများ၊ ဈေးများနှင့် အမှိုက်ပုံများကို စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ ဈေးများတွင်လည်း စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကို အရှေ့ပိုင်းခရိုင် ဈေးများဌာန၊ ဈေးသူ ဈေးသားများ၊ ပြည်သူများနှင့် စည်ပင်ဝန်ထမ်းများ မတ် ၄ ရက်က စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်း တောင်ဥက္ကလာပမြို့နယ်ရှိ မြင်သာဈေးနှင့် မြောက်ဒဂုံမြို့နယ်အတွင်းရှိ ဒဂုံရွှေပြည်ဈေးတို့တွင် သန့်ရှင်းရေးလုပ်ငန်းများကို ဈေးသူဈေးသားများ၊ ဈေးတာဝန်ခံများနှင့် ဝန်ထမ်းများက စုပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ ဈေးသန့်ရှင်းရေး စုပေါင်းဆောင်ရွက်ရာတွင် အမှိုက်ပုံများကို ရှင်းလင်းခြင်း၊ ရေမြောင်းများတူးဖော်ရှင်းလင်းခြင်း၊ ဈေးများအတွင်းရှိ လျှောက်လမ်းများကို ရှင်းလင်းခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုဇော်**

## မှုခင်းသတင်းတိုများ

### တရားမဝင်သစ်များတင်ဆောင်လာသည့် ကားနှင့်ဆိုင်ကယ်များဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် မတ် ၅ ရက်တစ်ရက်တည်း၌ တရားမဝင်ကျွန်းသစ်နှင့် တမလန်းသစ်များ တင်ဆောင်လာသည့် သုံးဘီးဆိုင်ကယ်တစ်စီး၊ ကားနှစ်စီးနှင့် ဆိုင်ကယ်နှစ်စီးကို ဖမ်းဆီးရမိခဲ့ကြောင်း အင်းတော်မြို့မရဲစခန်းမှ သိရသည်။ အင်းတော်မြို့မရဲစခန်းမှူး ဒုရဲမှူးသက်တင်ဦးနှင့် သစ်တောဦးစီးဌာနမှ တောအုပ်နေစိုးတို့ ဦးဆောင်သည့် ပူးပေါင်းအဖွဲ့က တရားမဝင်သစ် ရှာဖွေစစ်ဆေးမှုများပြုလုပ်စဉ် အင်းတော်မြို့အထွက် မောင်းတံဂိတ်၌ ခင်မောင်တူးနှင့် ခိုင်ခန့်သူတို့ မောင်းနှင်လာသော သုံးဘီးဆိုင်ကယ်ပေါ်မှ တရားမဝင် သယ်ဆောင်လာသည့် တမလန်းသစ် တိုင်တို ၁၇ လုံးကိုလည်းကောင်း၊ ယာဉ်မောင်းဝေဖြိုးအောင် မောင်းနှင်ပြီး ယာဉ်နောက်လိုက် အငယ်လေး(ခ)အိုက်ပီးတို့ လိုက်ပါလာသော စူပါကာစတန်ယာဉ်ပေါ်မှ ကျွန်းခွဲသား ဆိုက်စုံ ၈၅၄ ချောင်းကိုလည်းကောင်း ဖမ်းမိခဲ့ပြီး ဆက်လက်၍ အောင်မင်္ဂလာရပ်ကွက် ဗန်းမောက်လမ်းဆုံ၌ ယာဉ်မောင်းမြင့်သူ ယာဉ်နောက်လိုက် မုန်းတွယ်လတို့ မောင်းနှင်လာသော စူပါကာစတန်ယာဉ်ပေါ်မှ ကျွန်းခွဲသားဆိုက်စုံ အချောင်း ၆၁၀ ကိုလည်းကောင်း၊ အောင်သိုက်မောင်းနှင်လာသော ဆိုင်ကယ်ပေါ်မှ တမလန်းသစ်တုံးတို ခုနစ်တုံးကိုလည်းကောင်း၊ ထွန်းမြင့်အောင် မောင်းနှင်လာသော ဆိုင်ကယ်ပေါ်မှ တမလန်းသစ် တုံးတို ၁၄ တုံးကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်များနှင့်ပတ်သက်၍ တရားမဝင်သစ်များနှင့်အတူ ဖမ်းမိသူ ရှစ်ဦးအား ဥပဒေအရ အရေးယူနိုင်ရေးအတွက် အင်းတော်မြို့မရဲစခန်းက အမှုဖွင့်ထားပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

### အရက်မူးနေသည့်ညီက အစ်ကိုဖြစ်သူအား ဓားဖြင့်ခုတ်

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံထုံကျေးရွာ၌ အရက်မူးနေသည့်ညီက အစ်ကိုဖြစ်သူအား ဓားဖြင့်ခုတ်ခဲ့၍ ဒဏ်ရာပြင်းထန်စွာရရှိမှု မတ် ၅ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ မံထုံရဲကင်းမှ ရဲအုပ်မင်းမော်နှင့် တပ်ဖွဲ့ဝင်များက သွားရောက်စုံစမ်းရာ ကျေးရွာဇရပ်တွင် နာရေးအတွက် ကူညီချက်ပြုတ်နေသော သိန်းဇော်(၃၇နှစ်)နှင့် အရက်မူးနေသည့် ညီအရင်းဖြစ်သူ အောင်နိုင်ဌေးတို့ စကားများရာမှ အောင်နိုင်ဌေးက ဓားမဖြင့်ခုတ်ခဲ့ခြင်းဖြစ်ပြီး သိန်းဇော်မှာ ဝဲဘက်နားထင်တွင် (စိုးရိမ်ရ)ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်နိုင်ဌေး(၃၂နှစ်)အား ဗန်းမောက်မြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

### တရားမဝင်ကျွန်းနှင့်ပိတောက်ခွဲသားများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ဘင်ဟုန်ကျေးရွာအနီး အရှေ့ရိုးမကြိုးဝိုင်းအတွင်းမှ တရားမဝင် ကျွန်းနှင့် ပိတောက်ခွဲသားများကို မတ် ၅ ရက်က ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးညွှန့်နှင့် ဝန်ထမ်းများ၊ အောင်လံမြို့မရဲစခန်းမှ ဒုတပ်ကြပ် ဇော်မင်းနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များက ကြိုးဝိုင်း အကွက်အမှတ်(၅၀)နယ်မြေအတွင်း ကွင်းဆင်းစစ်ဆေးစဉ် ကျွန်းခွဲသားဆိုက်စုံ ငါးချောင်း(အလေးချိန် ၁ ဒသမ ၀၀၇၆ တန်)နှင့် ပိတောက်ခွဲသား ဆိုက်စုံ အချောင်း ၂၀ (အလေးချိန် ၁ ဒသမ ၂၄၈ တန်)တို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါသစ်များကို သမ္ဘာလသစ်တောခေါင်း ဦးသန်းကျော်ထံ ယာယီအပ်နှံထားရှိပြီး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးမျိုးညွှန့်က သစ်တောအက်ဥပဒေအရ အမှုဖွင့်ထားကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

# အနိုင်သုံးမှတ်အတွက် ခြေကုန်ထုတ်ရဦးမယ့် မန်စီးတီး၊ အိမ်ကွင်းမှာ ခက်ခဲမယ့် အဲဗာတန်

မိုးမြင့်လင်းလက်



ဒီတစ်ပတ် စနေ၊ တနင်္ဂနွေဖြစ်တဲ့ မတ် ၁၁ ရက်နဲ့ ၁၂ ရက်တွေမှာတော့ ပရီမီယာလိဂ်ပွဲစဉ် (၂၈)ကို ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်တွေမှာတော့ မန်စီးတီးက အိမ်ကွင်းမှာ စတုတ်ကို လက်ခံကစားရမှာဖြစ်ပြီး အဲဗာတန်ကလည်း အိမ်ကွင်းမှာ ဝက်စ်ဘရွန်းကို ရင်ဆိုင်ဖို့ရှိနေပါတယ်။ အသင်းတိုင်း အမှတ်ရဖို့ ရုန်းကန်ရမှာမို့ အတိမ်းအစောင်းမဖြစ်ပေါ်ရေး အလေးထားပြီး အားထည့်ကစားကြရဦးမှာ ဖြစ်ပါတယ်။

**မန်စီးတီးနှင့် စတုတ်**

မန်စီးတီးတို့က အက်ဖ်အေဖလားပွဲ နွှဲရဖို့ရှိနေတာကြောင့် အခုပွဲကို အရံကစားသမားတွေနဲ့ ပွဲထွက်လာဖို့တော့ ရှိနေပါတယ်။ ဒါပေမယ့် ပရီမီယာလိဂ်မှာ အမှတ်လိုအပ်ချက်ရှိနေတဲ့ မန်စီးတီးဟာ တန်းစီဇယားမှာ ရပ်တည်ချက် ခိုင်မာဖို့အတွက် ဒီပွဲကို မဖြစ်မနေ အနိုင်ရအောင် ကြိုးစားပါလိမ့်မယ်။ မန်စီးတီးရဲ့အားသာချက်က အိမ်ကွင်းမှာ ပြိုင်ဘက်တွေကို ဖိအားပေးကစားနိုင်ပြီး ဂိုးလည်းရအောင် သွင်းယူနိုင်ပါတယ်။ စတုတ်တို့ကတော့ လက်ရှိခြေစွမ်းအရ မန်စီးတီးကို အနိုင်ကစားဖို့ အခက်အခဲရှိပေမယ့် အမှတ်ရအောင်တော့ စွမ်းဆောင်ပါလိမ့်မယ်။ ဒီပွဲက အနိုင်ဆိုရင် မန်စီးတီးတို့ ဖြစ်ပေမယ့် စတုတ်တို့လည်း သရေတစ်မှတ်ကို မျှော်လင့်နိုင်တဲ့ပွဲပါပဲ။

**အဲဗာတန်နှင့် ဝက်စ်ဘရွန်း**

အိမ်ကွင်းမှာ ကစားတိုင်း နိုင်ပွဲရအောင် စိတ်ဓာတ်ပြင်းပြင်းနဲ့ ကြိုးစားတတ်တဲ့ အဲဗာတန်ဟာ ခြေစွမ်းပုံမှန်ရနေတဲ့ ဝက်စ်ဘရွန်းကို ခက်ခက်ခဲခဲ ရင်ဆိုင်ရပါလိမ့်မယ်။ အဲဗာတန်နဲ့ ဝက်စ်ဘရွန်းတို့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် အဲဗာတန်က နှစ်ပွဲနိုင်ပြီး ဝက်စ်ဘရွန်းက တစ်ပွဲနိုင်ထားပါတယ်။ လောလောဆယ် ပရီမီယာလိဂ်မှာ နိုင်ပွဲတွေဆက်တိုက်ရယူနေတဲ့ အဲဗာတန်ဟာ ဝက်စ်ဘရွန်းကို အမှတ်ခွဲပေးဖို့ စိတ်ကူးရှိမှာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဝက်စ်ဘရွန်းရဲ့အသင်းလိုက် ကြိုးစားအားထုတ်မှုတွေကလည်း လျှော့တွက်လို့ မရတာကြောင့် အခုပွဲမှာ အဲဗာတန်တို့လည်း ထင်သလောက် ခရီးပေါက်ဖို့တော့မလွယ်ပါဘူး။ ဒါပေမယ့် အဲဗာတန်တို့က ဒီနှစ် ပရီမီယာလိဂ် အိမ်ကွင်းစွမ်းဆောင်မှု ကောင်းမွန်နေတာမို့ ဝက်စ်ဘရွန်းတို့ အမြင့်ဆုံး မျှော်မှန်းနိုင်တာက တစ်မှတ်ပါပဲ။

**ဘုန်းမောက်နှင့် ဝက်စ်ဟမ်း**

ပြီးခဲ့တဲ့ပွဲစဉ်မှာ ကစားသမား ၁၀ ဦးတည်းနဲ့ မန်ယူကို တစ်ဂိုးစီ သရေကစားခဲ့တဲ့ ဘုန်းမောက်တို့က အခုပွဲ အိမ်ကွင်းဖြစ်တာမို့ နိုင်ပွဲကို ရအောင်ရှာဖွေပါလိမ့်မယ်။ ဝက်စ်ဟမ်းတို့ကတော့ ပြိုင်ဘက်အသင်းရဲ့ခြေစွမ်းကိုလိုက်ပြီး ကစားတတ်တာမို့ ဘုန်းမောက်တို့အခက်အခဲတွေနိုင်ပါတယ်။ ဘုန်းမောက်ဂိုးသမားရော ခံစစ်ပိုင်းမှာပါ အမှားအယွင်းနည်းကြတာမို့ ဝက်စ်ဟမ်းတို့ တစ်မှတ်ရရင်ပဲ ကျေနပ်ရမှာပါ။ ဒါပေမယ့် စိတ်ဓာတ်ကောင်းကောင်းနဲ့ ကစားတတ်တဲ့ ဘုန်းမောက်ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုက ဒီပွဲမှာ ရလဒ်ကောင်းကို ဖော်ဆောင်ပါလိမ့်မယ်။

**ဟားလ်စီးတီးနှင့် ဆွမ်ဆီး**

တန်းဆင်းဇုန် ဖိအားကြောင့် ဟားလ်စီးတီးတို့ ဒီပွဲကို အခွင့်အရေးကောင်းတစ်ရပ်အဖြစ် ရင်ဆိုင်ကျော်ဖြတ်နိုင်ရေး အားထုတ်ပါလိမ့်မယ်။ ဆွမ်ဆီးတို့က အဝေးကွင်းမှာ ရလဒ်မကောင်းတတ်သလို တိုက်စစ်မှူးတွေကလည်း ဂိုးသွင်းစွမ်းရည်ကျဆင်းနေပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးပွဲ တွေ့ဆုံခဲ့တဲ့ရလဒ်ကိုကြည့်ရင် ဟားလ်စီးတီးတို့က နှစ်ပွဲနိုင်ပြီး သရေတစ်ပွဲဖြစ်ထားပါတယ်။ တန်းဆင်းဇုန်ဖိအားက ဆွမ်ဆီးတို့လည်း ရင်ဆိုင်နေရတာမို့ ဒီပွဲကို အနိုင်ကစားမှာဖြစ်ပါတယ်။ နှစ်သင်းစလုံးသုံးမှတ်အပြည့်ရယူနိုင်ရေး ခြေကုန်ထုတ်ကြမှာမို့ ပွဲကောင်းတစ်ပွဲဖြစ်လာမှာ သေချာနေပြီး အမှတ်လည်း ခွဲဝေယူရကိန်းဆိုက်နေပါတယ်။ ။

# ချယ်လ်ဆီးကို အမီလိုက်မယ်ဆိုတဲ့ ဂွါဒီယိုလာ

ကောင်းမြတ်သူ-စုစည်းသည်။



ချယ်လ်ဆီးကို အမီလိုက်ဖို့ မရပ်မနား အခွင့်အလမ်းအဖြစ် အသုံးချသွားနိုင်မည်ဆိုရင် မန်စီးတီးအသင်းအနေနဲ့ လက်ကျန်ပွဲ ၁၂ ပွဲစလုံးကို အနိုင်ကစားရမှာ ဖြစ်တယ်လို့ နည်းပြဂွါဒီယိုလာက ပြောဆိုလိုက်ပါတယ်။ အဂူရို၊ ဆာနီတို့ရဲ့ဂိုးတွေနဲ့ ဆန်းဒါးလန်းကို တနင်္ဂနွေနေ့က အနိုင်ရလိုက်ခြင်းဟာ ချယ်လ်ဆီးနဲ့ အမှတ်ကွာခြားမှု ရှစ်မှတ်အထိ ကျဉ်းမြောင်းသွားအောင် လုပ်ဆောင်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။

"ကျွန်တော်တို့ဟာ ဒီနှစ် ရာသီမှာ ရာသီအစ ၁၀ ပွဲ ဆက်တိုက် အနိုင်ရခဲ့ပါတယ်။ ဒါပေမယ့် ယခုအထိတော့ ကျွန်တော် မကြိုက်သေးပါဘူး။ ခုနစ်လ၊ ရှစ်လ အတူအလုပ်လုပ်ကြည့်တဲ့ အခါမှာတော့ ပိုကောင်းလာတာတွေ့ရပါတယ်။ ရလဒ်တွေကို ကောင်းလာဖို့ လိုပါတယ်။ မတ်လနဲ့ ဧပြီလပွဲတွေမှာ အနိုင်ရမှ ချယ်လ်ဆီးကို အမီလိုက်နိုင်မှာဖြစ်ပါတယ်လို့" ဂွါဒီယိုလာက ဆိုပါတယ်။

# အီတလီမှာ နည်းပြမလုပ်ဘူးဆိုတဲ့ ကွန်တီ

ချယ်လ်ဆီးနည်းပြ ကွန်တီက သူ့အနေနဲ့ မှားယွင်းသော စီမံခန့်ခွဲမှုလုပ်ပြီး စတမ်းဖို့မှ ထွက်ခွာလိမ့်မည်မဟုတ်ကြောင်း အတည်ပြု ပြောဆိုလိုက်ပါတယ်။ ချယ်လ်ဆီးမှ ထွက်ခွာသွားချိန် အီတလီထက် အခြားတစ်နေရာမှာ နည်းပြလုပ်မယ်လို့ ကွန်တီးက ဆိုပါတယ်။ သူ့ကို အင်တာမီလန်က အီတလီမြေမှာ ပြန်လာပြီး နည်းပြလုပ်ဖို့ ဆက်သွယ်ထားပါတယ်။ သို့ပေမယ့် ကွန်တီးက အခြားနိုင်ငံတွေမှာသာ နည်းပြလုပ်မယ်လို့ အခိုင်အမာပြောဆိုလိုက်ပါတယ်။ ကျွန်တော့်ဆန္ဒပြောရရင် မတူညီတဲ့ နိုင်ငံမှာ မတူညီတဲ့ အတွေ့အကြုံတွေရှိနေတယ်လို့ ကွန်တီးက ဆိုပါတယ်။ အသက် ၄၇ နှစ်အရွယ်ရှိတဲ့ ကွန်တီးဟာ ဒီနှစ်ရာသီမှာ ချယ်လ်ဆီးအသင်းနဲ့အတူ ဖလားရယူဖို့ လမ်းကြောင်းပေါ်ရောက်ရှိနေပါတယ်။ အင်္ဂလန် ပရီမီယာလိဂ်မှာ အံ့သြဖွယ်ကောင်းလောက်အောင် အတွေ့အကြုံတွေရရှိနေတယ်လို့ သူကဆိုပါတယ်။ အီတလီမှာရှိနေတဲ့ မိသားစုနဲ့ ခွဲခွာနေရသော်လည်း အတွေ့အကြုံကောင်းတွေက သူ့ဘဝအတွက် တန်ဖိုးရှိတယ်လို့လည်း ဆိုပါတယ်။



## အာဆင်နယ်မှ ထွက်ခွာဖွယ် ရှိနေတဲ့ ဆန်ချက်ဇ်

စနေနေ့က လီဗာပူးကို အာဆင်နယ်က သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့ပွဲမှာ နည်းပြဝင်းဂါးရဲ့ ချန်လှပ်ထားခြင်းကို ခံရပြီးတဲ့နောက် တိုက်စစ်မှူး ဆန်ချက်ဇ်က ရာသီအကုန်မှာ အာဆင်နယ်မှ ထွက်ခွာလိုတယ်လို့ ပြောဆိုလိုက်ပါတယ်။ အာဆင်နယ်အသင်းရဲ့ လေ့ကျင့်ရေးကွင်းမှာ ကစားသမားတွေ၊ နည်းပြတွေနဲ့ စကားများခဲ့ပြီးနောက် လီဗာပူးရဲ့အိမ်ကွင်း အန်ဖီးလ်မှာ သွားကစားရတဲ့ပွဲမှာ ဆန်ချက်ဇ်ကို အရံကစားသမားအဖြစ်သာ ထားရှိခဲ့ပါတယ်။

ဆန်ချက်ဇ်ကတော့ သူ့အနေနဲ့ အသင်းသစ်ရှာဖွေခြင်းဖြင့် အခက်အခဲများကို ဖြေရှင်းသွားမှာဖြစ်ကြောင်း ပြောဆိုပါတယ်။ တိုက်စစ်မှူး ဆန်ချက်ဇ်နဲ့ နည်းပြဝင်းဂါးတို့ရဲ့ဆက်ဆံရေးဟာလည်း တင်းမာလာလျက်ရှိပါတယ်။ အမ်းမရိတ်နဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ မရှိတော့ဘူးလို့ ဆန်ချက်ဇ်က ဆုံးဖြတ်ထားပြီလို့လည်း သတင်းတွေက ဆိုပါတယ်။ ပီအက်စ်ဂျီနဲ့ ဂျူဗင်တပ်စ်တို့ကတော့ ဆန်ချက်ဇ်ကို ကမ်းလှမ်းထားပြီဖြစ်ပါတယ်။ အာဆင်နယ်ကလည်း တစ်ပတ် ပေါင် ၁၈၀၀၀၀ နဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ ဆန်ချက်ဇ်ကို ကမ်းလှမ်းထားပြီး ပီအက်စ်ဂျီကတော့ တစ်ပတ် ပေါင် ၃၀၀၀၀၀ အထိ ပေးထားပါတယ်။

## မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ကုသပေး

**မြင်းခြံ မတ် ၇**
ရွှေစင်တိပိဋကဓရ မြင်းခြံဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ၏ (၄၉)နှစ်မြောက် မွေးနေ့အလှူအဖြစ် စက္ခုဒါနအလင်းလှူခြင်းကို မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ ဆန္ဒတော်ပြည့် အာယုပါလဆေးခန်း၌ မတ် ၅ ရက်က ဆောင်ရွက်ခဲ့ပြီး မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ကုသပေးခဲ့ကြောင်း သိရသည်။

စက္ခုဒါနအလင်းအလှူပွဲကို မြင်းခြံဆရာတော်၊ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် အလှူရှင်မိသားစုများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မျက်စိအထူးကုဆရာဝန်ကြီးများ၊ မြင်းခြံပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်များ၊ သူနာပြုများနှင့် ဆန္ဒတော်ပြည့် အာယုပါလဆေးခန်းမှ ဆရာဝန်များက ကုသိုလ်ယူ လုပ်အားဒါနပြု၍ မျက်စိဝေဒနာရှင်များအား စမ်းသပ်ကုသပေးခဲ့ကြကာ ဆရာတော်နှင့် အဖွဲ့က မျက်စိဝေဒနာရှင်များအား စမ်းသပ်ကုသပေးနေမှုများကို လိုက်လံကြည့်ရှုပြီး ဝေဒနာရှင်များအား အားပေးခဲ့သည်။ စက္ခုဒါန အလင်းအလှူပွဲတွင် လာရောက်၍ မျက်စိစမ်းသပ်ကုသမှု ခံယူသူပေါင်း ၂၆၀၀ ခန့်ရှိကြောင်း သိရသည်။
**ဇော်မင်းနိုင်(မြင်းခြံ)**



## နှုတ်ခမ်းကွဲနှင့် အာကျဝေဒနာရှင် ကလေးများအား အခမဲ့ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေး

**သံဖြူဇရပ် မတ် ၇**
မော်လမြိုင်မြို့တွင်အခြေစိုက်သည့် TTCL Group ကုမ္ပဏီများအုပ်စု၏ ပံ့ပိုးပေးမှုဖြင့် သံဖြူဇရပ်မြို့နယ်အတွင်းမှ နှုတ်ခမ်းကွဲနှင့် အာကျ ရောဂါဝေဒနာရှင် ကလေးငယ် ၄၅ ဦးအား မော်လမြိုင်မြို့ရှိ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၌ မတ် ၆ ရက်မှ ၈ ရက်အထိ အခမဲ့ ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အခမဲ့ ခွဲစိတ်ကုသမှုခံယူမည့် ကလေးများအား ကြိုတင်၍ ကွင်းဆင်းစမ်းသပ်စစ်ဆေးခြင်းကို ဂျပန်နိုင်ငံ International Medical Volanteers မှ ခွဲစိတ်အထူးကုဆရာဝန် Hideto Yoshioka ဦးဆောင်သော Japan Heart အဖွဲ့ဝင်များက သံဖြူဇရပ်မြို့နယ် ပြည်သူ့ဆေးရုံသို့ မတ် ၅ ရက်က ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ကွင်းဆင်းအဖွဲ့က ကြိုတင်စမ်းသပ်စစ်ဆေးပေးရာတွင် သံဖြူဇရပ်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဌေးနှင့် ဆရာဝန်များ၊ သူနာပြုဆရာမများက လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ အကူအညီများပေး၍ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။
**ကျော်ဝင်း(ပြန်/ဆက်)**

## တက္ကသိုလ်ဝင်စာမေးပွဲ စိတ်အေးချမ်းမြေ့စွာဖြေဆိုနိုင်ရန် ဆောင်ရွက်ပေးသွားမည်

**လပွတ္တာ မတ် ၇**
ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်းမှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် စိတ်အေးချမ်းမြေ့စွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်ပညာရေးဌာန အပါအဝင် သက်ဆိုင်သည့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ကူညီပံ့ပိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လပွတ္တာမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၄ ရက်က ပြုလုပ်ခဲ့သော ပညာရေးဌာနတာဝန်ရှိသူများနှင့် မြို့နယ်အတွင်းရှိ ကွန်ပျူတာ၊ မိတ္တူဆိုင်လုပ်ငန်း လုပ်ကိုင်သူများနှင့် တွေ့ဆုံပွဲတွင် လပွတ္တာမြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းကျော်က တက္ကသိုလ်ဝင်စာမေးပွဲ ကာလအတွင်း ရပ်ဝေးခရီးမှ ကျောင်းသားကျောင်းသူများ၏ တည်းခိုနေထိုင်မည့် နေရာများ၊ စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ မီးဘေးအန္တရာယ်၊ တည်းခိုနေထိုင်ရာ နေရာမှ စာစစ်ဌာနသို့ သွားလာရေး စသည့် ကိစ္စများနှင့်ပတ်သက်၍ ဆောင်ရွက်သွားမည့် လုပ်ငန်းများကို မြို့နယ်ပညာရေးဌာနနှင့် သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများ၊ စာစစ်ဌာနအသီးသီးမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများအား ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ကွန်ပျူတာနှင့် မိတ္တူဆိုင် လုပ်ငန်းရှင်များကိုလည်း စာမေးပွဲကာလအတွင်း တာဝန်သိပြည်သူများအနေဖြင့် ကွန်ပျူတာမိတ္တူချုံ့ခြင်း၊ အသံဖိုင်များကူးပေးခြင်းတို့ကို မဆောင်ရွက်ကြရန် မြို့နယ်အုပ်ချုပ်ရေးမှူးက ရှင်းလင်း ပြောကြားခဲ့သည်။ လပွတ္တာမြို့နယ်တွင် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန် စာစစ်ဌာနကိုးခု ထားရှိပြီး ကျောင်းသား ကျောင်းသူ ၂၂၈၂၂ ဦး စာရင်းပေးသွင်း ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

## ကြက်ငှက်တုပ်ကွေးကာကွယ်ရေးအတွက် မွေးမြူရေးခြံများကို ကွင်းဆင်းစစ်ဆေး

**ကန်ကြီးထောင့် မတ် ၇**
ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ တိရစ္ဆာန်မွေးမြူရေးခြံများကို မတ် ၂ ရက်မှ ၄ ရက်အထိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကန်ကြီးထောင့်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်မောင်လတ်က ဦးဆောင်၍ ဒုတိယဦးစီးမှူးများနှင့် ဌာနဝန်ထမ်းများက ကြက်ခြံများ၊ ဘဲခြံများနှင့် ဝက်မွေးမြူရေးခြံများသို့ လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ခြံရှင်များအား အသိပညာပေးဆွေးနွေးခြင်း၊ ဇီဝလုံခြုံမှုအတွက် မွေးမြူရေးခြံများတွင် ပိုးသတ်ဆေးများဖျန်းခြင်း၊ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးပိုစတာများကို လူစည်ကားရာနေရာများတွင် ကြော်ငြာကပ်ခြင်း၊ ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြောင်းသိရသည်။
**နန်းထိုက်(ပြန်/ဆက်)**

## နွေရာသီကာလအတွင်း ရေရှားပါးမှုမဖြစ်ပေါ်စေရေး နောင်လုံနတ်ရေကန်၌ သန့်ရှင်းရေးဆောင်ရွက်

**မိုးနဲ မတ် ၇**
မိုးနဲမြို့တွင် နွေရာသီကာလအတွင်း ရေရှားပါးမှု မဖြစ်ပေါ်စေရေးအတွက် မြို့ပေါ်ရပ်ကွက်များသို့ ရေပေးဝေလျက်ရှိသော လွိုင်မြေရပ်ကွက်ရှိ နောင်လုံနတ်ရေကန်တွင် သစ်ရွက်ခြောက်များ၊ ရေမှော်များဆယ်ယူခြင်း၊ ပေါင်းမြက်များ ဖယ်ရှားခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ခြင်းများကို မတ် ၅ ရက်က စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်မီးသတ် ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ နောင်လုံနတ်ရေကန် ရေထွက် အတွင်းနှင့်အပြင်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို မိုးနဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွဋ်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလှအေးနှင့် မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးသက်နိုင်ထွန်းတို့က လာရောက်ကြည့်ရှုအားပေးခဲ့သည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**





ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းဟောင်းများအသင်း၏ အာစရိယပူဇော်ပွဲနှင့် အသင်းဝင် အသက် ၈၀ နှင့်အထက် သက်ကြီးဝန်ထမ်းဟောင်းများအား ပူဇော်ပွဲအတွက် အလှူငွေ ကျပ်သိန်း ၂၀ ကို ဆောင်းပါးရှင် ဦးကျော်ညွန့်ရည်နှင့် ဇနီးဒေါ်ဝါဝါကျော်(ကျော်ညွန့်ရီစာပေ)တို့က သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း ဥက္ကဋ္ဌ စာတည်းမှူးချုပ်(ငြိမ်း) ဦးမြင့်ဆွေထံ မတ် ၅ ရက်က ပေးအပ်လှူဒါန်းစဉ်။
(မြန်မာ့အလင်း)

## ငရုတ်ကောင်းမြို့၌ ခွေးရူးရောဂါကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေး




**ငပုတော မတ် ၇**
ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့မှ အိမ်မွေးခွေးများနှင့် ပိုင်ရှင်မဲ့ခွေးများအား ခွေးရူးရောဂါ ကာကွယ်ဆေးများကို ငပုတောမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူများက ငရုတ်ကောင်းမြို့အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ကွင်းဆင်း၍ မတ် ၅ ရက်က ထိုးပေးခဲ့ကြောင်း သိရသည်။

ငရုတ်ကောင်းမြို့၌ ခွေးရူးရောဂါဖြစ်ပွားမှု လျော့နည်းစေရန်နှင့် ပြည်သူများအား ခွေးရူးရောဂါကူးစက်ခြင်းမှ ကင်းဝေးစေရန် ရည်ရွယ်၍ ကာကွယ်ဆေးများ ထိုးပေးခြင်းဖြစ်ကြောင်း သိရသည်။ ကာကွယ်ဆေးထိုးပေးသည့်အပြင် ငပုတောမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာစိုးမြင့်အောင်က ဒေသခံပြည်သူများအား ခွေးရူးရောဂါအကြောင်း သိကောင်းစရာများကို အသိပညာပေး ဟောပြောဆွေးနွေးပြီး ခွေးရူးရောဂါ ကြောက်စရာ ခေါင်းစဉ်ဖြင့် လက်ကမ်းစာစောင်များကိုလည်း ပြည်သူများလက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**ပြုံးမောင်မောင်(ပြန်/ဆက်)**

## ကော့မှူးမြို့နယ်တွင် မော်တာစက်ချုပ်သင်တန်းဆင်း

**ကော့မှူး မတ် ၇**
ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်း ကျေးရွာများမှ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေ တိုးတက်ရရှိစေရန် ရည်ရွယ်၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မော်တာစက်ချုပ်သင်တန်းဆင်းပွဲကို ထမ္မနိုင်ကျေးရွာ ရွှေကျောင်းတိုက်၌ မတ် ၅ ရက်က ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲတွင် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာအေးက အမှာစကားပြောကြားပြီး သင်တန်းသူ ၃၀ အား သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်သင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါသင်တန်းကို ၄၅ ရက်ကြာ ဖွင့်လှစ်ပြီး မော်တာစက်ချုပ်နည်းပညာများကို စာတွေ့လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။
**ကိုကျော်(သုံးခွ)**

# ရွှေစာရံဘုရားပွဲတော်သို့ အလည်တစ်ခေါက်

**ချမ်းသာ(မိတ္ထီလာ)**

ရွှေစာရံဘုရားပွဲတော်ကို ငယ်စဉ်အရွယ်ကပင် ကျွန်တော် ရောက်ဖူးချင်ခဲ့သည်။ တစ်နေ့က မြစ်ငယ်မှ သူငယ်ချင်း သတင်းသမား ကိုဗဇော်၏ ကူညီပို့ဆောင်မှုကြောင့် ရွှေစာရံဘုရားပွဲတော်သို့ ရောက်ဖြစ်ခဲ့သည်။ ရွှေစာရံဘုရားတည်ထားသည့် ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာနှင့် မြစ်ငယ်သည် ၁၀ မိုင်ခန့် ခရီးဖြစ်ပြီး ကျွန်တော်တို့နှစ်ဦး ဆိုင်ကယ်တစ်စီးဖြင့် ရွှေစာရံဘုရားပွဲတော်သို့ နံနက်စောစော ထွက်ခဲ့ကြသည်။

ရွှေစာရံဘုရားပွဲတော် ကျင်းပသည့်ကာလမှာ တပေါင်းလပြည့်နေ့မှ တပေါင်းလပြည့်ကျော် ၉ ရက်နေ့အထိ ဖြစ်သော်လည်း ဘုရားပွဲမကျင်းပမီ တပေါင်းလဆန်း ၁ ရက်ခန့်ကပင် ဘုရားပွဲတော်တွင် ရောင်းချမည့် ဈေးသည်တချို့ ရောက်ရှိကာ နေရာခင်းကျင်းလေ့ရှိကြောင်း သိရသည်။ ရွှေစာရံဘုရားပွဲတော်သို့ ကျွန်တော်တို့သွားရောက်သည့် ကာလမှာ ဘုရားပွဲတော်ကာလ မဟုတ်သော်လည်း ဈေးဆိုင်ခန်းတချို့ နေရာယူ ဖွင့်လှစ်ရောင်းချနေပြီဖြစ်သည်။

ရွှေစာရံဘုရားပွဲတော်သို့ ခရီးဝေးမှ လာရောက်လည်ပတ်သည့် ပြည်တွင်းဧည့်သည်တချို့ကိုလည်း ဈေးဆိုင်ခန်းများ၏ အနီးတွင် မြင်တွေ့ရသည်။ ရွှေစာရံဘုရားပွဲတော်တွင် ဈေးသည်များရောင်းချသည့် အမှတ်တရပစ္စည်းများစွာထဲမှ အကျော်ကြားဆုံး မြန်မာမှုလက်ရာပစ္စည်းမှာ ထန်းရွက်ခြောက်များဖြင့် ပြုလုပ်ထားသည့် ထန်းရွက်ပုတီးလေးများနှင့် ထန်းရွက်ငါးရုပ်လေးများပင် ဖြစ်သည်။ ရွှေစာရံဘုရားပွဲတော်ဟု ဆိုသည်နှင့် ထန်းရွက်ပုတီးလေးများနှင့် ထန်းရွက်ငါးရုပ်လေးများကို ပြေး၍မြင်ယောင်မိကြောင်း ဘုရားပွဲတော်ရောက်ဖူးသူတိုင်းက ပြောလေ့ရှိသည်။



ဘုရားပွဲတော်ရှိ ဆိုင်ခန်းတစ်ခန်းတွင် ရောင်းချနေသည့် ထန်းရွက်ငါးရုပ်များ အပါအဝင် မြန်မာမှုလက်ရာပစ္စည်းများ

ရွှေစာရံဘုရားပွဲတော်အတွင်း ဈေးဆိုင်များခင်းထားသည့် လမ်းမှပင် ဖြတ်သန်းပြီး ရွှေစာရံဘုရား တောင်ဘက်မုခ်ပေါက်အနီးတွင် ဆိုင်ကယ်ရပ်၍ ကျွန်တော်တို့နှစ်ဦး ရွှေစာရံဘုရားကို ဖူးမြော်ကြသည်။ ထို့နောက် ရွှေစာရံစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးပြေငြိမ်းနှင့် တွေ့ဆုံကာ ရွှေစာရံစေတီတော်သမိုင်းနှင့် ရွှေစာရံဘုရားပွဲတော်အကြောင်း မေးမြန်းလေ့လာဖြစ်ခဲ့သည်။

ရွှေစာရံဘုရားသမိုင်းမှာ ဘုရားဒါယိကာမ ရှမ်းမင်းသမီး စောမွန်လှ၏ ကြည်နူးဖွယ် ဝမ်းနည်းဖွယ်ကောင်းလှသည့် ဇာတ်လမ်းနှင့် ဆက်စပ်နေလေသည်။ ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးသည် တရုတ်ပြည်သို့ ဗုဒ္ဓမြတ်စွယ်တော်ပင့်ရာမှ အပြန်ခရီးတွင် မိုင်းမောဝ်ပြည်သို့ရောက်ရှိရာ မိုင်းမောဝ်စော်ဘွားကြီးက ချစ်ခင်ရင်းနှီးစွာ ခရီးဦးကြိုပြုလေသည်။ ထို့နောက် ပုဂံပြည်နှင့် မိုင်းမောဝ် နှစ်ပြည်ထောင်အကြား ချစ်ခင်ရင်းနှီးမှု အရှည်တည်တံ့ခိုင်မြဲရန် ရည်ရွယ်၍ သမီးတော်စောမွန်လှကို အနော်ရထာမင်းနှင့် လက်ဆက်စေခဲ့ပါသည်။ အနော်ရထာမင်းကြီး၏ အပြန်ခရီးတွင် ပုဂံပြည်သို့ ရှမ်းမင်းသမီးစောမွန်လှ လိုက်ပါသွားလေသည်။ ပုဂံပြည်ကြီးတွင် မိုင်းမောဝ်မင်းသမီးစောမွန်လှသည် မိဖုရားတို့၏ အဆောင်အယောင်တို့ဖြင့် ပြည့်ဝစွာ ခံစားရရှိပြီး ရှင်အရဟံမထေရ်မြတ်အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးကို အမြဲမပြတ် ဆက်ကပ်လှူဒါန်းလေသည်။

အကြောင်းဖန်၍ ပုဂံပြည်မှ မိုင်းမောဝ်ပြည်သို့ မင်းသမီးစောမွန်လှ ပြန်ရမည့်ခရီး ပေါ်လာသောကြောင့် ညောင်ဦးရွာ၊ ညဥ့်ရွာ၊ ပလင်း၊ လက်ထုတ်၊ ကောင်းစည်ရွာ၊ တုရွင်းတောင်၊ ကျွန်ဘားရွာများကို ဖြတ်သန်း၍ ခရီးနှင်ခဲ့လေသည်။ ရွှေစာရံကျေးရွာနှင့် မနီးမဝေး ပန်းချောင်း( ယခု နားငှောင်းကျချောင်း)နားသို့ ရောက်သောအခါ မင်းသမီးစောမွန်လှ၏ နားငှောင်းသည် ချောင်းအတွင်းကျကာ ချောင်းရေတွင် အရိပ်ထင်၍ ရှာသည်တွင် မတွေ့ကြပေ။ နောက်မှ ကောင်းကင်တွင် စာငှက်ကလေးများ ဝန်းရံ၍ နားငှောင်းနှင့်တကွ မွေတော်သည် ပြာဋိဟာပြ ရောင်ခြည် ကွန့်မြူးလေသည်။

မင်းသမီးစောမွန်လှက အဓိဋ္ဌာန်ပြု ရှိခိုးပူဇော်သည်တွင် နားငှောင်းမွေတော်သည် မင်းသမီး၏နားတွင် တည်မြဲအတိုင်း တည်လေသည်။ မင်းသမီးစောမွန်လှသည် နားငှောင်းမွေတော် ဓာတ်ကို ဌာပနာ၍ စေတီတည်လိုစိတ်ရှိသဖြင့် နားငှောင်းကျချောင်း၏ အထက် ရွှေစာရံကျေးရွာ အဘယခေမာကုန်းတော်တွင် ဉာဏ်တော်ငါးတောင်မျှရှိသော ဘုရားလိုဏ်ဂူကို မွေတော်ကိုဌာပနာ၍ တည်ထားကိုးကွယ်လေသည်။ မိုင်းမောဝ်မင်းသမီး တည်ထားကိုးကွယ်သည့် ရွှေစာရံစေတီတော်ကို အနော်ရထာမင်း၊ အလောင်းစည်သူမင်းမှ စ၍ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အမရပူရ၊ ရတနာပုံ မန္တလေး မင်းအဆက်ဆက်နှင့် ရသေ့ကြီးဦးခန္တီတို့အထိ အဖန်ဖန်မွမ်းမံပြင်ဆင်၍ ကိုးကွယ်ခဲ့ရာ ယခုအခါ ရွှေစာရံစေတီတော် ဉာဏ်တော်မှာ သံတောင် ၉၀ ရှိနေပြီဖြစ်သည်။

ရွှေစာရံဘုရား၏ အံ့ဖွယ်ကိုးပါးဟုထင်ရှားသည့် အချက်များမှာ ဘုရားပွဲတော်ကာလတွင် မြစ်ကြီးမြစ်ငယ်အသွယ်သွယ်မှ ငါးသတ္တဝါများ ရှိခိုးဦးတိုက်ခြင်း၊ ပွဲတော်ကာလအတွင်း အဆိပ်ရှိသောမြွေ၊ ကျားသစ်၊ ဆင်၊ ကျီးငှက်၊ ခြင်၊ ယင်များ မလာခြင်း၊ ဘုရားဖူး ရဟန်းရှင်လူ များပြားသော်လည်း တည်းခိုနေထိုင်ရန် နေစရာရှိခြင်း၊ ဥတုကာလမှာ တပေါင်းလဖြစ်သော်လည်း ပွဲတော်လာရောက် လည်ပတ်သူများ ဖျားနာမှုမရှိခြင်း၊ ပွဲတော်လာ သူတော်စင်တို့အား စော်ကားရမ်းကားခိုက်ရန်ဖြစ်ပွားမှုများ မရှိခြင်း၊ သူ့ထက်ငါဦးအောင် ဆွမ်း၊ ရေချမ်း ကပ်လှူသော်လည်း လက်ဦးသူတို့ ရှိနေတတ်ခြင်း၊ ဘုရားရှေ့ဝယ် လူချင်းထပ်မျှရှိသော်လည်း ကောင်းစွာဖူးတွေ့ရခြင်း၊ ကြည်ညိုသဒ္ဓါစိတ်ဖြင့် လှူဒါန်းပူဇော်ပါက လက်တွေ့ပစ္စည်း ဥစ္စာ လာဘ်လာဘပေါများခြင်းတို့ ဖြစ်သည်။

ရှေးယခင်က ရွှေစာရံဘုရားအား ရပ်ဝေးရပ်နီးမှ ဘုရားဖူးများသာမက ငါးထွေ၊ ငါးရွေး စသော ငါးကြီးများသည် ဒုဋ္ဌဝတီမြစ်ကို ဆန်တက်ကာ ဘုရားပွဲတော်ကာလအတွင်း လာရောက်ဖူးမြော်လေ့ရှိကြောင်း သိရသည်။ ရွှေစာရံစေတီတော်တည်ရှိရာ ရွှေစာရံကျေးရွာသည် ဒုဋ္ဌဝတီမြစ်အတွင်း စီးဆင်းသည့် နားငှောင်းကျချောင်း၏ အထက်တွင် တည်ရှိသည်။ ဘုရားပွဲတော်ကာလအတွင်း ဘုရားဖူး ဧည့်သည်များသည် နားငှောင်းကျချောင်းအတွင်း ငှက်သမ္ဗန်လှေစီး၍ ရွှေစာရံကျေးရွာနှင့် မနီးမဝေးတွင် တည်ရှိသည့် နားငှောင်းကျစေတီတော်ကို သွားရောက်ဖူးမြော်ကြသည်။

ဘုရားပွဲတော်ကာလတွင် နားငှောင်းကျချောင်းအတွင်း၌ ငှက်သမ္ဗန်လှေ အပျော်စီးသူများ၊ ချောင်းအတွင်း ရေကစားသူများဖြင့် စည်ကားနေလေ့ရှိသည်။ ကျွန်တော်တို့ သွားရောက်လည်ပတ်လေ့လာရောက်ရှိချိန်တွင်ပင် ဘုရားဖူးဧည့်သည် တချို့ငှက်သမ္ဗန်လှေစီး၍ နားငှောင်းကျစေတီတော်သို့ သွားရောက်ဖူးမြော်ပြီး တချို့မှာ နားငှောင်းကျချောင်းအတွင်း ရေချိုး ရေကစားနေကြသည်။

ရွှေစာရံဘုရားပွဲတော်တွင် ရှေးယခင်ကပင် ရှမ်းဈေးတန်းဟူ၍ စနစ်တကျသတ်မှတ်ကာ ရပ်နီးရပ်ဝေး ရှမ်းတိုင်းရင်းသားကျေးရွာများမှ ဈေးရောင်းချသူများအတွက် နေရာချထားပေးသည်။ ယင်းရှမ်းဈေးတန်းတွင် ရိုးရာအစားအစာများ၊ ဆေးဖက်ဝင် သစ်ဥသစ်ဖု၊ သစ်မြစ်၊ ဆေးပင်ငယ်များ၊ တောင်သူသုံးပစ္စည်းများကို ရှမ်းတိုင်းရင်းသားများက ရိုးသားဖြူစင်သည့် အပြုံးများဖြင့် ဈေးရောင်းချကြသည်။

ဘုရားပွဲတော်တွင် ဈေးဆိုင်ခန်းပေါင်း ၁၀၀၀ ကျော် ခင်းကျင်းရောင်းချပြီး ရှမ်းတိုင်းရင်းသားများ ရောင်းချသည့် ဈေးဆိုင်ခန်းက တစ်ခန်းလျှင် ကျပ်တစ်သောင်းနှုန်း၊ ဗမာတိုင်းရင်းသားများ ရောင်းချသည့် ဈေးဆိုင်ခန်းက တစ်ခန်းလျှင် ကျပ်တစ်သောင်းခွဲနှုန်းဟု ဘုရားပွဲတော်ကျင်းပရေးကော်မတီက သတ်မှတ်ကောက်ခံသည်။ ရှမ်းတိုင်းရင်းသားများမှာ ရပ်ဝေးမှ လာရောက်ရောင်းချသူများဖြစ်သည့်အတွက် ခရီးစရိတ်ကာမိစေရန် ရှမ်းတိုင်းရင်းသား ဈေးဆိုင်ခန်းများကို ကျပ်တစ်သောင်းသာ သတ်မှတ်ကောက်ခံခြင်းဖြစ်သည်ဟု သိရသည်။

ရွှေစာရံဘုရားပွဲတော်တွင် နာမည်ကျော် ထန်းရွက်ပုတီး၊ ထန်းရွက်ငါးရုပ်လေးများအပြင် မြန်မာ့ရိုးရာ ကလေးကစားစရာ အရုပ်လေးများ၊ ခေတ်ပေါ်ရုပ်ငယ်များ၊ မြန်မာ့ရိုးရာ အစားအစာများ၊ တောင်သူလယ်ယာသုံးပစ္စည်းများ၊ အဝတ်အထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများကိုလည်း ရောင်းချလေ့ရှိပြီး သစ်သီးကိုးမျိုးပါဝင်သည့် ဘုရားကန်တော့ပွဲများကိုလည်း ရောင်းချလေသည်။

ရွှေစာရံဘုရားရင်ပြင်တော်ရှိ မင်းသမီးစောမွန်လှ ပုံတူရုပ်တုအနီးတွင် ယခင်က ရိုးရာနတ်ကခြင်း၊ နတ်စီးခြင်းများ ပြုလုပ်သော်လည်း ယခုနောက်ပိုင်းတွင် ဘုရားဖူးဧည့်သည်များကို စိတ်အနှောင့်အယှက်ဖြစ်စေခြင်း၊ ဗုဒ္ဓသာသနာအား အကြည်ညိုလျော့နည်းခြင်းများ မရှိစေရန်အတွက် စေတီတော်ရင်ပြင်တွင် ရိုးရာနတ်စီးခြင်း၊ နတ်ကခြင်းများကို ခွင့်ပြုခြင်းမရှိတော့ကြောင်း သိရသည်။

ရွှေစာရံစေတီတော် ဘုရားပွဲတော်တွင် ထူးခြားမှုတစ်ခုမှာ နားငှောင်းကျချောင်းရိုးတစ်လျှောက် ဘုရားပွဲတော်အနီးအနားတွင် ထန်းရည်၊ အရက်၊ ဘီယာဆိုင်များ အများအပြား ဖွင့်လှစ်ရောင်းချလေ့ရှိခြင်းပင်ဖြစ်သည်။ ထိုသို့ ထန်းရည်၊ အရက်၊ ဘီယာဆိုင်များ ဖွင့်လှစ်ရောင်းချလေ့ရှိသော်လည်း ဘုရားပွဲတော်ကာလအတွင်း ကြီးမားသည့် ခိုက်ရန်ဖြစ်ပွားမှုများ ဖြစ်လေ့ဖြစ်ထမရှိကြောင်း သိရသည်။

ရွှေစာရံဘုရား ဗုဒ္ဓပူဇနိယပွဲတော်၏ နောက်ဆုံးနေ့ဖြစ်သည့် တပေါင်းလပြည့်ကျော် ၉ ရက်နေ့တွင် ဘုရားအမှူးပြုသော သံဃာတော် အပါး ၁၈၀ အား ဈေးဆိုင်ခန်းရောင်းချသူများ၊ ကျေးရွာနေ ဒေသခံများ၊ ရပ်နီးရပ်ဝေး ဘုရားဖူးဧည့်သည်များက စုပေါင်း၍ ဆွမ်းဆက်ကပ်လောင်းလှူပွဲကို ကျင်းပလေသည်။

ရွှေစာရံဘုရားပွဲတော်သည် အညာဒေသ ဘုရားပွဲတော်များထဲတွင် ထင်ရှားသည့် ဘုရားပွဲတော်တစ်ခုဖြစ်သည်။ အရှေ့ရွှေစာရံ၊ ပုဂံ အနောက်၊ တောင်မြောက်ယင်မြော(မြော်)၊ အညာသီဟတောဟု မော်ကွန်းတင်ထားသည့် ကျော်လေးဆူတွင် ပါဝင်ကာ တန်ခိုးကြီးထင်ရှားလှသည့် ရွှေစာရံဘုရား၏ ဗုဒ္ဓပူဇနိယပွဲတော်ကာလဖြစ်သည့် တပေါင်းလပြည့်နေ့မှ တပေါင်းလပြည့်ကျော် ၉ ရက်အတွင်း ရွှေစာရံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုခြင်းဖြင့် ထင်ရှားသည့် အညာဒေသ ဘုရားပွဲတော်တစ်ခုကိုလည်း လေ့လာနိုင်ကြမည်ဖြစ်ပေသည်။ ။

ယခုနောက်ပိုင်းတွင် ဘုရားဖူးဧည့်သည်များကို စိတ်အနှောင့်အယှက်ဖြစ်စေခြင်း၊ ဗုဒ္ဓသာသနာအား အကြည်ညိုလျော့နည်းခြင်းများ မရှိစေရန်အတွက် စေတီတော်ရင်ပြင်တွင် ရိုးရာနတ်စီးခြင်း၊ နတ်ကခြင်းများကို ခွင့်ပြုခြင်းမရှိတော့ကြောင်း သိရသည်။ ရွှေစာရံစေတီတော် ဘုရားပွဲတော်တွင် ထူးခြားမှုတစ်ခုမှာ နားငှောင်းကျချောင်းရိုးတစ်လျှောက် ဘုရားပွဲတော် အနီးအနားတွင် ထန်းရည်၊ အရက်၊ ဘီယာဆိုင်များ အများအပြား ဖွင့်လှစ်ရောင်းချလေ့ရှိခြင်းပင်ဖြစ်သည်။ ထိုသို့ ထန်းရည်၊ အရက်၊ ဘီယာဆိုင်များ ဖွင့်လှစ်ရောင်းချလေ့ရှိသော်လည်း ဘုရားပွဲတော်ကာလအတွင်း ကြီးမားသည့် ခိုက်ရန်ဖြစ်ပွားမှုများ ဖြစ်လေ့ဖြစ်ထမရှိကြောင်း သိရသည်



## တိရစ္ဆာန်ဘေးမဲ့တောဥယျာဉ်ခြံများ တည်ဆောက်

**မန္တလေး မတ် ၇**

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနနုဂ္ဂဟအသင်း(ဗဟို) ၏နာယက၊ မန္တလေးမြို့ တောင်စလင်းတိုက်သစ် အာဝနဌာန-ဦးစီးပဓာနမဟာနာယကဆရာတော်ဘဒ္ဒန္တတိက္ခ-အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတရေနိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ ထေရဝါဒဝံသာလင်္ကာရမရမ္မ ရဋ္ဌသာသနဓဇ (သီရိလင်္ကာ) ဆရာတော် ဦးဆောင်သောနယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေး အသင်းချုပ်(မန္တလေး)က တိရစ္ဆာန်ဘေးမဲ့ ဥယျာဉ်ခြံများ တည်ဆောက်လျက်ရှိသည်။

ဘေးမဲ့ဥယျာဉ်ခြံများမှာ မန္တလေးတိုင်းဒေသကြီး၊ ဆည်တော်လေးကျေးရွာ ဘေးမဲ့ဥယျာဉ်ခြံ၊ အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စု ဖျောက်ဆိပ် ကုန်းရပ်ကွက် စွယ်တော်ကွက်သစ်-မြတ်စွယ်တော် နန္ဒဝန်ဘေးမဲ့ဥယျာဉ်ခြံ၊ နောင်ချိုမြို့နယ် ကုလားကွဲကျေးရွာ ဘေးမဲ့ဥယျာဉ်ခြံ၊ စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းကွဲကျေးရွာ ဘေးမဲ့ဥယျာဉ်ခြံတို့တွင်သတ္တဝါတို့၏ အသက်ကိုကယ်တင် စောင့် ရှောက်ထိန်းသိမ်းကျွေးမွေးပြုစုပြီး ဆေးကုသမှုများဆောင်ရွက်ပေးလျက်ရှိသည်။ မိုးလုံနွားတဲ ပေ (၁၀၀× ၃၀) ပတ်လည်အဆောက်အအုံတည်ဆောက်ခြင်း၊ သောက်သုံးရေကန် တည်ဆောက်ခြင်း၊ ခြံသန့်ရှင်းမှုရှိစေရန်နှင့် သတ္တဝါများအား ထိန်းသိမ်းစောင့်ရှောက် ရန်အတွက် ဝန်ထမ်းများခန့်ထားကာ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးထား ကြောင်းသိရသည်။

ပခုက္ကူခရိုင် မြိုင်မြို့တွင်လည်းကောင်း၊ နေပြည်တော် တပ်ကုန်းမြို့ခေတ်အေး ပရဟိတကျောင်းတွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သနပ်ပင်မြို့နယ် ကလစ်ဝိုင်ကျေးရွာတွင်လည်းကောင်း ဘေးမဲ့ဥယျာဉ်ခြံများကို တည်ဆောက်မည် ဖြစ်ရာ-တိရစ္ဆာန်များအတွက် အစာဖိုး၊ ဆေးဖိုး၊ အဆောက်အအုံအတွက်နှင့် နွား၊ မြင်း၊ ဆိတ်၊ သိုး၊ ကြက်၊ ဘဲ စသည်တို့ကို ဇီဝိတဒါနအဖြစ်ကုသိုလ်ပြုလှူဒါန်းလိုပါက ဆရာတော်ဘဒ္ဒန္တတိက္ခ ဖုန်း-၀၂-၆၀၆၉၂နှင့် ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေး အသင်းဥက္ကဋ္ဌ ဦးလှဝင်းဖုန်း-၀၂-၆၈၃၀၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ဖြူးမြို့နယ်တွင်ကျောင်းသား ၃၉၀၀ ကျော် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည်

**ဖြူး မတ် ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ တက္ကသိုလ်ဝင် ကျောင်းသားကျောင်းသူပေါင်း ၃၉၀၅ ဦးတို့သည် စာဖြေဌာန ခုနစ်ခုတို့တွင် ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ဝင်ရောက်ဖြေဆိုကြမည့် စာစစ်ဌာနများမှာဖြူးမြို့အထကအမှတ် (၁) တွင် ကျောင်းသားကျောင်းသူ ၁၀၇၁ ဦး၊ အထက(၂)တွင် ၅၃၃ ဦး ၊ ညောင်ပင်သာ အထကတွင် ၃၃၄ ဦး၊ ဝဲကြီးရွာအထကတွင် ၅၀၁ ဦး ၊ အထကအမှတ်(၁)တွင် ၅၃၆ ဦး ၊ ကညွတ်ကွင်းအထကအမှတ်(၂)မြို့တွင် ၃၂၅ ဦး၊ ဇေယျာဝတီမြို့ အထကအမှတ် (၁)တွင် ၆၀၅ ဦးဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း သိရသည်။

**ဖြူး - မြင့်ဦး**

## ပေါင်းလောင်းဆည်ရေသောက်စနစ် နှစ်ပါး ၆၈၈၀ ဧက ရေပေးဝေမှု စတင်ဆောင်ရွက်

**နေပြည်တော် မတ် ၇**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနား လယ်ဝေးမြို့နယ်အတွင်းရှိ ပေါင်းလောင်း ဆည်ရေသောက်စနစ် လက်ဝဲတူးမြောင်းမကြီးမှ နှစ်ပါး ၂၈၆၇ ဧကနှင့် လက်ယာ တူးမြောင်းမကြီးမှ နှစ်ပါး ၄၀၁၃ ဧကအတွက် စိုက်ပျိုးရေပေးဝေနေမှု လုပ်ငန်းများ အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချ မှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့် တာဝန်ရှိသူများ သည် မတ် ၆ ရက် နံနက်က ကွင်းဆင်းဆောင်ရွက်သည်။

ယင်းနောက် လယ်ဝေးမြို့နယ်အတွင်းရှိ ပင်သောင်ကျေးရွာအနီး ပင်သောင်ကန် ပြန်လည်မွမ်းမံပြုပြင်ခြင်း လုပ်ငန်းခွင်သို့ရောက်ရှိပြီး ဒေသခံတောင်သူလယ်သမား များနှင့်တွေ့ဆုံ၍ တောင်သူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းအချိန်မီ ပြီးစီးနိုင်ရန် ဖြည့်ဆည်း စီမံဆောင်ရွက်ပေးခဲ့ပြီး ပေါင်းလောင်း လက်ယာတူးမြောင်းမကြီး ဆည်ရေ သောက်စနစ်အတွင်း ပေါက်မြိုင်ကျေးရွာအုပ်စုအနီးရှိ စနစ်ကျ လယ်ယာမြေဖော် ထုတ်ခြင်းဆောင်ရွက်မည့် လုပ်ငန်းခွင်သို့ သွားရောက်၍ လုပ်ငန်းများ အချိန်မီပြီးစီးရေး ကွင်းဆင်းစီမံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**

## ကရုဏာဝါဒီ နာရေးကူညီမှု ရုံးသစ်ဖွင့်လှစ်

**မော်လမြိုင်ကျွန်း မတ် ၇**

မော်လမြိုင်ကျွန်းမြို့ အမှတ် (၁၃) ရပ်ကွက် ချမ်းမြေ့သာယာပြည်သူများနာရေး ကိစ္စပေါ်ပေါက်လာပါက နာရေးလုပ်ငန်းများဆောင်ရွက်လုပ်ကိုင်နိုင်ရန်အတွက် အမှတ် (၁၃) ရပ်ကွက်နှင့် မြို့နယ်အတွင်းရှိ စေတနာရှင်များ ကိုယ့်အားကိုယ်ကိုးစုပေါင်း ဆောက်လုပ်သော ကရုဏာဝါဒီနာရေးကူညီမှုရုံးဖွင့်ပွဲကို အဆိုပါရုံးအဆောက်အအုံရှေ့ မျက်နှာစာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်နာရေးကူညီမှုအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်မောင်း၊ မြို့နယ်နာရေးကူညီမှုအသင်း ရုံးအဖွဲ့မှူးဦးအောင်ထိန်နှင့် အမှတ် (၁၃) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးညွန့်ရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အလှူရှင် ၄၀ တို့အား ကရုဏာဝါဒီ နာရေးကူညီမှုအဖွဲ့က ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်ကြသည်။ အဆိုပါ အဆောက်အအုံသစ်အား ငွေကျပ် ၁၄၃ သိန်းဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

## တီလားပီးယားသားပေါက်ထုတ်လုပ်မှုနှင့် အသားတိုးမွေးမြူခြင်းဆိုင်ရာ စီမံခန့်ခွဲမှုတိုးတက်ရေးစီမံကိန်းအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၇**

မြန်မာနိုင်ငံတွင် တီးလားပီးယား သားဖောက်ထုတ်လုပ်မှု အစီအစဉ်များ သေချာစေခြင်းဖြင့် နည်းပညာများ တိုးတက်ကောင်းမွန်စေခြင်း၊ တီးလား ပီးယားသားပေါက်အရည်အသွေးများ ကောင်းမွန်စေခြင်း၊ အရည်အသွေး မြင့်သားပေါက်များ ရရှိမွေးမြူနိုင်ခြင်းဖြင့် ငါးမွေးတောင်သူများ အကျိုးအမြတ်များ ပိုမိုရရှိစေရန်နှင့် မြန်မာနိုင်ငံတွင် တီလား ပီးယားမွေးမြူမှု ရေရှည်ဖွံ့ဖြိုးစေရန် ငါးလုပ်ငန်းဦးစီးဌာနနှင့် အက်ဖ်အေအို တို့ပူးပေါင်း၍ မြန်မာနိုင်ငံ၏တီးလား ပီးယားသားပေါက်ထုတ်လုပ်မှုနှင့် အသား တိုးမွေးမြူခြင်းဆိုင်ရာ စီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်ရေး စီမံကိန်းကနဦး အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် The Hotel Royal ACE ၌ ဖေဖော်ဝါရီလနောက်ဆုံးပတ်က ပြုလုပ် ခဲ့သည်။




အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အက်ဖ်အေအိုမြန်မာဌာနေ ကိုယ်စားလှယ် Ms.Xiaojie Fan၊ ဗန်ကောက်မြို့အက်ဖ်အေအိုဒေသဆိုင်ရာရုံးမှ နည်းပညာအရာရှိ မစ္စတာဝေမင်မြှောင်၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်မှကိုယ်စားလှယ်၊ တိုင်းဒေသကြီး/ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ကိုယ်စားလှယ်များနှင့် ငါးလုပ်ငန်း စခန်းများမှ တာဝန်ခံများ တက်ရောက် ဆွေးနွေးကြသည်။ အဆိုပါစီမံကိန်းသည် မြန်မာနိုင်ငံတစ်နိုင်ငံလုံးအထူးသဖြင့် ကျေးလက်ဒေသရှိ အသေးစား ငါးမွေး တောင်သူများအတွက် သာမက စီးပွားဖြစ်ငါးမွေးမြူသူများ၏ တီလား ပီးယားမွေးမြူ ထုတ်လုပ်မှုများ လုပ်ငန်း ကို အကျိုးရှိစေမည်ဖြစ်ပြီး စီမံကိန်း ကာလမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၈ ဒီဇင်ဘာလအထိ ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ဖိတ်ခေါ်အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**မြိတ် မတ် ၇**

အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် Township Sports Development Programme အရ ကျင်းပသည့် မြို့နယ်အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌဖလားဖိတ် ခေါ်အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို မတ် ၅ ရက်က မြိတ်ခရိုင်အားကစားခန်းမ၌ ကျင်းပခဲ့သည်။

ဗိုလ်လုပွဲကို မြိတ်တက္ကသိုလ်(က) အသင်းနှင့် အား/ကာ(က)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အား/ကာ(က) အသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရရှိ ခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ကျင်းပခဲ့ရာ ဒုတိယဆုရရှိသော မြိတ် တက္ကသိုလ်(က)အသင်းနှင့် ပထမဆုရရှိ သော အား/ကာ(က)အသင်းတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့် ခဲ့ကြပြီး ပထမဆုရရှိသော အသင်းအား တံခွန်စိုက်ဆုဖလားကို မြို့နယ်အားကစား နှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူးကိုယ်စား မြို့နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**( မြို့နယ် ပြန်/ဆက် )**

## မိုးလုံလေလုံစာသင်ကြားနိုင်ရေး ကိုယ့်အားကိုယ်ကိုးကျောင်းဆောင်သစ်ဆောက်လုပ်

**ကျောက်တံခါး မတ် ၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါး မြို့နယ် ဖဒိုဒေသငွေးကုန်းကျေးရွာ အုပ်စုခင်တန်းကြီးကျေးရွာ အခြေခံ ပညာ မူလတန်းလွန်ကျောင်း၏ ကျောင်း ဆောင်မှာ ယိုယွင်းပျက်စီးနေ၍ ယခု အခါကိုယ့်အားကိုယ်ကိုး ကျောင်းဆောင် သစ်တည်ဆောက်နေကြောင်း သိရ သည်။

အဆိုပါကျောင်း၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင်သူငယ်တန်းမှဆဋ္ဌမ တန်းအထိ ကျောင်းသားကျောင်းသူ ၁၅၃ ဦး ပညာသင်ကြားလျက်ရှိပြီး ၁၉၉၉ ခုနှစ်တွင် ရပ်ရွာကျောင်းသားမိဘများ စုပေါင်းကာ တည်ဆောက်ခဲ့သော အလျား ၅၂ ပေ၊ အနံ ၂၄ ပေတစ်ထပ်မြေ စိုက်သွပ်မိုးကျောင်းဆောင်မှာ ယိုယွင်း ပျက်စီးလာ၍ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် မှစ၍ စုစုပေါင်းကုန်ကျငွေသိန်း ၅၀ ဖြင့် အလျားပေ ၆၀၊ အနံ ပေ ၃၀ ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင် ဆောက်လုပ်ဆဲဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ခင်တန်းကြီးမူလွန် ကျောင်းကို ကျောင်းအကျိုးတော်ဆောင် တွေနဲ့ ကျောင်းသားမိဘများတိုင်ပင်ပြီး ကိုယ့်အားကိုယ်ကိုးနဲ့တည်ဆောက်နေ တာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရမှ ကျောင်းသားကျောင်းသူများအေးချမ်း စွာပညာသင်ကြားနိုင်ရေးအတွက် ကျောင်းဆောင်သစ် အပြီးသတ်တည် ဆောက်နိုင်ရေးမှာ ထောက်ပံ့ကူညီပေး စေချင်ပါတယ်”ဟု ကျောင်းအကျိုး တော်ဆောင် ဦးမင်းထွေးက ပြော သည်။

**ခင်ကို(ကျောက်တံခါး)**



**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။**

# ထူးမြတ်သော ဝိသေသများနှင့်ပြည့်စုံတော်မူသော မုံရွာမြို့ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး

**တက္ကသိုလ်ပွင့်သူအောင်**

လွန်ခဲ့သောနှစ်ပေါင်း တစ်ထောင်ကျော်က မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ကြပြီး ယခုအခါ ပျောက်ကွယ်သွားခဲ့သော ပျူလူမျိုးများသည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသည့် လူမျိုးများဖြစ်ခဲ့ကြသည်။ ကြွင်းကျန်ခဲ့သောပျူမြို့ဟောင်းများနှင့် ပျူလူမျိုးများနေထိုင်ခဲ့သည့်နေရာများ၌ တွေ့ရှိရသော အထောက်အထားများစွာတို့က ပျူလူမျိုးတို့သည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားခဲ့ကြောင်း သက်သေပြလျက်ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံအတွင်းရှိ ပျူမြို့ပြများအနက် ပျူရှေးဟောင်းသုံးမြို့ဖြစ်သည့် ဟန်လင်းမြို့ဟောင်း၊ ဗိဿနိုးမြို့ဟောင်းနှင့် သရေခေတ္တရာမြို့ဟောင်းတို့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်တွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ကျင်းပသည့် (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေး 38 th Session of the World Heritage Committee (Doha 2014) က အတည်ပြုသတ်မှတ်ပေးခဲ့သည်။

ဤကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရမှုသည် မြန်မာနိုင်ငံအတွက် ပထမဆုံးအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ခံရမှုဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားစွာတည်ရှိမှုကို ကမ္ဘာကလက်ခံခဲ့ခြင်းမှာ များစွာဂုဏ်ယူဖွယ်ဖြစ်သည်။ ပျူမြို့ဟောင်းသုံးမြို့ဖြစ်သည့် ဟန်လင်းမြို့ဟောင်း၊ ဗိဿနိုးမြို့ဟောင်းနှင့် သရေခေတ္တရာမြို့ဟောင်းတို့သည် ထေရဝါဒဗုဒ္ဓဘာသာအစောဆုံးထွန်းကားခဲ့သည့် ရှေးဟောင်းမြို့ဟောင်းအဖြစ် ထင်ရှားစွာ ကြွင်းကျန်နေခဲ့ခြင်း၊ ပုဂံခေတ်လက်ရာ မြောက်မှု၊ ယဉ်ကျေးမှုအဆင့်မြင့်မားမှုတို့ ပေါက်ဖွားလာအောင် မျိုးစေ့ချပေးခဲ့ခြင်းများကြောင့်ပင်ဖြစ်သည်။ ထိုပျူရှေးဟောင်းမြို့တစ်ခုဖြစ်သော ဟန်လင်းသည် ရှေးယခင်က "လေ့ကူးရွာ" ဟု အမည်တွင်ခဲ့သော မုံရွာမြို့နှင့် မဝေးကွာလှပေ။ ဟန်လင်းပျူ ရှေးဟောင်းမြို့သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌တည်ရှိသည်။ လက်ရှိကာလ၌ ဟန်လင်းဒေသတွင် ရပ်ကွက်ပေါင်း ၁၆ ရပ်ကွက်၊ အိမ်ခြေပေါင်း ၁၇၅၀ ခန့်ရှိသည်။ လူဦးရေ ရှစ်ထောင်ကျော်ခန့်နေထိုင်ကြကာ စီးပွားရေးလုပ်ငန်းအဖြစ် ကျေးရွာသူ ကျေးရွာသားအများစုမှာ ယာမြေစိုက်ပျိုးလုပ်ကိုင်ခြင်းနှင့် မြေကြီးမှ ဆားထုတ်သောလုပ်ငန်း လုပ်ကိုင်ခြင်းများ တွေ့မြင်ရသည်။ ပျူရှေးဟောင်းမြို့ ဟန်လင်းနှင့် မဝေးသော နေရာတွင်တည်ရှိသော မုံရွာမြို့သည် သာသနာထွန်းလင်းလျက်ရှိသည်ကို ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအပါအဝင် ကျောက်ကာရွှေဂူနီဘုရား၊ မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်၊ ရွှေတောင်ဦးစေတီတော်၊ ဗောဓိတစ်ထောင်ရပ်တော်မူဘုရား၊ ရွှေစည်းခုံဘုရားများဖြင့် သက်သေပြလျက်ရှိသည်။ ထို့အပြင် ရှေးစာဆိုတော်ကြီးများ၊ ဓမ္မကထိကများဖြစ်ကြသည့် လယ်တီဆရာတော်၊ လယ်တီပဏ္ဍိတ၊ မိုးညှင်းဆရာတော်၊ ဗောဓိတစ်ထောင် ဆရာတော်၊ လယ်တီဦးဝိလာသ၊ သံချိုဦးလှ၊ ဆရာကြီး ဦးလှသိန်း၊ ဦးလေးခန့်စသည်တို့မှာ ထင်ရှားကျော်ကြားခဲ့သည်။

မြန်မာ့သမိုင်းအထောက်အထားများအရ သီရိဓမ္မာသောကမင်းကြီးတည်တော်မူခဲ့သော စေတီပေါင်း ၈၄၀၀၀ တွင် ဆုတောင်းပြည့်စေတီတော်ကြီးမှာ ပါဝင်ခဲ့သည်။ ထိုစဉ်က ဆုတောင်းပြည့်စေတီဘွဲ့တော်မရသေးပေ။ စေတီတော်၏ ဉာဏ်တော်အမြင့်မှာ ကိုးတောင်ရှိသည်။ မှန်နန်းရာဇဝင်တွင် ဖော်ပြထားချက်အရ "သာသနာတော် သက္ကရာဇ် ၁၉၃ ခုနှစ်၌ သရေခေတ္တရာမင်းရန်ပေါင်မင်းနှင့် မဇ္ဈိမဒေသပါဋလိပုတ်ပြည်တွင် တတိယသင်္ဂါယနာတင်တော်မူခဲ့သော သီရိဓမ္မာသောကမင်းကြီးသည် ပါဋလိပုတ်ပြည့်ရှင် ဗိမ္ဗိသာရမင်း၏ သားတော်ဖြစ်ပြီး အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းတွင် ရှစ်သောင်းလေးထောင်ရှိသည့် မြို့များ၌ ရှစ်သောင်းလေးထောင်သော



စေတီတော်တို့ဖြင့် တန်ဆာဆင်အပ်သည့် ရှစ်သောင်းလေးထောင်သောကျောင်းတိုက်တို့ကို တရားသဖြင့်သာလျှင် ဆောက်လုပ်စေခဲ့ကြောင်း သိရသည်။ ယင်းစေတီတော်ပေါင်း ရှစ်သောင်းလေးထောင်နှင့် ကျောင်းပေါင်းရှစ်သောင်းလေးထောင်တို့မှာ သုံးနှစ်အတွင်း တစ်ပြိုင်နက်ပြီးစီးခဲ့သည်။

အထူးသဖြင့် သီရိဓမ္မာသောကမင်းကြီးသည် ပုဂံခေတ်ထက်စောသော သရေခေတ္တရာခေတ်ကာလကပင်၊ စေတီတော်များ၊ ကျောင်းများဆောက်လုပ်ပြီးစီးခဲ့သောကြောင့် မုံရွာမြို့ဆုတောင်းပြည့်စေတီတော်မြတ်ကြီးသည် သရေခေတ္တရာ ပျူခေတ်ကတည်းက တည်ရှိနေခြင်းသည်ပင်လျှင် ထူးမြတ်သော ဝိသေသနှင့် ပြည့်စုံတော်မူခဲ့သည်။ ရှေးခေတ် ပျူမင်းတို့သည် ချင်းတွင်းမြစ်ကို ယခု မုံရွာနေရာ၌ လှေဖြင့်ကူးကာ ချင်းတွင်းမြစ်အနောက်ဘက်ရှိ ဖိုဝင်တောင်သို့ ဘုရားဖူးသွားလာသည့် ဓလေ့ရှိသည်။ ထို့ကြောင့် မုံရွာသည် ရှေးခေတ်က လေ့ကူးရွာဟု အမည်ထင်ရှားခဲ့သည်။ ရှေးသမိုင်းအဆိုအရ လေ့ကူးရွာရှိ ဈေးအတွင်း မုန့်လုပ်ရောင်းနေသည့် မုန့်သည်မလေးသည် သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့သော မုဋ္ဌောစေတီတော်ကို နေ့စဉ်သွားရောက်ကာ မုန့်များဆက်ကပ်လှူဒါန်းရင်း၊ ယခုစေတီတော်မြတ်ကြီးကို ပြုပြင်နိုင်သူဖြစ်ရပါလိုကြောင်း ဆုတောင်းလေ့ရှိသည်။ ထို့အပြင် နတ်များကိုပါ အမျှဝေခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းစသည်တို့ကို ပြုလုပ်ခဲ့သည်။ ထိုကုသိုလ်အဓိဋ္ဌာန်များကြောင့် မကြာမီမှာပင် အနော်ရထာမင်းကြီး၏ အမိန့်တော်ဖြင့် မြို့စားဖြစ်နေသည့် ပဋိက္ကရားဘသူကြွယ်၏ မိဖုရားမြှောက်ခဲ့ခြင်း ခံခဲ့ရသည်။ မိဖုရားဖြစ်လာသော မုန့်သည်မလေးသည် သူမ၏နေ့စဉ်ဆုတောင်းအဓိဋ္ဌာန်ပြုကျင့်မှုများကို ဗဒုံမင်းသား ပဋိက္ကရားဘသူကြွယ်ကို ပြောပြကာ ဘုရားပြုပြင်ရန် ခွင့်ပန်ခဲ့သည်။ ဗဒုံမြို့စားမင်းသည်ဗုဒ္ဓဘာသာဝင်မဖြစ်စေကာမူ၊ ဗုဒ္ဓဘာသာကို ရိုသေကိုင်းရှိုင်းအားပေးသူဖြစ်၍ မိဖုရားမုန့်သည်မလေး၏ ဘုရားပြုပြင်ရန် ခွင့်ပန်ခြင်းကို ကြည်ဖြူစွာခွင့်ပြုခဲ့သည်။ ထို့ကြောင့် ဗဒုံမြို့စားမင်း၏ မိဖုရား မုန့်သည်မလေးသည် ဘုရားပြုပြင်ခဲ့ရာ သီရိဓမ္မာသောကမင်းကြီးမူလတည်တော်မူခဲ့သည့်ဉာဏ်တော်အမြင့်ကိုးတောင်မှ အသစ်ထပ်မံပြုပြင်လိုက်သော စေတီတော်မှာ ဉာဏ်တော်အမြင့် ၄၅ တောင်ဖြစ်လာခဲ့သည်။ ထိုကဲ့သို့ ဗဒုံမြို့စား ပဋိက္ကရားဘသူကြွယ်သည်ဗုဒ္ဓဘာသာဝင်မဟုတ်သော်လည်း မိဖုရားမုန့်သည်မလေးကို စေတီတော်မြတ် မွမ်းမံပြင်ဆင်ခွင့်ပြုလိုက်ခြင်းသည် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ထူးမြတ်သောဝိသေသပင်ဖြစ်သည်။ စေတီတော်မြတ်ကြီးသည် ဆုတောင်းတိုင်းပြည့်၍ ဆုတောင်းပြည့်စေတီတော်ဟူသော ဘွဲ့တော်အသစ်ပူဇော်ခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၅၀ ပြည့်နှစ်တွင် မိုးသည်းထန်စွာ ထူးထူးခြားခြားရွာသွန်းခဲ့မှုကြောင့် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးသည် အင်္ဂါထောင့်သို့ ရွှေထီးမြေခပြိုကျခဲ့ပြီး စေတီလုံးတော်ကြီးမှာလည်း ပျက်စီးပြိုကျခဲ့သည်။ ယင်းကဲ့သို့ ရွှေထီးမြေခပြို၍ ပျက်စီးခဲ့သည့် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးကို ပထမလယ်တီဆရာတော်ကြီး ဦးဉာဏဓဇ(အဂ္ဂမဟာပဏ္ဍိတ)က အမှူးပြုသော ဆရာတော်သံဃာတော်များနှင့် ဂေါပကအဖွဲ့တို့က မြန်မာသက္ကရာဇ် ၁၂၅၂ ခုနှစ်တွင် စတင်၍ အသစ်တစ်ဖန်တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ သက္ကရာဇ် ၁၂၅၄ ခုနှစ်တွင် ဉာဏ်တော် ၁၀၇ တောင်မြင့်သော ဆုတောင်းပြည့်စေတီတော်မြတ်ကြီးကို ထီးတော်တင်လှူနိုင်ခဲ့သည်။ ထီးတော်ကြီးဒါယကာ ဒါယိကာမတို့မှာ မုံရွာမြို့မှ ဦးကျော်ဇံလှနှင့် ဒေါ်ကောင်းမြင့်တို့ဖြစ်ကြပြီး မင်းကင်းမြို့သူမြို့သားများက ထီးတော်ကြီးကို ရွှေသင်္ကန်းကပ်လှူခဲ့ကြသည်။ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့မှ လပြည့်ကျော် ၁၄ ရက်နေ့အထိ မုံရွာမြို့ဆုတောင်းပြည့်မြတ်စွာဘုရားကြီး ဂေါပကအဖွဲ့က ကျင်းပပြုလုပ်ခဲ့ကြသည်။

မုံရွာမြို့ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးနှင့် မဝေးသောနေရာ တည်ရှိသည့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဟန်လင်းဒေသတွင် ရှေးဟောင်းသုတေသနဦးစီးဌာန၏ တူးဖော်တွေ့ရှိချက်များအရ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်မှစပြီး ပျူမြို့ပြနိုင်ငံများ တည်ထောင်ခဲ့သည့်ကာလအထိ ရှေးလူသားများတစ်ဆက်တည်းနေထိုင်ခဲ့သော နေရာတစ်ခုရှိသည်သာမက ယခုအချိန်ထိ တွေ့ရှိရသည့် ကျောက်စာများ၊ ရွှေထည်၊ ငွေထည်ပစ္စည်းများ ၊ အရိုးစုများ၊ ဒင်္ဂါးပြားများ၊ သံလက်နက် ၊ ကြေးလက်နက်များ ၊ ရှေးဟောင်းအဆောက်အအုံ အကြွင်းအကျန်များစွာတို့က ဟန်လင်းပျူရှေးဟောင်းမြို့ ထင်ရှားသော အမှတ်လက္ခဏာများဖြစ်သကဲ့သို့ မုံရွာမြို့ရှိ ဆုတောင်းပြည့် စေတီတော်မြတ်ကြီး နှင့် ဆက်စပ်နေခြင်းသည်ပင်လျှင် ဂုဏ်ယူစရာ ထူးမြတ်သည့် ဝိသေသများပင်ဖြစ်သည်။

အထူးသဖြင့် ဟန်လင်း ပျူရှေးဟောင်းမြို့နှင့် ဆက်စပ်ခဲ့သော မုံရွာမြို့ဆုတောင်းပြည့် စေတီတော်မြတ်ကြီးသည် ဖူးမြော်လျက်ရှိသည့် ဘုရားဖူးပုဂ္ဂိုလ်တိုင်း၏ ဆုတောင်းမှုများကို ပြည့်ဝစေသည်။ စာရေးသူသည် လွန်ခဲ့သော ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မုံရွာမြို့ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့က ကျင်းပပြုလုပ်ခဲ့သော ပိဋကတ်စာကြည့်တိုက် (၁၃)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် စာဖတ်သူ တိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်မာရေး ဆောင်းပါးပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည်။ ယင်းတတိယဆုနှင့်အတူ ပူးတွဲ၍ပါရှိသော မုံရွာမြို့ဆုတောင်းပြည့်မြတ်စွာဘုရားကြီး သမိုင်းစာအုပ်တွင် ဖော်ပြထားသည့် ဆုတောင်းပြည့် မြတ်စွာဘုရားကြီး၏ပုံတော်ကို နေ့စဉ်ရှိခိုးကိုးကွယ်ဆုတောင်းခဲ့ရာ မည်သည့်ရောဂါဝေဒနာအမျိုးမျိုး မဖြစ် ပေါ်ခြင်း၊ စားဝတ်နေရေးအစစအရာရာ အဆင်ပြေခြင်း၊ ဒေသဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းဌာနများက ယုံကြည်ကိုးစားစွာဖြင့် တာဝန်များပေးအပ်မှုခံရခြင်း၊ ရန်သူမျိုးငါးပါးနှင့် ဥပဒ္ဒွေဒဏ်မှ ကင်းဝေးလျက်ရှိခြင်း အစရှိသည့် အကျိုးကျေးဇူးများစွာ ရရှိခံစားလျက်ရှိသည်။

ထို့ကြောင့် မုံရွာမြို့ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးကို ယုံကြည်စွာကိုးကွယ်စေရန်အတွက် လည်းကောင်း၊ ရတနာအထွတ်တင် ရွှေထီးတော် အသစ်တင်လှူ၍ လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ကြရန်အတွက် လည်းကောင်း၊ အကယ်၍ အလှူငွေများလှူဒါန်းလိုပါက မုံရွာမြို့ဆုတောင်းပြည့်မြတ်စွာဘုရားကြီး ဂေါပက အဖွဲ့ ဖုန်း -၀၇၁- ၂၁၃၁၉ နှင့် ၀၉-၃၃၂၀၅၇၀၀ တို့သို့ ဆက်သွယ်နိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။

# မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း(ဆင့်ပွား)သင်တန်းဖွင့်

**မန္တလေး မတ် ၇**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ရဲသူရိန်ခန်းမ၌ မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများကိုင်တွယ် အသုံးပြုနည်း (ဆင့်ပွား) သင်တန်းအမှတ်စဉ်(၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို မတ် ၆ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးကြီး ဟန်ထွန်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့ကွပ်ကဲမှုအောက်ရှိ တိုင်းရဲအကူတပ်ဖွဲ့ခွဲနှင့် ခရိုင်ရဲတပ်ဖွဲ့ဝင်များက တပ်ဖွဲ့ဝင်အရာရှိ ၁၀ ဦး၊ အခြားအဆင့် ၂၂ ဦး စုစုပေါင်း ၃၃ ဦးတက်ရောက်ပြီး တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကိုဆောင်ရွက်ပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နိုင်စေရန်နှင့် မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများကိုင်တွယ် အသုံးပြုနည်းများကိုသိရှိနားလည်တတ်ကျွမ်းမှုရှိစေရန်ရည်ရွယ်၍ မတ် ၆ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ အမှတ် (၃)လုံခြုံရေးကွပ်ကဲမှုအဖွဲ့ရုံး ဦးစီးအရာရှိ(ပထမတန်း) ဒုတိယရဲမှူးကြီးမြင့်လွင်၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှူးရုံးဦးစီးအရာရှိ (ပထမတန်း) ဒုတိယရဲမှူးကြီးမြင့်ဦး၊ တိုင်းရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဝင်းချွန်၊ ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး စိန်ထွန်းနှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့နယ်မြေအတွင်းရှိ တပ်ဖွဲ့ဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# လျှပ်စစ်ဓာတ်အားပြည့်ဝစွာအသုံးပြုနိုင်ရေး ဆောင်ရွက်

**ကျောက်ကြီး မတ် ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် နတ်သံကွင်းမြို့ လျှပ်စစ်ဓာတ်အားခွဲရုံ မြို့လျှပ်စစ်အင်ဂျင်နီယာ ဦးသက်ဆွေဦးဆောင်၍ ဓာတ်အားသုံးစွဲသူပြည်သူများလျှပ်စစ်ဓာတ်အားပြည့်ဝစွာအသုံးပြုနိုင်ရေးအတွက် မတ် ၆ ရက်က ထရန်စဖော်မာများလဲလှယ်ခြင်း၊ ကြေးကြိုးများလဲလှယ်ခြင်း၊ ဆွေးမြည့်သစ်သားတိုင်များလဲလှယ်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအစိုးရ ဘတ်ဂျက်ရန်ပုံငွေဖြင့် ဓာတ်အားဖြန့်ဖြူးမှုစနစ်ကောင်းမွန်စေရေးနှင့် အများပြည်သူများ ဗို့အားပြည့်ဝစွာ ရရှိစေရေးအတွက် ၁၁/၀ ဒသမ ၄ ကေဗွီ၊ (၂၀၀) ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၄၀၀ ဗို့လိုင်း ကြေးကြိုးလဲခြင်း တစ်မိုင်ခန့်နှင့် ၁၁ ကေဗွီလိုင်းမှ ဆွေးမြည့်သစ်သား ၈၀ နှင့် ACSR(35)$mm^2$ ကြိုးသေးများအား ACSR(95)$mm^2$ ကြိုးအကြီးဖြင့် နှစ်မိုင်ကျော်ခန့် အစားထိုးလဲလှယ်တိုးချဲ့တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

ယခုအခါ ဒေသတွင်းရှိ ဓာတ်အားသုံးစွဲသူပြည်သူများ ယခင်ထက် ဓာတ်အားပိုမိုပြည့်ဝစွာသုံးစွဲလျက်ရှိကြောင်းနှင့် အဆိုပါပြုပြင်ခဲ့သော ဓာတ်အားလိုင်းမှာ နတ်သံကွင်း-ကျောက်ကြီးဆက်သွယ်ထားသောဓာတ်အားလိုင်းဖြစ်ပြီး နတ်သံကွင်း ဒေသအနီးရှိကျေးရွာများ ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

# မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲသစ် စက်ရုံတည်ဆောက်ရေး ၅၂ ရာခိုင်နှုန်းကျော်ပြီးစီး

**မြစ်ငယ် မတ် ၇**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား(မြစ်ငယ်) လူစီးတွဲနှင့်ကုန်တွဲသစ်စက်ရုံ တည်ဆောက်ရေးစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ပြီး ယခုအခါ ၅၂ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

လူစီးတွဲနှင့် ကုန်တွဲသစ်စက်ရုံ တည်ဆောက်ရေးစီမံကိန်းကို မြန်မာ့မီးရထားနှင့် China National Import & Export Corporation (CMC) တို့ပူးပေါင်း၍ မြစ်ငယ်တွင် လူစီးတွဲနှင့် ကုန်တွဲသစ်တည်ဆောက်ရေးစီမံကိန်းအားအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။



အဆိုပါ လူစီးတွဲစက်ရုံသစ်တည်ဆောက်ရခြင်း ရည်ရွယ်ချက်မှာ လူစီးတွဲစက်ရုံသစ် တည်ဆောက်ပြီးစီးပါက မြန်မာ့မီးရထားအတွက် လိုအပ်လျက်ရှိသော လူစီးတွဲများအရေအတွက် တိုးမြှင့်ထုတ်လုပ်နိုင်ရန်၊ မြန်နှုန်းမြင့်ပြေးဆွဲနိုင်ပြီး ပိုမိုငြိမ်ညောင်းစိတ်ချရသော လူစီးတွဲသစ်များ တည်ဆောက်နိုင်ရန်နှင့် လက်ရှိလူစီးတွဲစက်ရုံတွင် အသုံးပြုနေသော စက်များမှာ ၂၅ နှစ်ကျော်ကြာမြင့်ပြီး စွမ်းရည်ကျဆင်းနေခြင်းကို စက်အသစ်များ၊ ဒီဇိုင်းအသစ်များ၊ နည်းပညာအသစ်များဖြင့် ခေတ်မီအတွဲများအား တည်ဆောက်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

လူစီးတွဲနှင့်ကုန်တွဲသစ်စက်ရုံကို လက်ရှိ တည်ဆောက်ရေးစက်ရုံ၏ အနောက်ဘက်တွင် ကပ်လျက်တည်ဆောက်ခဲ့ပြီး Combined Workshop For Coach ပင်မအလုပ်ရုံနှင့် အထောက်အကူပြု အဆောက်အအုံ ၁၀ လုံး တည်ဆောက်မည်ဖြစ်၍ အဆောက်အအုံ အမျိုးအစားသည် Sub Structure မှာ သံကူကွန်ကရစ်တည် အုတ်မြစ်အမျိုးအစားနှင့် Super Structure မှာ Steel Structure အမျိုးအစားဖြစ်ကြောင်း သိရသည်။

စက်ရုံ၏ထုတ်လုပ်နိုင်မှုစွမ်းအားသည် တစ်နှစ်လျှင် လူစီးတွဲ ၁၂၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားတွင် ရထားလမ်းခရီးမိုင် ၃၇၂၅ ဒသမ ၃၂ မိုင်ရှိပြီး လူစီးရထား ၄၄၁ စီးဖြင့် လူဦးရေ ၀ ဒသမ ၁၅ သန်း၊ ကုန်ချိန်တန် ၂၀၀၀၀ အား နေ့စဉ်သယ်ယူပို့ဆောင်ပေးလျက်ရှိပြီး ယခုအခါ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် တိုးတက်များပြားလာသော ခရီးသည်နှင့်ကုန်များ လွယ်ကူချောမွေ့စွာ သွားလာရွှေ့ပြောင်းနိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် စက်ရုံသစ်တည်ဆောက်ရခြင်းဖြစ်ကြောင်း သိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

# သောက်သုံးရေလုံလောက်စွာရရှိစေရေးအတွက် စက်ရေတွင်းများတူးဖော်ပေး

**ကလိန်အောင် မတ် ၇**

ကျေးလက်ဒေသများ၌ လမ်းပန်းဆက်သွယ်ရေးနှင့် သောက်သုံးရေရရှိစေရေး ဦးစားပေးဆောင်ရွက်လျက်ရှိရာသောက်သုံးရေရှားပါးလျက်ရှိသော တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကလိန်အောင်မြို့အတွင်းရှိ ကျေးရွာများကို သောက်သုံးရေရရှိစေရေးအတွက် စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

ကလိန်အောင်မြို့အတွင်းရှိ ရေပုံးကျေးရွာ၊ နတ်ကြီးစင်၊ ကရင်ရှင်တဘီကျေးရွာသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်းမြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ၅၆ ဒသမ ၂၅ သန်းဖြင့် အကုန်ကျခံကာ တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

“ဒီကျေးရွာတွေက ချောင်းရေသုံးနေရတယ်။ နွေရာသီရောက်တိုင်းရေနှစ်စဉ်ရှားပါးနေလို့ ပြည်သူတွေရော တိရစ္ဆာန်တွေပါ ရေရှားပါးမှုအခက်အခဲကြုံနေရတယ်။ ဒေသခံတွေကလည်း တောင်းဆိုထားတာကြာပြီး ဒါကြောင့် ယခု အောက်တို ဘာလမှ စတင်တူးဖော်ပေးတာ ၈၀ ရာခိုင်နှုန်းလောက်ပြီးစီးသွားပြီးပါပြီ” ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ စက်ရေတွင်းများတူးဖော်ခြင်းကို မတ်လအတွင်းပြီးစီးဆောင်ရွက်သွားမည်ဖြစ်ကာ ယင်းရေပုံးကျေးရွာရှိ အိမ်ခြေ ၁၁၄ လုံး၊ ကရင်ရှင်တဘီကျေးရွာတွင် အိမ်ခြေ ၅၇လုံး၊ နတ်ကြီးစင်ကျေးရွာတွင် အိမ်ခြေ ၃၂၄ လုံးတို့မှ ဒေသခံပြည်သူများ သောက်သုံးရေလုံလောက်စွာ ရရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု ဆင့်ပွားသင်တန်းဖွင့်

**မိုးညှင်း မတ် ၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ မတ် ၆ ရက်က ရုံးသစ်ဖွင့်လှစ်ခြင်းအခမ်းအနားနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာအရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က အမှာစကားပြောကြားပြီး နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင်ဆောင်ရွက်လျက်ရှိသော သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ် အဆင့်ဆင့်ကို မှတ်တမ်းဗီဒီယို ပရိုဂျက်တာများဖြင့် ပြသသည်။




ထို့နောက် တက်ရောက်လာကြသူများက သင်တန်းသား သင်တန်းသူများအတွက် ထုတ်ပေးမည့် သင်ထောက်ကူပစ္စည်းများနှင့် သဘာဝဘေးအသိပညာပေးလက်ကမ်းစာစောင်ပါ ဘေးအန္တရာယ်ရှစ်မျိုးနှင့် သင်တန်းမှတ်စုများကို ကြည့်ရှုလေ့လာကြသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်တုံ့ပြန်မှု ဆင့်ပွားသင်တန်းကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် မြန်မာသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းအဖွဲ့ MCCDDM တို့က ပူးပေါင်းဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလမှာ မတ် ၆ ရက်မှ မတ် ၁၀ ရက်အထိ ဖြစ်ကြောင်း သိရသည်။
**နီတိုး**

# သတိပေးမှုများ ထုတ်ပြန်ထားသော်လည်း မုံရွာမြို့လမ်းမများပေါ် စည်းကမ်းမဲ့သဲသယ်ယာဉ်များတွေ့မြင်ရဆဲဖြစ်

**မုံရွာ မတ် ၇**

မုံရွာမြို့ပေါ်လမ်းများအတွင်း သဲတင်သည့်ကားများ ဝင်ထွက်သွားလာရာတွင်အန္တရာယ်များသောကြောင့် လောလောဆယ်တွင် မိုးကာဖြင့် သဲတင်ထားသည်ကို အုပ်ပြီးမှ သယ်ယူရန်အတွက်ညွှန်ကြားထားသော်လည်း အလွတ်မိုးကာမအုပ်ဘဲသယ်နေသည်များကိုတွေ့ရဆဲဖြစ်ကြောင်း မုံရွာမြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်တစ်ဦးက ပြောသည်။

“လောလောဆယ်မှာ သဲသယ်တဲ့ကားတွေ ထော်လာဂျီတွေကို အမှတ်အသားတစ်ခုသတ်မှတ်ကပ်ထားဖို့ ညွှန်ကြားချက်ထုတ်ထားပေမယ့် တာဝန်ရှိသူတွေကို ဖိဖိစီးစီးဆောင်ရွက်စေချင်ပါတယ်။ အဲဒီလို အမှတ်အသားကပ်ထားမှသာ ဒီသဲကားက ဘယ်ခြံက ဆိုတာသိရပြီး ချက်ချင်းအရေးယူ ဖို့လွယ်ကူမှာ ဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့စည်းကမ်းချက်တွေကို မလိုက်နာရင် သဲထုတ်လုပ်ခွင့်လိုက်စင်ပိတ်သိမ်းတဲ့အထိ အရေးယူသွားမှာပါ” ဟုမုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီဝင်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၇ ရက်က ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများ မုံရွာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများနှင့် မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များသည် မြို့ပေါ်လမ်းများအတွင်း ဝင်ထွက်သွားလာနေသော သဲတင်ကားများကြပ်မတ်ရေးအစည်းအဝေးကိုပြုလုပ်ခဲ့ရာ စည်းကမ်းဖောက်ဖျက်သော သဲတင်ကားများကို လိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။
**မျိုးဝင်းထွန်း(မုံရွာ)**

# မိုင်းအန္တရာယ်ကာကွယ်ရေး ပစ္စည်းများကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်

**ကလေး မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ရဲတပ်ဖွဲ့ မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများကိုင်တွယ်အသုံးပြုနည်းဆင့်ပွားသင်တန်းအမှတ်စဉ် ၁/၂၀၁၇ သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၆ ရက်က ကလေးမြို့ စုပေါင်းရုံးခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်သင်တန်းသားများ တက်ရောက်ကြပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရွှေဝင်းနှင့်ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ကလေး)မှ စစ်ဦးစီးမှူး ပထမတန်းဒုတိယဗိုလ်မှူးကြီးမင်းသူရွှေတို့က သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။
**ဂျူနိုင်း**






ဆောက်လုပ်ပြီး အသင့်နေနိုင်

AFTER KEY
လစဉ်
20 သိန်းခန့်

အတိုးမယူ
လ60
ငွေချေစနစ်

2-MBR
2-BR

အမှတ် (၁၂၃)၊ ပါရမီလမ်း၊ ပါရမီစိန်ဂေဟာအနီး
11,12-Mar-2017 (၂)ရက်တည်းသာ
အထက်ဖော်ပြပါ လိပ်စာတွင် ရောင်းချမည်။

DEVELOPED BY
i GREEN

# မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများမှ သွယ်ဝိုက်ခွန်ကောက်ခံသည့် အခွန်နှုန်းများ အသိပေးကြေညာခြင်း

၁။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သွယ်ဝိုက်ခွန်များကို ကုန်သွယ်လုပ်ငန်းခွန်(Commercial Tax)/ တန်ဖိုးဖြည့်ခွန် (Value-Added Tax)/ ကုန်စည်နှင့် ဝန်ဆောင်မှုခွန် (Goods and Services Tax) စသည့်စနစ်များဖြင့် ကောက်ခံလျက်ရှိကြပါသည်။ အခွန်ထမ်းမိဘပြည်သူများအနေဖြင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်ကောက်ခံမှုနှုန်းထားများအား သိရှိလေ့လာနိုင်ပါရန် အောက်ဖော်ပြပါအတိုင်း ဖော်ပြအပ်ပါသည်-

**(မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ)**

| စဉ် | နိုင်ငံအမည် | ကုန်သွယ်လုပ်ငန်းခွန်/ တန်ဖိုးဖြည့်ခွန်/ကုန်စည်နှင့် ဝန်ဆောင်မှုခွန် |
|---|---|---|
| ၁။ | မြန်မာ | ၅% |
| ၂။ | ကမ္ဘောဒီးယား | ၁၀% |
| ၃။ | အင်ဒိုနီးရှား | ၁၀ % |
| ၄။ | မလေးရှား | ၆ % |
| ၅။ | ဖိလစ်ပိုင် | ၁၂ % |
| ၆။ | စင်ကာပူ | ၇ % |
| ၇။ | ထိုင်း | ၇ % |
| ၈။ | ဗီယက်နမ် | ၁၀ % |

**(ကမ္ဘာ့နိုင်ငံများ)**

| စဉ် | နိုင်ငံအမည် | ကုန်သွယ်လုပ်ငန်းခွန်/ တန်ဖိုးဖြည့်ခွန်/ကုန်စည် နှင့် ဝန်ဆောင်မှုခွန် |
|---|---|---|
| ၁။ | တရုတ် | ၁၇ % |
| ၂။ | ပြင်သစ် | ၂၀ % |
| ၃။ | ဂျာမနီ | ၁၉ % |
| ၄။ | ဒိန်းမတ် | ၂၅ % |
| ၅။ | အိန္ဒိယ | ၁၄ % |
| ၆။ | ဂျပန် | ၈ % |
| ၇။ | နယူးဇီလန် | ၁၅ % |
| ၈။ | နော်ဝေ | ၂၅ % |

၂။ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်ကောက်ခံမှုနှုန်းထားများအား လေ့လာသုံးသပ်ပါက သွယ်ဝိုက်ခွန်ဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမှုနှုန်းထားသည် မြန်မာနိုင်ငံမှ အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

၃။ ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax)/ တန်ဖိုးဖြည့်ခွန် (Value-Added Tax)/ ကုန်စည်နှင့်ဝန်ဆောင်မှုခွန် (Goods and Services Tax) ကောက်ခံသည့် တစ်ကမ္ဘာလုံး၏ ပျမ်းမျှနှုန်းထားမှာ ၁၅.၅ ရာခိုင်နှုန်းဖြစ်ပါသည်။

၄။ အထက်ဖော်ပြပါ အခွန်နှုန်းထားများကို www.kpmg.com/taxrates တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## မုဒုံမြို့နယ်အသင်း(ရန်ကုန်) ဂုဏ်ပြုသဒ္ဓါပူဇာသဘင် ဖိတ်ကြားလွှာ

၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇ဖြင့် သာသနာတော်ဆိုင်ရာ **'အဂ္ဂမဟာပဏ္ဍိတ'** ဘွဲ့တံဆိပ်တော်ချီးမြှင့်ပူဇော်တော်မူသော မွန်ပြည်နယ် မုဒုံမြို့ မြို့မ(၄)ရပ်ကွက် ဂျုံးဂျုံးကျောတောရပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တကိတ္တိဝဏ္ဏအား မုဒုံမြို့နယ်အသင်း (ရန်ကုန်)က ကြီးမှူး၍ ထပ်ဆင့်ချီးကျူးပူဇော်ပွဲ ဂုဏ်ပြုသဒ္ဓါပူဇာသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။ အသင်းဝင်များ၊ ရန်ကုန်မြို့ရောက် မုဒုံမြို့နယ်သူ မြို့နယ်သားများ၊ တပည့် ဒါယကာ၊ ဒါယိကာမများ ကြွရောက် ကြည်ညိုလှူဒါန်းပူဇော်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**(ဖိတ်စာသီးခြားမပို့ပါ)**

**ကျင်းပမည့်နေ့ရက်** - ၁၃၇၈ ခုနှစ်၊တပေါင်းလပြည့်ကျော်(၂)ရက်၊ ၁၄-၃-၂၀၁၇ (အင်္ဂါနေ့)
**ကျင်းပမည့်အချိန်** - နံနက် (၉)နာရီ
**ကျင်းပမည့်နေရာ** - လောကဝိဒူ(မုဒုံမြို့နယ်အသင်း-ရန်ကုန်)ဓမ္မာရုံ
စွယ်တော်မြတ်စေတီတော်ပရိဝုဏ်
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။

**မုဒုံမြို့နယ်အသင်း(ရန်ကုန်)**
**အလုပ်အမှုဆောင်အဖွဲ့**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ စီမံရေးဦးစီးဌာနနှင့် လုပ်ငန်းဌာနများအတွက် အောက်ဖော်ပြပါ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | မှတ်ချက် |
|---|---|---|
| (၁) | MOEE/LP/COM/T/1(2016-17)<br>Computers and Accessory (46 Nos) | Kyats |
| (၂) | MOEE/LP/COM/T/2(2016-17)<br>Accessories (89 Items)<br>Printer, Copier, Scanner, Fax | Kyats |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၃-၂၀၁၇ရက်
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၂၈-၃-၂၀၁၇ရက်

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၆-၃-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ်(၆)၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပိတ်မည့်ရက်မှာ ၂၈-၃-၂၀၁၇ရက် ၁၂:၀၀နာရီနှင့် တင်ဒါဖွင့်မည့်ရက်မှာ ၂၈-၃-၂၀၁၇ရက် ၁၃:၀၀နာရီတို့ဖြစ်ပါသည်။ အသေးစိတ် သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
ဖုန်း-၀၆၇-၄၁၁၃၃၂၊ ၀၆၇-၄၁၁၄၈၇၊ ၀၆၇-၄၁၁၁၂၁

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ဆေးဝါးလုပ်ငန်းမှ ဆေးဝါးစက်ရုံ(အင်းစိန်) နှင့်ဆေးဝါးစက်ရုံ(အင်ရောင်း)တို့အတွက်ဆေးဝါးကုန်ကြမ်း(၄၇၅)မျိုးအား နိုင်ငံခြားငွေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၈-၃-၂၀၁၇ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၇-၄-၂၀၁၇ရက် ညနေ ၁၆:၀၀နာရီ

၃။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၂၇၆**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနရှိ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲတွင် လိုအပ်လျက်ရှိသော ဂွမ်းမွေးစမ်းသပ်ခန်းသုံး ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၃၁၁၂၆နှင့် ၀၆၇-၄၃၁၁၁၆သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် ပစ္စည်းတစ်ခုချင်းအတွက် ဈေးနှုန်းတင်သွင်းလွှာစတင်ရောင်းချမည့်ရက်** - ၆-၃-၂၀၁၇ရက် နံနက် ၉:၃၀နာရီ
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၁၃-၃-၂၀၁၇ရက် မွန်းလွဲ ၁:၀၀နာရီ

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**စိုက်ပျိုးရေးဦးစီးဌာန**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၂/၂၀၁၇)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေ(MPPE Warehouse Mandalay, Yangon & Nay Pyi Taw)တို့ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| (၁) | Fire Fighting Truck (Water and Foam) | 1 Uint | (MPPE Warehouse Yangon) |
| (၂) | Air Conditioner | 2 Items | (MPPE Warehouse Nay Pyi Taw) |
| (၃) | Fire Extinguisher | 2 Items | (MPPE Warehouse Yangon) |
| (၄) | 600 IGPM Water Pump (Engine Driven) | 2 Nos | (MPPE Warehouse Mandalay) |
| (၅) | Air Compressor (4" ϕ Vertical Type)(2 Cylinder) | 2 Nos | (MPPE Warehouse Mandalay) |
| (၆) | Air Compressor with motor | 1 No | (MPPE Warehouse Yangon) |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၃-၂၀၁၇ ရက်
၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၃-၂၀၁၇ ရက် ၁၂:၀၀ နာရီ
၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**

---

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အနုပညာဦးစီးဌာန
## အနုပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့နှင့်မန္တလေးမြို့များရှိ အနုပညာအထက်တန်းကျောင်းများတွင် (ပထမနှစ်) ပန်းတျာသင်တန်းနှင့် ပန်းချီ၊ ပန်းပုသင်တန်းသို့ တက်ရောက်ရန်အတွက် လျှောက်လွှာများခေါ်ယူလျက်ရှိပါသည်။

၂။ အခြေခံပညာအလယ်တန်း(သတ္တမတန်း)အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပြီး ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုပညာရပ်များအပြင် အခြေခံပညာ(အဋ္ဌမတန်း၊ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း) စာပေပညာများကို ပူးတွဲသင်ကြားခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားလိုသူများသည် အနုပညာဦးစီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် စုံစမ်းမေးမြန်း၍ ၂၈-၄-၂၀၁၇ ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာများ

| | | |
|---|---|---|
| ၁။ | အနုပညာဦးစီးဌာန၊စီမံရေးရာဌာနခွဲ<br>ရုံးအမှတ်(၃၅)၊နေပြည်တော် | ဖုန်း-၀၆၇-၄၀၈၀၃၇ |
| ၂။ | အနုပညာဦးစီးဌာန၊လေ့ကျင့်ရေးနှင့်သုတေသနဌာနခွဲ<br>ရုံးအမှတ်(၃၅)၊နေပြည်တော် | ဖုန်း-၀၆၇-၄၀၈၄၄၃ |
| ၃။ | အနုပညာအထက်တန်းကျောင်း(ရန်ကုန်)<br>အမှတ်(၁၃၁)၊ကမ္ဘာအေးစေတီလမ်း၊ရန်ကုန်မြို့ | ဖုန်း-၀၁-၅၅၅၆၄၂<br>ဖုန်း-၀၁-၅၅၄၆၉၅ |
| ၄။ | အနုပညာအထက်တန်းကျောင်း(မန္တလေး)<br>၂၀ × ၂၂လမ်းကြား၊၆၆လမ်း၊နန်းရှေ့၊မန္တလေးမြို့ | ဖုန်း-၀၂-၆၁၁၆၉ |

---

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျောက်တံခါးမြို့နယ်၊ ဇောဓိကွင်းအုပ်စု၊ ဇောဓိကွင်းကျေးရွာနေ ဦးကိုလေး-နော်နန်းမေထူးတို့၏သမီး နော်သကြ်န်လွင် ၇/ကတခ(နိုင်)၁၇၆၅၇၀သည် မိဘတို့၏ ဆိုဆုံးမမှုကိုမလိုက်နာဘဲ မိမိသဘောဆန္ဒအလျောက် မိဘနေအိမ်မှ ဆင်းသွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ နော်သကြ်န်လွင်နှင့် ပတ်သက်သော ကိစ္စရပ်များအားလုံး မိဘများနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် အကြောင်းတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**မိဘအုပ်ထိန်းသူများ**
**ဦးကိုလေး-နော်နန်းမေထူး**



## မာန်အောင်မြို့နယ်ရှိ လေယာဉ်ကွင်း တိုးချဲ့ရာတွင် နစ်နာသူများနှင့်စပ်လျဉ်း၍ ပေးလျော်ရန် ကျန်ရှိငွေများကို ဘဏ်တွင် စာရင်းဖွင့်အပ်နှံ

ပြည်သူ့လွှတ်တော်၊ စာမျက်နှာ-၆



## မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများ အားလုံး လျှပ်စစ်ဓာတ်အားရရှိရေး ငွေကျပ်သန်းပေါင်း ၅၁၈ ဒသမ ၇၅ သန်း သုံးစွဲမည်

အမျိုးသားလွှတ်တော်၊ စာမျက်နှာ-၆

# AFC Cup ပြိုင်ပွဲ အုပ်စု (H) ဒုတိယပွဲအဖြစ် ထန်ကွမ်နင်နှင့် ရတနာပုံအသင်း ယနေ့ကစားမည်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

**ရန်ကုန် မတ် ၇**

၂၀၁၇ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စု (H) ဒုတိယပွဲအဖြစ် မြန်မာကလပ် ရတနာပုံအသင်းသည် အဝေးကွင်းပွဲစဉ် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ရတနာပုံအသင်းသည် ဗီယက်နမ်ကလပ် ထန်ကွမ်နင်အသင်းနှင့် မတ် ၈ရက်(**ယနေ့**)မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ မိုင်ဒင်းကွင်း၌ ကျင်းပမည်ဖြစ်သည်။

ရတနာပုံအသင်း ပါဝင်သော အုပ်စု (H)တွင် ထန်ကွမ်နင်(ဗီယက်နမ်)၊ ဟုမ်းယူနိုက်တက်(စင်ကာပူ)တို့ ကျရောက်လျက်ရှိပြီး သုံးသင်းသာ ပါဝင်သောကြောင့် အဝေးကွင်းနှစ်ပွဲဆက်တိုက် ကစားရမည်ဖြစ်သည်။ ရတနာပုံအသင်းသည် ဖေဖော်ဝါရီ ၂၂ ရက်က အုပ်စုအဖွင့်ပွဲအဖြစ် စင်ကာပူကလပ် ဟုမ်းယူနိုက်တက်အသင်းကို အောင်သူ၏ သွင်းဂိုးဖြင့် အနိုင်ရထားသည်။

ရတနာပုံအသင်းနှင့် ယှဉ်ပြိုင်မည့် ထန်ကွမ်နင်အသင်းသည် ပထမဆုံးပွဲကစားရခြင်းဖြစ်ပြီး ပြီးခဲ့သည့်ရာသီက V-League ပြိုင်ပွဲတွင် အဆင့်(၄) နေရာရရှိခဲ့သည်။ ထန်ကွမ်နင်အသင်းတွင် ဗီယက်နမ်လက်ရွေးစင်ကစားသမားအချို့ပါဝင်နေပြီး နိုင်ငံခြားသားကစားသမားများလည်း ခေါ်ယူထားသည်။ ရတနာပုံအသင်းသည် အုပ်စုလက်ကျန်ပွဲများအဖြစ် မတ် ၈ ရက်တွင် ထန်ကွမ်နင်အသင်းနှင့် အဝေးကွင်း၊ ဧပြီ ၁၈ ရက်တွင် ဟုမ်းယူနိုက်တက်အသင်းနှင့် အဝေးကွင်း၊ မေ ၂ ရက်တွင် ထန်ကွမ်နင်အသင်းနှင့် အိမ်ကွင်း ပွဲစဉ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ထို့ကြောင့်ရတနာပုံအသင်းသည် နောက်တစ်ဆင့်တက်ရောက်ရန် အဝေးကွင်းပွဲစဉ်များမှာ အရေးပါလာမည်ဖြစ်ပြီး ရလဒ်ကောင်းရန် လိုအပ်နေသည်။ အဝေးကွင်းနှစ်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ပါက ရတနာပုံအသင်း အနေဖြင့် နောက်ဆုံးပွဲ အိမ်ကွင်းတွင် အဆုံးအဖြတ် ဖြစ်လာမည်ဖြစ်သည်။

ယခုပွဲကို MRTV မှ တိုက်ရိုက်ပြသမည်ဖြစ်သည်။



**AFC Cup ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် ရတနာပုံအသင်း**



အင်းတော်ကြီး ရွှေမဥ္ဇူဘုရားပွဲသို့ လာရောက်ကြသူများအား တွေ့ရစဉ်

# အင်းတော်ကြီး ရွှေမဥ္ဇူရေလယ်ဘုရားပွဲကျင်းပ

**ကိုမင်း(အင်းတော်)**

**အင်းတော် မတ် ၇**

နှစ်စဉ်စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိသော အထက်မြန်မာပြည်တွင် အကြီးကျယ်ဆုံးနှင့် တန်ခိုးကြီးလှစွာသော အင်းတော်ကြီး ရွှေမဥ္ဇူ ရေလယ်ဘုရားပွဲတော်ကို တပေါင်းလဆန်း ၈ ရက်မှ တပေါင်းလပြည့်နေ့အထိ (မတ် ၅ ရက်မှ ၁၂ ရက်အထိ) ရှစ်ရက်တိုင်တိုင် ကျင်းပလျက်ရှိရာ ဘုရားပွဲတော် စတင်ကျင်းပသည့်နေ့မှ စ၍ ရပ်နီးရပ်ဝေးမှ လာရောက်ကြသည့် ရဟန်းရှင်လူများဖြင့် အထူးစည်ကားများပြားလျက်ရှိကြောင်း သိရသည်။

သမိုင်းဝင်အင်းတော်ကြီး ရွှေမဥ္ဇူရေလယ်ဘုရားသည် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အလျား ၁၆ မိုင် အနံ ရှစ်မိုင်ကျယ်ဝန်းသည့် မြန်မာနိုင်ငံတွင် အကြီးဆုံး ရမ်ဆာရေတိမ်ဒေသရေအိုင်ကြီး၏ရေလယ်တွင်တည်ရှိပြီး သျှမ်းနီလူမျိုး၊ တိုင်းခမ်းတီး၊ တိုင်းလျှန်၊ တိုင်းကတူး၊ တိုင်းကနန်းလူမျိုးတို့က သမိုင်းဝင်ထင်ပေါ်ကျော်စောသော ရွှေမဥ္ဇူစေတီတော်ရေလယ်ဘုရားကို အင်းကြီး၏အလယ်တွင် တည်ထားကိုးကွယ်ခဲ့ကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ◆

